# EACS

## အရှေ့ အယ်လန်ခရိုင်ကျောင်းများ

## ၂၀၂၀-၂၀၂၁

## ကျောင်းပြန်တက်ခြင်းလမ်းညွှန်

1240 State Road 930 East

New Haven, Indiana 46774

260-446-0100

www.eacs.k12.in.us

www.YouCanDreamItDoIt.com

Facebook ပေါ်တွင် လိုက်(ခ်) လုပ်ပါ

**စိတ်ကူးပါ၊ ပြုလုပ်ပါ**

EACS
EAST ALLEN COUNTY SCHOOLS
DREAM IT. DO IT.

# မာတိကာ

စာမျက်နှာ


| | |
|---|---|
| မာတိကာ | ၂ |
| ကြိုဆိုပါသည် | ၃ |
| ကျောင်းဘုတ်အဖွဲ့ဝင်များ | ၄ |
| မိသားစုပညာရေးဆိုင်ရာအခွင့်အရေးများနှင့်လျှို့ဝှက်ချက်အက်ဥပဒေ(FERPA) | ၅-၆ |
| အထွေထွေတန်းတူရည်တူအခွင့်အရေးနှင့်ခွဲခြားမှုမရှိသောဆက်ဆံရေးဆိုင်ရာကြေညာချက် | ၇-၈ |
| ကျန်းမာရေးဝန်ဆောင်မှုများ၊ အဆောက်အအုံအတွင်းလေထုအရည်အသွေး၊ ပိုးမွှားထိန်းချုပ်ရေး၊အစားအစာဝန်ဆောင်မှု၊ အာမခံ၊ မှတ်တမ်းထုတ်ပြန်ချက် | ၈-၁၄ |
| ကျောင်းသားရပိုင်ခွင့်နှင့်ကာကွယ်မှုများ၊ ကျောင်းသားအပြုအမူဆိုင်ရာစည်းမျဉ်း၊ ဆောင်ရွက်ပုံအဆင့်များ၊ မိဘပါဝင်ဆောင်ရွက်ခြင်းပေါ်လစီ | ၁၅ |
| ရှာဖွေခြင်းနှင့်ဖမ်းဆီးခြင်းပေါ်လစီ/ဆဲလ်ဖုံး-အီလက်ထရောနစ်ပစ္စည်းများပေါ်လစီ | ၄၂-၄၃ |
| အရှေ့အယ်လန်ကောင်တီကျောင်းများ အနိုင်ကျင့်ခြင်း၊ လိင်နှောင့်ယှက်ခြင်း၊လိင်ခွဲခြားဆက်ဆံခြင်းကိုတိုင်ကြားခြင်း ဖောင်ပုံစံ | ၄၄-၅၃ |
| ကျောင်းသားလှုပ်ရှားဆောင်ရွက်မှုဆိုင်ရာစည်းမျဉ်းများ | ၅၄ |
| ကျောင်းဘတ်စ်ကားသယ်ယူပို့ဆောင်ရေးနှင့် ကျောင်းခေါ်ချိန်ပေါ်လစီ | ၅၅-၆၁ |
| ဝေါဟာရအဓိပ္ပါယ်ဖွင့်ဆိုချက်များ | ၆၁-၆၄ |
| အရှေ့အယ်လန်ကောင်တီကျောင်းများမိဘများ၏အပြုအမူများ | ၆၄-၆၅ |
| ပိုးမွှားကာကွယ်ထိန်းချုပ်ရေး မှတ်ပုံတင်လျှောက်လွှာ | ၆၆ |
| ကန့်သတ်ချက်ကိုထုတ်ပြန်သည့်ဖောင်ပုံစံများ | ၆၆-၆၇ |
| မီဒီယာ/သတင်းအချက်အလက်များဖော်ပြခွင့်ပြုသည့်ဖောင်ပုံစံ | ၆၈ |
| ကျောင်းသား/မိဘ အသိမှတ်ပြုသည့်ဖောင်ပုံစံ | ၇၀ |
| ထိခိုက်ဒဏ်ရာရပြီး ခေါင်းထိခိုက်ခြင်းအကြောင်းအရာကိုသိမှတ်သည့်ဖောင်ပုံစံ | ၇၁ |

# EACS အရှေ့အယ်လန်ကောင်တီကျောင်းများသို့ ကြိုဆိုခြင်း

## မိဘများ၊ အုပ်ထိန်းသူများနှင့် ကျောင်းသားများ-

အရှေ့အယ်လန်ကောင်တီကျောင်းများမှ (၂၀၂၀-၂၀၂၁) စာသင်နှစ်သို့ ကြိုဆိုပါသည်! အရှေ့အယ်လန်ကောင်တီကျောင်းများတွင်တက်ရောက်သော ကျောင်းသားများအတွက်ကောင်းသောသင်ယူခြင်းနှစ်ဖြစ်စေရန်ကျွန်ုပ်တို့စီစဉ်နေသည်! ပြီးခဲ့သောနှစ်များအတွင်းကျွန်ုပ်တို့ကျောင်းသားများနှင့်ဝန်ထမ်းများ၏အောင်မြင်မှုအတွက်ကျွန်ုပ်တို့အလွန်ဂုဏ်ယူပါသည်၊ ကျွန်ုပ်တို့ရေိယာများစွာတွင်တိုးတက်မှုရရှိနေသည်! အရှေ့အယ်လန်ကောင်တီအထက်တန်းကျောင်း (၅) ကျောင်း၏အောင်လက်မှတ်များဖြင့်အောင်မြင်ခဲ့ကြပြီး ၎င်းတို့၏ဘဝနောက်တဆင့်အတွက်ပြင်ဆင်ခဲ့ကြသည်၊ ယခုနှစ်တွင် အရှေ့အယ်လန်အသက်မွေးဝမ်းကျောင်းစင်တာကိုဖွင့်လှစ်ဆောင်ရွက်ပေးပြီး အော်တိုမေးရှင်း (Automation) နှင့် ရိုဘော့တစ် (Robotics)၊ ဆောက်လုပ်ရေးဆိုင်ရာကုန်သွယ်ရေး (Construction Trades)၊ ကျန်းမာရေးသိပ္ပံ (Health Sciences)၊ သူနာပြုအကြိုသင်တန်း (Pre-Nursing)၊ ဆေးဝါးဖော်စပ်သည့်ပညာဆိုင်ရာနည်းပညာ(Pharmacy Technology)နှင့် ကုန်ကြမ်းပစ္စည်းမှကုန်ချောပစ္စည်းပြုလုပ်ခြင်း(Precision Machining) စသည့်ပရိုဂရမ်များကိုဖွင့်လှစ်ပေးမည်၊၎င်းနှင့်အတူခရက်ဒစ်၂မျိုးနှင့်အမြောက်အများရရှိနိုင်ပြီး အဆင့်မြင့်နေရာချထားပေးသည့်ဘာသာရပ်များကို ကျွန်ုပ်တို့အထက်တန်းကျောင်းများတွင်ပြုလုပ်ပေးနိုင်ပြီးကျွန်ုပ်တို့ကျောင်းသားများအတွက်အခွင့်အလမ်းများပိုမိုရရှိပြီး၎င်းတို့စိတ်ဝင်စားသည့်အရာကိုသင်ယူနိုင်မည်၊ ကျွန်ုပ်တို့ အရှေ့အယ်လန်ကောင်တီကျောင်းများ(အီးအေစီအက်စ်)တွင် ဘဝများကိုပြောင်းလဲပေးနိုင်ပြီ!

အီးအေစီအက်စ်သည် ကျောင်းသားများအတွက် ပြဿနာများဖြစ်ပေါ်လာပြီးနောက်မှဖြေရှင်းခြင်းထက်ထိုပြဿနာများမဖြစ်အောင်ကြိုတင်ပြင်ဆင်သည့်နည်းဖြင့်ကျောင်းသားများကိုအမြဲအာရုံစိုက်သည့်နည်းများကိုကျွန်ုပ်တို့ယုံကြည်သည်၊ ဤနေရာတွင် အဓိကအချက်တခုအဖြစ်ကျောင်းသားများ၏ အန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေး၊ကြံ့ခိုင်ရေးတို့အတွက်ပံ့ပိုးပေးရန်ဖက်ဒရယ်နှင့်ပြည်နယ်ဥပဒေများကိုလိုက်နာခြင်းတို့ဆက်စပ်ပါဝင်သည်၊ ၂၀၂၀-၂၁ ကျောင်းစာသင်နှစ် လက်စွဲစာအုပ်သည် ***မိသားစုပညာရေးဆိုင်ရာအခွင့်အရေးများနှင့်လျှို့ဝှက်ချက်အက်ဥပဒေ (FERPA)***၊ လမ်းညွှန်စာအုပ်အကြောင်းအရာပေါ်လစီ၊ ဗီဒီယိုရိုက်ကူးခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ လူတွေ့မေးမြန်းချက်များ၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ၊ ကျောင်းဘတ်စ်ကားသယ်ယူပို့ဆောင်ရေးပေါ်လစီများနှင့် ***အရှေ့အယ်လန်ကောင်တီကျောင်းများ၏ (၂၀၂၀-၂၁) ကျောင်းသားများ၏အပြုအမူဆိုင်ရာစည်းကမ်းများအသေးစိတ်အချက်အလက်များ*** ပါဝင်သည်၊

ကျောင်းသားမျာ၏အပြုအမူခြင်းဆိုင်ရာစည်းကမ်းချက်များသည်သင်တို့သိကျွမ်းပြီးသားအကြောင်းအရာတခုဖြစ်ရမည်ဖြစ်ပြီးသင့်ကလေးကိုလဲဝေမျှပါ၊ ဤပေါ်လစီသည် EACS ကျောင်းများအားလုံးတွင် ချမှတ်ပေးသည့် ကောင်းမွန်သော/အပြုသဘောဆောင်သည့်အပြုအမူအကျင့်*စာရိတ္တများဆိုင်ရာကြားဝင်စေ့စပ်ဖြေရှင်းခြင်းများနှင့်ထောက်ပံ့မှုများအစပြုခြင်း(PBIS)* နှင့်တထပ်တည်းတူညီသည်၊ဤစာအုပ်၌ မည်သည့် အကြောင်းအရာများပါဝင်သည့်ကို မသိပါ၊နားမလည်ပါဟုဆိုပြီးအကြောင်းပြချက်သည်ခိုင်လုံမှုမရှိပါ၊ ဆရာများအားလုံးသည်စာသင်ရမည်ဖြစ်ပြီးကျောင်းသားများအားလုံးသင်ယူကြရမည်ဖြစ်ပြီး၊ စာသင်ခန်းများနှင့်ကျောင်းဝန်းကျင်သည်အနှောက်အယှက်ကင်းသည့်သင်ယူမှုနေရာဖြစ်ရမည်၊ကျောင်းသားများ၏အပြုအမူခြင်းဆိုင်ရာစည်းကမ်းချက်များစာအုပ်ကိုသင့်ကလေးနှင့်အတူအချိန်ယူပြီးပြန်လည်ဖတ်ရှုလေ့လာပါ

ဤလက်စွဲစာအုပ်၏အနောက်တွင်ပါဝင်သောဖောင်ပုံစံအချို့ပါဝင်ပြီး၎င်းတို့ကိုပြည့်စုံစွာရေးဖြည့်ပြီး **တနင်္လာနေ့၊ ဩဂုတ်လ (၃၁) ၂၀၂၀** မတိုင်မီ (သို့)ထိုနေ့နောက်ဆုံးထားပြီးကျောင်းသို့ ပြန်ပို့ပါ၊ သင့်တွင်မေးခွန်းရှိလျှင် သင့်ကလေးကျောင်း၏ ရုံးခန်းကိုဆက်သွယ်ပါ၊ ပိုမိုသိရှိလိုသောအချက်အလက်များကိုကျွန်ုပ်တို့ကျောင်းဝက်ဘ်ဆိုက် www.eacs.k12.in.us တွင်ဝင်ရောက်ဖတ်ရှုနိုင်သည်

မတူညီသောပြုလုပ်မှုများပြုလုပ်ဆောင်ရွက်ပါ! အကျိုးရှိပါစေ! ကျောင်းသား၏ပညာရေးကိုတိုးတက်ဖွံ့ ဖြိုးတိုးတက်မှုရှိပါစေ! ကျွန်ုပ်တို့ကျောင်းသားများအတွက်ပညာရေးဝန်ဆောင်မှုများဆောင်ရွက်ပေးရန်ကမ်းလှမ်းပြီးအရှေ့အယ်လန်ကောင်တီကျောင်းများတွင်ကျောင်းသားတိုင်းအတွက်ကျွန်ုပ်တို့တွင်တစုံတခုဆောင်ရွက်ပေးဂုန်ရှိကြောင်းယုံကြည်ပါသည်!ဤနေရာသည် ကျောင်းသားများစိတ်ကူးရန်၊ပြုလုပ်ဆောင်ရွက်နိုင်သောနေရာတခုဖြစ်သည်။ ကျွန်ုပ်တို့ ကျောင်းသို့ တက်သောကျောင်းသားများအတွက်ကျွန်ုပ်တို့ဝန်ထမ်းများကဖြစ်နိုင်သောအကောင်းဆုံးပညာရေးကိုပေးရန်ကမ်းလှမ်းပြီးကျွန်ုပ်တို့၏ အသင်းဝင်/အဖွဲ့ဝင်များအဖြစ်ယခုနှစ်တွင်သင်နှင့်အတူပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်သည်

ကျွန်ုပ်တို့ဆောင်ရွက်နေသည့်အကြောင်းအရာများနှင့်၎င်းတို့ကိုမည်သို့ပိုမိုကောင်းမွန်အောင်ပြုလုပ်သင့်သည်ဆိုသည့်အကြံဉာဏ်များကိုလဲသင့်ထံ မှရရှိရန်ကျွန်ုပ်တို့ စိတ်ဝင်စားနေပါသည်၊ ကျွန်ုပ်တို့ကိုအသိပေးပါ!

ကောင်းသောပညာသင်နှစ်ဖြစ်ပါစေ!

ခင်မင်စွာဖြင့်

*Mrs. Marilyn Hissong*

မစ္စစ် မာရီလင်ဟစ်ဆောင်

စူပါအင်တင်ဒန့်

အရှေ့အယ်လန်ကောင်တီကျောင်းများ

# စိတ်ကူးပါ - ပြုလုပ်ပါ

## ၂၀၂၀-၂၀၂၁ ကျောင်းဘုတ်အဖွဲ့ဝင်များ

1240 State Road 930 East
New Haven, IN 46774

| | |
|---|---|
| Steve Screeton | မြို့နယ် 4E |
| Gayle Etzler | မြို့နယ် 2E |
| Timothy Hines | မြို့နယ် 1R (တခုလုံး) |
| Todd Buckmaster | မြို့နယ် 6R (တခုလုံး) |
| Terry Jo Lightfoot | မြို့နယ် 7E |
| Paulette Nellems | မြို့နယ် 3E |
| Robert Nelson Jr. | မြို့နယ် 5R (တခုလုံး) |

# စိတ်ကူးပါ - ပြုလုပ်ပါ

## မိဘသားစုပညာရေးဆိုင်ရာအခွင့်အရေးများနှင့်လို့ုပုက်ချက်အက်ဉပဒေ (FERPA)

မိဘသားစုပညာရေးဆိုင်ရာအခွင့်အရေးင့်များနှင့်လို့ုပုက်ချက်အက်ဉပဒေ (FERPA) သည်မိဘများနှင့်(ခံစားခွင့်ရှိသော) အသက်(၁၈)နှစ်နှင့်အထက် ကျောင်းသားများ၏တိကျသောအခွင့်အရေးများနှင့်တကွ ကျောင်းသား၏ပညာရေးမှတ်တမ်းများကိုအလေးထားရန်အာမခံထားသည်။ ထိုအခွင့်အရေးများတို့မှာ-

(၁) **ကျောင်းသားပညာရေးမှတ်တမ်းများ စစ်ဆေးရန်နှင့် ပြည်လည်ကြည့်ရှု့ခွင့်တောင်းဆိုချက်ကိုကျောင်းမှလက်ခံရရှိပြီး(၄၅)ရက်အတွင်း-** မိဘ(သို့) အသက်ပြည့်သော ကျောင်းသားများသည် ကျောင်းအုပ်ကြီး (သို့) သင့်လျော်သော ကျောင်းတာဝန်ရှိဝန်ထမ်းထံသို့ကြည့်ရှု့လိုသောမှတ်တမ်းကို စာဖြင့် လျှောက်လွှာတင်တောင်းဆိုရမည်။ ကျောင်းတာဝန်ရှိဝန်ထမ်းသည်မိဘ (သို့) အသက်ပြည့်သောကျောင်းသားအား  မှတ်တမ်းများကို ကြည့်ရှုလေ့လာရန် နေရာနှင့် အချိန်ကို အသိပေးအကြောင်းကြားမည်

(၂) **မိဘများ (သို့) အသက်ပြည့်သော ကျောင်းသားများသည်ကျောင်းသား၏ ပညာရေးမှတ်တမ်း မှားယွင်းနေသည် (သို့) <u>မိဘသားစုပညာရေးဆိုင်ရာအခွင့်အရေးနှင့်လို့ုပုက်ချက်အက် ဉပဒေ (FERPA) အရ ကျောင်းသား၏ လို့ုပုက်ချက်များကိုချိုးဖောက်ခြင်းခံရသည်ဟု ယုံကြည်ပြီး၊ ပြုပြင်ပြောင်းလဲမှုလုပ်ပေးရန်တောင်းဆိုနိုင်ခွင့် -</u>**
မိဘများ (သို့) အသက်ပြည့်သော ကျောင်းသားများကကျောင်းသား၏ ပညာရေးမှတ်တမ်းကိုပြင်ဆင်လိုပါက၊  ကျောင်းအုပ်ကြီး(သို့) သက်ဆိုင်ရာ ကျောင်းတာဝန်ရှိဝန်ထမ်းထံသို့ပြင်ဆင်လိုသောအပိုင်းကိုစာဖြင့်ရှင်းလင်းစွာရေးသားဖေါ်ပြပြီးတောင်းဆိုရမည်၊အကယ်၍ မိဘ(သို့)အသက်ပြည့်သည့် ကျောင်းသားတို့မှ တောင်းဆိုထားသည့်အတိုင်း ကျောင်းမှပြင်ဆင်မပေးနိုင်ကြောင်းဆုံးဖြတ်လျှင် မိဘနှင့် အသက်ပြည့်သော ကျောင်းသားဆုံးဖြတ်ချက်ကိုအသိပေးအကြောင်းကြားပြီးတောင်းဆိုချက်နှင့်ပတ်သက်သော ပြုပြင်ပြောင်းလဲမှုအတွက် ကြားနာစစ်ဆေးခွင့်အတွက်အကြံပြုမည်။ ကြားနာစစ်ဆေးခွင့်ကို မိဘနှင့် အသက်ပြည့်သော ကျောင်းသားအား အသိပေးအကြောင်းသည့် အခါ ကြားနာ စစ်ဆေးခြင်းလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သောအခြားအချက်အလက်များ ပံ့ပိုးပေးမည်။

(၃) **သဘောတူညီချက်မပါပဲထုတ်ဖေါ်ခြင်းကို (FERPA) ခွင့်ပြုချက်မှအတိုင်းအတာတခုမှလွဲ၍၊ ကျောင်းသား၏ပညာရေးမှတ်တမ်းလို့ုပုက်ခွင့် -** ခြွင်းချက်တစ်ခုမှာ ကျောင်းတာဝန်ရှိဝန်ထမ်းသည် တရားဝင်ပညာရေးဆိုင်ရာအကျိုးရလာဒ်အတွက်ဖော်ပြရန် ခွင့်ပြုထားသည် ကျောင်းဝန်ထမ်းတစ်ဦးသည် ကျောင်းကြီးကြပ်ရေးမှူး၊ စီမံအုပ်ချုပ်သူ၊ ဆရာ (သို့) ဝန်ထမ်းအကူ (ကျန်းမာရေးဌာန (သို့) သူနာပြုနှင့် ရဲအရာရှိ၊ ဘတ်စ်ကား သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့် သက်ဆိုင်သည့် သယ်ယူပို့ဆောင်ရေးဌာနမှ ကိုယ်စားလှယ်များအပါအဝင်)၊ ကျောင်းဘုတ်အဖွဲ့ဝင်၊ ကျောင်းနှင့်ပတ်သက်သည့် ပြင်ပကုမ္ပဏီ လူများဖြစ်သည့် (ရှေ့နေ၊ စာရင်းစစ်၊ ကျန်း မာရေး တိုင်ပင်ခံပုဂ္ဂိုလ် သို့မဟုတ် အထူးကု)၊ တရားဝင်ကော်မတီတွင် ပါဝင်သည့် ကျောင်းသား (သို့) မိဘ- ဉပမာ- စည်း ကမ်းရေး ရာ (သို့) နစ်နာရေးကော်မတီ၊ (သို့) မိဘ၊ ကျောင်းသား (သို့)လုပ်အားပေးဝန်ထမ်းများ ဖြစ်သည်။ ကျောင်းဝန်ထမ်းသည် ပညာရေးမှတ်တမ်းများ ပြန်လည်ကြည့်ရှုရန်နှင့် သူ၊သူမ၏ တာဝန်ကို ဆောင်ရွက်ရန် တရားဝင်ပညာရေးဆိုင်ရာအခွင့်ရရှိထားသည်။ တောင်းဆိုချက်လာပါက ကျောင်းသားပြောင်းရွှေ့မည့်ကျောင်းသို့ပညာရေးမှတ်တမ်းများကို ကျောင်းသား၏သဘောတူညီချက်မပါဘဲပေးပို့နိုင်သည် (**မှတ်ချက်**-မိဘသားစုပညာရေးဆိုင်ရာအခွင့်အရေးများနှင့်လို့ုပုက်ချက်အက်ဉပဒေ(FERPA)အရ ကျောင်းသား၏ပညာရေးဆိုင်ရာမှတ်တမ်းကိုတောင်းဆိုခြင်းနှင့်ပနစ်စဉ်အကြောင်းကြားပေးပို့ခြင်းမလုတ်သက်ပြီး မြို့နယ်ကျောင်းရုံးမှ မိဘ(သို) ကျောင်းသားထံသို့ ခိုင်လုံသော ကျိုးစားအားထုတ်မှုဖြင့်အသိပေးရမည်)

(၄) **ကျောင်းမှ မိဘသားစုပညာရေးဆိုင်ရာအခွင့်အရေးများနှင့်လို့ုပုက်ချက်အက်ဉပဒေ (FERPA)ကိုလိုက်နာရန် ပျက်ကွက်မှုများရှိလျှင်၊ အမေရိကန်ပြည်ထောင်စုပညာရေးဌာနသို့ မကြေနပ်ချက်များကို တိုင်ကြားရန် အခွင့်အရေး -**

**FERPA စီမံခန့်ခွဲရုံး၏ အမည်နှင့် လိပ်စာမှာ-**

Family Policy Compliance Office
U.S. Department of Education
400 Maryland Avenue, SW
Washington, D.C. 20202-8520

## မိဘသားစုပညာရေးဆိုင်ရာအခွင့်အရေးများနှင့်လို့ဂုက်ချက်အဥပဒေ (FERPA)
## *လမ်းညွှန်စာအုပ် အကြောင်းအရာ အသိပေးကြေငြာချက်*

*မိဘသားစုပညာရေးဆိုင်ရာအခွင့်အရေးများနှင့် လို့ဂုက်ချက်အက် ဥပဒေ (FERPA) သည်* ဖက်ဒရယ်ဥပဒေမှ သတ်မှတ်ပြဋ္ဌာန်း ချက်များအရ အရှေ့ အယ်လန်ကောင်တီကျောင်းများသည် မိဘအုပ်ထိန်းသူများထံမှ ခွင့်ပြုချက်ရမှသာလျှင်သင့်ကလေး၏ ပညာရေးမှတ်တမ်းများ ထုတ်ပြန်ခွင့်ရှိသည် အရှေ့အယ်လန်ကောင်တီကျောင်းများသည်သင့်လျော်သည့်ရွေးချယ်သောလမ်းညွှန်စာအုပ်အကြောင်းအရာများကို စာဖြင့်ရေးသားသဘောတူညီ ချက်မပါဘဲထုတ်ပြန်နိုင်သည်၊လမ်းညွှန်စာအုပ်၏အဓိကရည်ရွယ်ချက်မှာ အရှေ့ အယ်လန်ကောင်တီကျောင်းများ ထုတ်ဝေသည့် ဂျာနယ်စာစောင်များတွင်သင့်ကလေး၏ ပညာရေးမှတ်တမ်းများကိုထဲ့သွင်းရန်ဖြစ်သည်၊ ဥပမာ-

- သင့်ကျောင်းသား၏ ပြဇာတ်ပြုစုရေးသားတင်ဆက်ပြသခြင်း
- နှစ်ပတ်လည် စာအုပ် (yearbook)
- ပညာရေးထူးချွန်မှု (သို့) အခြားအောင်မြင်မှု အသိအမှတ်ပြုစာရင်းများ
- ကျောင်းဆင်းပွဲ အခမ်းအနားများနှင့်
- အားကစား လုပ်ဆောင်ချက်များ (ဥပမာ-နဘမ်းလုံးခြင်း၊ အလေးမခြင်းနှင့် အဖွဲ့ဝင်များ အရပ်၊ အမြင့်)

လမ်းညွှန်စာအုပ်သည်ပုဂ္ဂလိကကိုယ်ပိုင်အကြောင်းများကိုဖော်ပြသည့်စာအုပ်မဟုတ်သည့်အတွက်ယေဘုယျအားဖြင့်ထိုစာအုပ်တွင်ဖော်ပြခြင်း ဖြင့်ထိခိုက်နစ်နာစေခြင်း (သို့) လို့ဂုက်ချက်ကိုဖောက်ဖျက်ခြင်းမဟုတ်ဟုစဉ်းစားသတ်မှတ်သည့်အတွက်၊ မိဘ၏သဘောတူညီချက်ကို စာဖြင့် ကြိုတင်မရရှိသော်လည်း ပြင်ပအဖွဲ့အစည်းများသို့ ထုတ်ပြန်ပေးနိုင်သည်၊ ပြင်ပအဖွဲ့အစည်းများဆိုရာတွင်အတန်းတံဆိပ်လိုဂိုဖြင့်ပြုလုပ်ပေးသော လက်စွပ်ကုမ္ပဏီ (သို့) နှစ်ပတ်လည်စာအုပ်များပုံနှိပ်ထုတ်လုပ်သည့် ကုမ္ပဏီများဖြစ်သည်။ ထို့အပြင်ဖက်ဒရယ်ဥပဒေ နှစ်ခုတို့မှ ပြည်နယ်အတွင်း *(မူလတန်းနှင့် အလယ်တန်းအက်ဥပဒေ -၁၉၆၅) (ESEA)*အစစ်သားစုဆောင်းရေးဌာန၏တောင်းဆိုချက်အရ ကျောင်းသားများ၏အမည်၊လိပ်စာ၊ ဖုန်းနံပါတ်များ(**မိဘများကငှင်းတို့ကလေး၏ သတင်းအချက်အလက်များကိုထုတ်ဖော်ခွင့်မပြုရန် LEA ကိုစာဖြင့်ကြိုတင်အသိပေးထားသည်မှအပ**) ထုတ်ဖော်ပေးခွင့် ရှိပါသည်။

အကယ်၍ အရှေ့အယ်လန်ကောင်တီကျောင်းများကိုသင့်ကလေး၏ သတင်းအချက်အလက်များကိုမိဘ၏ခွင့်ပြုသဘောတူညီချက်ကိုစာဖြင့်ရေးသား ခွင့်ပြုချက်မရလျှင်ထုတ်ဖော်ခွင့်မပြုလိုပါကစက်တင်ဘာလ (၃၀) ရက်မတိုင်မီမြို့နယ်သို့အကြောင်းကြားပါ။ အရှေ့အယ်လန်ကောင်တီကျောင်းများ မှ ထုတ်ပြန်သောကျောင်းသား၏ သတင်းအချက်အလက်များမှာ-

ကျောင်းသားအမည်- တရားဝင် အသိအမှတ်ပြုသည့် အားကစားနှင့် လှုပ်ရှားမှုများတွင်ပါဝင်ရန်-လိပ်စာ၊ ပါဝင်သော အားကစားအဖွဲ့ဝင်၏ ခန္ဓာကိုယ်အလေးချိန်နှင့် အရပ်၊ တယ်လီဖုန်းစာရင်း- ဒီဂရီများ၊ ရရှိသည့်ထူးချွန်ဆုများ၊အီးမေးလ်၊ ဓါတ်ပုံ၊ မကြာခင်က တက်ရောက်ခဲ့သည့် ပညာရေး (သို့) အဖွဲ့အစည်းများ၊ မွေးနေ့နှင့် မွေးသောနေရာ၊ကျောင်းသားမှတ်အိုင်ဒီ၊ အသုံးပြုသည့်အိုင်ဒီ (သို့) ထူးခြားသည့်အခြားကိုယ်ရေးရာဇဝင်၊ သင်ကြားနေသည့် အဓိကဘာသာရပ်တွင်နေ့စဉ်အဆက်အသွယ်ပြုလုပ်သည့် အီလက်ထရောနစ်ဆက်သွယ်မှုစနစ်အရ သိရှိနိုင်သည့် ကျောင်းခေါ်ချိန်၊ (PIN ပင်နံပါတ်မလိုဘဲကြည့်နိုင်သည့် ပညာရေးမှတ်တမ်း)ဂရိတ်/အဆင့် (password)၊ (ကျောင်းသား၏ ဆိုရှယ်နံပါတ် အချို့(သို့) အပြည့်အစုံကို -ဤရည်ရွယ်ချက်အရ မသုံးနိုင်ပါ)

ဤဥပဒေများသည် စာပိုဒ်အမှတ်(၉၅၂၈)၌ မူလတန်းနှင့် အလယ်တန်းပညာရေးဆိုင်ရာအက်ဥပဒေ(၂၀ ယူအက်စ်စီ ၇၉၀၈) နှင့်(၁၀ ယူအက်စ်စီ ၅၀၃) (စီ) တွင်လည်း ပြင်ဆင်ထားပါသည်။

## အထွေထွေတန်းတူရည်တူအခွင့်အရေးနှင့် ခွဲခြားမှုမရှိသောဆက်ဆံရေး ထုတ်ပြန်ကြေငြာချက်

အရှေ့အယ်လန်ကောင်တီကျောင်းများတွင်တန်းတူအခွင့်အရေးများ ပေးသည့်ပေါ်လစီများ ချမှတ်ထားသည်၊ဘာသာရပ်များအားလုံးကို လူမျိုး၊ အသားအရောင်၊ ကျား/မ၊ ကိုယ်ခန္ဓာသန်စွမ်းမှု၊ မူရင်းနိုင်ငံသား (သို့) အင်္ဂလိပ်စကားကျွမ်းကျင်စွာပြောနိုင်မှုပေါ်မူတည်ခြင်းမရှိပဲ ကျောင်းသင်ရိုးညွှန်းတမ်း၌ ပါဝင်သောဘာသာရပ်များအားလုံးကို တန်းတူသင်ယူခွင့်ရှိသည်၊ ထို့အပြင် ကျောင်းဝန်ထမ်းများသည်လဲ အထက်ဖေါ်ပြပါအချက်များအတိုင်း တန်းတူ အခွင့်အရေးများဖြင့် လူမျိုး၊ အသားအရောင်၊ကျား/မ၊ ကိုယ်ခန္ဓာသန်စွမ်းမှု၊ မူရင်းနိုင်ငံသား (သို့) အင်္ဂလိပ်စကား ကျွမ်းကျင်စွာပြောဆိုနိုင်မှုပေါ်တွင် မူတည်ခြင်းမရှိပဲ နှောင့်ယှက်မှုကင်းရှင်းသည့် ပတ်ဝန်းကျင်များ ဖန်တီးထားသည်၊ ပိုမိုသိလိုသောအကြောင်းအရာများ ၊ တိုင်ကြားချက်များ (သို့) ရှင်းလင်းစွာသိလိုပါက အရှေ့အယ်လန်ကောင်တီကျောင်းများသို့ အောက်ပါလိပ်စာဖြင့် မေးမြန်းဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်- East Allen County Schools
1240 State Road 930 East
New Haven, IN 46774
Telephone: (260) 446-0100

## တန်းတူရည်တူအခွင့်အရေးရပိုင်ခွင့်ဆိုင်ရာကြေညာချက်

အရှေ့အယ်လန်ကောင်တီကျောင်းများသည်လုံခြုံသောသင်ယူမှုနှင့် ဝန်ထမ်းများအားလုံးကျောင်းကော်မြူနတီအတွင်းအနေ ရယ်ကင်းစွာအလုပ်လုပ်ကိုင်နိုင်ပြီး ဂုဏ်သိက္ခာနှင့် လေးစားမှုများဖြင့် နေထိုင်လုပ်ကိုင်နိုင်ရန်သံဓိဌာန်ချမှတ်ပုံ့ပိုးသည်၊ အီးအေစီအက်စ်ကျောင်းများတွင်ခွဲခြားဆက်ဆံခြင်းနှင့်နှောက်ယှက်ဆွဲဆောင်ခြင်းများကို ဘာသာ၊လူမျိုး၊ အသားအရောင်၊ကျား/မ၊ ကိုယ်ခန္ဓာသန်စွမ်းမှု၊ မူရင်းနိုင်ငံသား (သို့) အင်္ဂလိပ်စကားမကျွမ်းကျင်မှုနှင့်အခြားသောထူးခြား/သိသာထင်ရှားသောလက္ခဏာများကို ဖက်ဒရယ်ဥပဒေ၊ ပြည်နယ်နှင့်ဒေသဆိုင်ရာခွဲခြားဆက်ဆံမှုမရှိသည့်သင်ကြားမှုနှင့်လုပ်ငန်းခွင့်လုံခြုံရေးအတွက်ကာကွယ်ထားသည်၊အီးအေစီအက်စ်သည် ဘွိုင်းစကောက် (Boy Scouts)နှင့်အခြားသတ်မှတ်ထားသော (youth groups)လူငယ်အုပ်စုများတွင်တန်းတူရည်တူအခွင့်အရေးဖြင့်ပါဝင်ခွင့်ရှိသည်၊ ကျောင်းသားတဦးချင်းတို့ မတူညီသည့်အတွက် ဖြစ်နိုင်ခြေရှိသောသတ်မှတ်ထားသောအဆင့်အရတိုးတက်မှု နှင့် အောင်မြင်မှုတို့အတွက်တူညီသောအခွင့်အရေးရှိသည်၊ ပိုမိုသိလိုသောအကြောင်းအရာသတင်းအချက်အလက်၊ ရှင်းလင်းချက်များနှင့် တိုင်ကြားလိုမှုများအတွက်မိဘများသည်အောက်ဖော်ပြပါလူပုဂ္ဂိုလ်နှင့် ဌာနတို့ကိုဆက်သွယ်ပါ

**၁၉၇၃ ခုနှစ် ၊ ပြန်လည်ထူထောင်ရေးအက်ဥပဒေ၊ စာပိုဒ်(၅၀၄) နှင့်ပတ်သက်၍မေးမြန်းလိုလျှင်-**
Connie Brown ၊ **ညွှန်ကြားရေးမှူး၊ အရှေ့အယ်လန်ကောင်တီကျောင်းများ**
Park Hill Learning Center, 1000 Prospect Avenue, New Haven, IN 46774
cbrown@eacs.k12.in.us (260) 446-0100 **လိုင်းခွဲ** - 3109

**မသန်မစွမ်းသူများ ပညာရေးအက်ဥပဒေ (IDEA) နှင့်သက်ဆိုင်သည့်အကြောင်း မေးမြန်းလိုလျှင်**
Connie Brown, **ညွှန်ကြားရေးမှူး, အရှေ့အယ်လန်ကောင်တီကျောင်းများ**
Park Hill Learning Center, 1000 Prospect Avenue, New Haven, IN 46774
cbrown@eacs.k12.in.us (260) 446-0100 **လိုင်းခွဲ** - 3109

**(၁၉၇၂) ပညာရေး ပြုပြင်ပြောင်းလဲမှုအက်ဥပဒေအောက်မှ တန်းတူရည်တူဆက်ဆံရေး/အဆင့်အတန်းမခွဲခြားရေးနှင့်နေရာထိုင်ခင်းနှင့်သက်ဆိုင်သည်မေးခွန်းနှင့်ပတ်သက်၍ မေးမြန်းလိုလျှင်**
Tina Grady, လူမှုဝန်ဆောင်ရေး ညွှန်ကြားရေးမှူး, အရှေ့အယ်လန် ခရိုင်ကျောင်းများ
Administration Building 1240 State Rd. 930 E., New Haven, IN 46774
tgrady@eacs.k12.in.us (260) 446-0100 **လိုင်းခွဲ** - 1009

**မိသားစုပညာရေးဆိုင်ရာ အခွင့်အရေးနှင့်လျှို့ဝှက်ချက်အက်ဥပဒေ (FERPA) နှင့်ပတ်သက်၍ မေးမြန်းလိုလျှင်**
Michelle Wenglikowski ၊ ကျောင်းသား ထောက်ပံ့ရေး ညွှန်ကြားရေးမှူး၊ အရှေ့အယ်လန်ကောင်တီကျောင်းများ
Park Hill Learning Center, 1000 Prospect Avenue, New Haven, IN 46774
mwenglikowski@eacs.k12.in.us (260) 446-0100 လိုင်းခွဲ - 3151

**တန်းတူရည်တူအလုပ်လုပ်ပိုင်ခွင့်အခွင့်အရေးများ (တိုင်တယ် (၇) ပြည်သူ့အခွင့်အရေးအက်ဥပဒေ)အကြောင်း မေးမြန်းလိုလျှင်၊**
Tina Grady, လူမှုဂန်ဆောင်ရေး ညွှန်ကြားရေးမှူး, အရှေ့အယ်လန် ခရိုင်ကျောင်းများ
Administration Building 1240 State Rd. 930 E., New Haven, IN 46774 (260) 446-0100 ext. 2002

**၁၉၇၂ခုနှစ်၊တိုင်တယ်(၉) ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့် တိုင်တယ်(၇) ပြည်သူ့အခွင့်အရေးအက်ဥပဒေနှင့် လိင်နှောက်ယှက် ခြင်းအကြောင်း မေးမြန်းလိုပါလျှင်**
Tina Grady ၊ လူမှုရေးဂန်ဆောင်မှုများဌါန ညွှန်ကြားရေးမှူး၊ အရှေ့အယ်လန်ကောင်တီကျောင်းများ
Administration Building, 1240 SR 930 E., New Haven, IN 46774
tgrady@eacs.k12.in.us (260) 446-0100 **လိုင်းခွဲ** - 1009

**ကျောင်းသား လိင်ဆွဲဆောင်နှောင့်ယှက်ခံရခြင်း (သို့) အနိုင်ကျင့်ခံရခြင်းအကြောင်းမေးမြန်းလိုပါလျှင်**
Doug Goeglein၊ **ကျောင်းလုံခြုံရေး စီစဉ်ညွှန်ကြားမှူး, အရှေ့အယ်လန်ကောင်တီကျောင်းများ**
Administrative Annex, 800 Homestead Drive, New Haven, IN 46774
dgoeglein@eacs.k12.in.us (260) 446-0100)**လိုင်းခွဲ** - 3206

**လွတ်လပ်စွာသတင်းအချက်အလက်ထုတ်ဖော်ခွင့်အက်ဥပဒေအရ ပြည်သူလူထု မှတ်တမ်းများအကြောင်းမေးမြန်းလိုလျှင်**
Tamyra Kelly, Public Relations Liaison, **အရှေ့အယ်လန်ကောင်တီ ကျောင်းများ**
Administration Building, 1240 SR 930 E., New Haven, IN 46774
tkelly@eacs.k12.in.us (260) 446-0100 **လိုင်းခွဲ** - 1050

**ပိုးသတ်ဆေး လျှောက်လွှာ အကြောင်း မေးခွန်းများရှိလျှင် (357 IAC 1-16-18)**
ပိုးသတ်ဆေး အကြောင်းကြားချက် မှတ်ပုံတင် စာရင်းသွင်းလိုလျှင် ကျေးဇူးပြု၍ ကျောင်းအုပ်ကြီး (သို့) အားကစားညွှန်ကြားရေးမှူးသို့ ဆက်သွယ်ပါ။ မှတ်ပုံတင်ပြီးသည့် မိဘများအား ကျောင်းတွင် ပိုးသတ်ဆေးထည့်မည့်အချိန်မတိုင်မီ (၄၈)နာရီအတွင်းအကြောင်းကြား မည်။

**အရှေ့ အယ်လန်ကောင်တီကျောင်းများ ခေါင်းထိခိုက်၍သတိလစ်ခြင်း ညွှန်ကြားချက်များ အတွက် မေးမြန်းလိုပါလျှင် ကျန်းမာရေးဌာန ကျန်းမာရေးဂန်ဆောင်မှုများပူးပေါင်းဆောင်ရွက်ရေးမှူး၊ အရှေ့အယ်လန်ကောင်တီကျောင်းများ**
Abby Koroncevicius, Health Services Coordinator, East Allen County Schools
Administrative Annex, 800 Homestead Drive, New Haven, IN 46774 ၊ (260) 446-0100 **လိုင်းခွဲ** -7008
**အထက်ဖော်ပြသော ပုဂ္ဂိုလ်များထံ ဆက်သွယ်ပြီးဖြေရှင်းရန်ကျန်ရှိသော ပြဿနာများ ရှိသေးလျှင်အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်သည်**

Marilyn Hissong, Superintendent of Schools, East Allen County Schools
**ကျောင်းအုပ်ချုပ်ရေးမှူးကြီး၊ စူပါအင်တင်ဒင့်၊ အရှေ့အယ်လန် ကောင်တီကျောင်းများ**
Administration Building, 1240 SR 930 E., New Haven, IN 46774 (260) 446-0100 **လိုင်းခွဲ** - 1001

## ကျန်းမာရေးဂန်ဆောင်မှုများ

ကျန်းမာရေးဌာနတို့၏ ရည်ရွယ်ချက်မှာ ဆရာဂန် အစားထိုးရန် မဟုတ်ပါ။ မိဘများအနေဖြင့် ဖျားနာသည့်ကလေးကို ကျောင်းသို့မပို့ ကြရန် သတိပြုပါ။ ကလေး၏လှုပ်ရှားမှုများဆောင်ရွက်မှုများ (သို့) အထူးပညာရေးဆိုင်ရာအစီအစဉ်အတွက်၊ ကျန်းမာရေးဆိုင်ရာစိုးရိမ်မှုများ ကြောင့် နေရာထိုင်ခင်းလိုအပ်ကြောင်းအသိပေးပြောဆိုရန် မိဘ၊ အုပ်ထိန်းသူတို့၏ တာဂန်ဖြစ်ပါသည်။ မိဘ၊ အုပ်ထိန်းသူများကိုခေါ်ဆိုနိုင်သည့်အိမ်ဖုန်း၊ အလုပ်ဖုန်းနှင့် အရေးပေါ်ဖုန်းနံပါတ်များကို ကျောင်းသို့ပေးထားရမည်၊ **ကျောင်းတွင် ဖျားနာခြင်း (သို့) အရေးပေါ်ဖြစ်၍** ပေးထားသည့် ဖုံးနံပါတ်များကို ဆက်သွယ်၍မရပဲ၊ ပြင်းထန်သည့် အရေးပေါ်ဆေးကုသ ခြင်းခံယူရန်လိုအပ်ပြီး၊ ကျောင်းမှဆောင်ရွက်နိုင်သည်ထက်ကျော်လွန်သွားပါက အရေးပေါ်ကယ်ဆယ်ရေးအတွက် ကလေးကို အနီးဆုံး ဆေးရုံသို့ အရေးပေါ်ကားဖြင့် ခေါ်ဆောင်သွားလိမ့်မည်။

### (က) ကာကွယ်ဆေးများ

အင်ဒီးယားနားကျောင်းဥပဒေအရ ကျောင်းမဖွင့်မီ တစ်ရက်အလိုတွင် မိဘ၊ အုပ်ထိန်းသူများအနေဖြင့် ကာကွယ်ဆေးမှတ်တမ်းများကို ကျောင်းသို့ ပို့ပေးကြရန်၊ တောင်းဆိုထားပါသည်။ ၄င်းတို့ထဲမှ မှတ်တမ်းတစ်ခုခုဖြစ်သည့်-ဆရာဂန် ထိုးပေးခဲ့သော ထိုးဆေးများနှင့် ထိုးဆေးပေးသည့် နေ့ရက် မှတ်တမ်း၊ မိဘတို့မှ သိမ်းစည်းထားသည့် ထိုးခဲ့သောကာကွယ်ဆေးနှင့် နေ့ရက်များ၊ ယခင် အခြားကျောင်းမှ ကာကွယ်ဆေးမှတ်တမ်းများ ၊ ဆရာဂန်(သို့)ကျန်းမာရေးဌါနမှ ကျန်းမာရေးအတွက် ရက်ချိန်းစာရွက်မှတ်တမ်း တို့ဖြစ်ပါသည်

ကာကွယ်ဆေး အချက်အလက်များပေးရန် ပျက်ကွက်လျှင်၊ ကျောင်းသားသည် ကျောင်းမှ ထုတ်ပယ်ခြင်း ခံရလိမ့်မည်။ ၎င်းအချက်အလက်များမှ လိုက်နာရမည့်အရာများကိုဖြည့်စွက် ဆောင်ရွက်ခြင်းအားဖြင့်၊ ချမှတ်ခြင်းခံရသည့် ဤထုတ်ပယ်မှုမှ ရပ်တန့် ပေးလိမ့်မည် ။ တောင်းဆိုထားသည့် ကာကွယ်ဆေး အရေအတွက်များကို ကျောင်းဝင်ရောက်မည့် အတန်း/ဂရိတ်အရ အောက်တွင် ဖော်ပြ ပေးထားပါသည်

| | | |
|---|---|---|
| အသက် (၃)နှစ်မှ (၅)နှစ်အထိ (မူကြို) | 3 Hep B (Hepatitis B)- အသဲရောင်အသားဝါ (ဘီ) (၃ကြိမ်)<br>4 DTaP (Diphtheria,Tetanus & Pertussis) -ဆုံဆို့နာ၊ မေးခိုင်ရောဂါ၊ ကြက်ညှာချောင်းဆိုး(၄ကြိမ်)<br>3 Polio (Inactivated Polio)- ပိုလီယို (၃ကြိမ်)<br>1 MMR (Measles, Mumps & Rubella)- ဝက်သက်၊ ပါးချိတ်ရောင်ခြင်း၊ မှက်ခရု(၁ကြိမ်)<br>1 Varicella (Chicken Pox)- ရေကျောက်-(၁ကြိမ်)<br>2 Hepatitis A - အသဲရောင်အသားဝါ (အေ)(၂ကြိမ်) | |
| သူငယ်တန်းမှ (၅)တန်း | 3 Hep B- အသဲရောင်အသားဝါ (ဘီ) (၃ကြိမ်)<br>5 DTaP- ဆုံဆို့နာ၊ မေးခိုင်ရောဂါ၊ ကြက်ညှာချောင်းဆိုး (၅ကြိမ်)<br>4 Polio- ပိုလီယို (၄ကြိမ်) | 2 MMR- ဝက်သက်၊ ပါးချိတ်ရောင်ခြင်း၊ မှက်ခရု (၂ကြိမ်)<br>2 Varicella- ရေကျောက်-(၂ကြိမ်)<br>2 Hep A (Hepatitis A)- အသဲရောင်အသားဝါ (အေ) (၂ကြိမ်) |
| (၆)တန်းမှ(၁၁)တန်း | 3 Hep B- အသဲရောင်အသားဝါ (ဘီ) (၃ကြိမ်)<br>5 DTaP- ဆုံဆို့နာ၊ မေးခိုင်ရောဂါ၊ ကြက်ညှာချောင်းဆိုး (၅ကြိမ်)<br>4 Polio- ပိုလီယို (၄ကြိမ်) | 2 MMR- ဝက်သက်၊ ပါးချိတ်ရောင်ခြင်းမှက်ခရု (၂ကြိမ်)<br>2 Varicella- ရေကျောက်-(၂ကြိမ်)<br>2 Hep A*- အသဲရောင်အသားဝါ (အေ) (၂ကြိမ်) |
| (၁၂) တန်း | 3 Hep B- အသဲရောင်အသားဝါ (ဘီ) (၃ကြိမ်)<br>5 DTaP-ဆုံဆို့နာ၊ မေးခိုင်ရောဂါ၊ကြက်ညှာချောင်းဆိုး(၅ကြိမ်)<br>4 Polio- ပိုလီယို (၄ကြိမ်)<br>2 MMR- ဝက်သက်၊ ပါးချိတ်ရောင်ခြင်း၊ မှက်ခရု(၂ကြိမ်) | 2 Varicella- ရေကျောက်-(၂ကြိမ်)<br>1 Tdap (Tetanus & Perussis)- ဆုံဆို့နာ၊ မေးခိုင်ရောဂါ၊ ကြက်ညှာချောင်းဆိုး (၁ကြိမ်)<br>2 MVC4 (Meningococcal)- ဦးနှောက်အမြှေး ရောင်ရောဂါကာကွယ် ဆေး (၂ကြိမ်)<br>2 Hep A- အသဲရောင်အသားဝါ (အေ) (၂ကြိမ်) |

ဘာသာရေး ယုံကြည်မှုဖြင့် ကာကွယ်ဆေး ကန့်ကွက်သည့် ကျန်းမာရေးအခြေအနေများအတွက် ပြည်နယ်မှ လိုအပ်ချက်များ ဖြစ်သည့် **ကာကွယ်ဆေးထိုးရန် ကန့်ကွက်သည့်လျှောက်လွှာ (IMMUNIZATION OBJECTION)(Hs-1a)** ကိုဆရာဝန် လက်မှတ်ထိုးပြီး နှစ်စဉ်ပေးအပ်ရမည်။ အကယ်၍ ကျောင်း၌ ကူးစက်ရောဂါဖြစ်ပွားပြီး၊ သင့်ကလေးသည် လိုအပ်သော ကာကွယ်ဆေးမထိုးထားလျှင်သူ/သူမကိုကျောင်း မှထုတ်ပယ်မည်

## (ခ) ဆေးများ

ကျောင်းတွင်ဆေးပေးခြင်း၏ရည်ရွယ်ချက်မှာကျောင်းသား၏ ပညာရေး အစီအစဉ်ကိုအနှောက်အယှက်မဖြစ်စေရန်နှင့် ကျောင်းသားသည်၎င်း၏ကန်းမာရေးအခြေအနေကို ထိန်းသိမ်းနိုင်ရန် ကူညီခြင်းဖြစ်သည်။ ဆေးဝါး (ဆရာဝန်ပေး သည့်ဆေးများ၊ဆေးဆိုင်မှဆရာဝန်လက်မှတ်မပါဘဲဝယ်ယူသော ဆေးများနှင့် (သို့) အဟာရ အစားထိုးသည့် ဆေးဖက်ဝင်အားဆေး အဆီများ) ကျောင်းသားသောက်ရ မည့်ဆေးများကို အိမ်၌ သောက်သင့်ပါသည်။ မိဘ၊ အုပ်ထိန်းသူ အနေဖြင့် ဆေးသောက်ရန် အချိန်ကို ကျောင်းချိန်လွတ်သည့်အချိန်များကိုစီစဉ်သင့်သည်၊ စာသင်ချိန်အတွင်းသောက်သုံးရမည့်ဆေးများကိုကျောင်းသား၏ ပညာရေးအစီအစဉ်ကိုအနှောက်အယှက်မဖြစ်ရန်ပေးခြင်းဖြစ်သည်။

အကယ်၍ မဖြစ်မနေကျောင်းတွင်သောက်ရမည့်ဆေးကို အရှေ့အယ်လန်ကောင်တီကျောင်းများမှ သူနာပြု(သို့) လေ့ကျင့်ထားသောကျန်းမာရေးစောင့်ရှောက်မှုအကူ (HA) (သို့) လိုင်စင် မရသေးသည့်အကူဝန်ထမ်း(UAP)က ကျောင်းချိန်အတွင်း ဆေးပေးရန် ဖော်ပြပါလမ်းညွှန်ချက် (၁-၉) အတိုင်း လိုက်နာရမည်၊၎င်းရည်ရွယ်ချက်မှာ ကျောင်းတွင်ဆေးများပေးသည့်အကြိမ်နည်းပါးရန်ဖြစ်ပြီး ကျောင်းသားများလိုအပ်သောဆေးကိုထိရောက်ပြီးအန္တ ရယ်ကင်းအောင်စီမံနိုင်ရန်ဖြစ်သည်၊**ကျောင်းသား ဆေးသောက်ရန် ခွင့်ပြုချက်** (Hs-5) ကို မိဘ၊အုပ်ထိန်းသူတို့မှ ဖြည့်စွက်ရမည် **ကျောင်းသားဆေးသောက်ရန် ခွင့်ပြုချက်** (Hs-5) **နှင့်အရှေ့အယ်လန်ကောင်တီကျောင်းများ၏ ဆေးဝါးပေါ်လစီ** အပြည့်အစုံကိုကျောင်းသူနာပြုထံနှင့်၊ EACS ဝက်ဘ်ဆိုက်ကျန်းမာရေးဌာန စာမျက်နှာအောက်တွင် တွေ့နိုင်သည်

၁။ ကျောင်းတက်ချိန်အတွင်း သောက်ရမည့် ဆေးပမာဏကိုသာ ကျောင်းသို့ပို့ပေးပါ။

၂။ ဆေးများ၊ ကျောင်းသို့ကောင်းမွန်စွာ ရောက်ရှိရန်၊ မိဘ၊အုပ်ထိန်းသူတို့မှ၊ တရားဝင်တာဝန်ယူလက်ခံပေးပါ။

၃။ ကျောင်းသားများသည် (ဆရာဝန်ညွှန်ကြားသောဆေးများ၊ဆေးဆိုင်မှဝယ်ယူသောဆေးများ နှင့်(သို့) အစားထိုးသည့်ဆေးဖက်ဝင်ဖြည့်စွက်အစာ/ဆေးများ-အဆီများ) -ကျောင်းသူနာပြုထံမှ ခွင့်ပြုချက် ကြိုတင် မရရှိပဲ **မည်သည့် ဆေးမျှယူဆောင်လာခွင့်မရှိပါ၊** ဆေးများအားလုံးကို ကျောင်းဆေးခန်းတွင် သိမ်းထားရမည်။ ဤပေါ်လစီကို ချိုးဖောက်လျှင်ကျောင်းစည်းကမ်းအရအရေးယူခံရမည်။

၄။ ကျောင်းသားများကို ကာကွယ်စောင့်ရှောက်ရန် ကျောင်းသူနာပြု RN မှ အတည်ပြုမှတ်တမ်း ပြုလုပ်ပြီးမှသာလျှင်၊ ဆေးများကို ကျောင်းတာဝန်ရှိသူမှ၊ ဆေးပေးနိုင်ပါလိမ့်မည်။

၅။ ဆရာဝန်ပေးသောဆေးဗူးများ အပေါ်တွင် ကျောင်းသားအမည်နှင့်အတူ ဆေးဋါနတံဆိပ်ပါ ရှိရမည်။ ဆေးဆိုင်တံဆိပ်သည်ဆရာဝန်ပေးသည့် ဆေးညွှန်းစာရွက်အဖြစ် အကျုံးဝင်ပါသည်။

၆။ ဆေးဆိုင်တွင်ဝယ်ယူနိုင်သော ဆေးများ တိုင်လနော်ရ် နှင့် အက်ဒ်ဗေရ် များကို အိမ်မှ ပေးပို့ရမည်၊ဆေးဆိုင်မှ ဝယ်ယူသည့်ဆေးများကို မူရင်းဆေးဗူးဖြင့် သိမ်းထားရန်နေရာအကန့်အသတ် မရှိသည့်အတွက် ဗူးသေးများသာ ပို့ပေးပါ။ ဆေးဆိုင်မှဝယ်ယူသည့်ဆေးများကို ဗူးပေါ်တွင် ဖေါ်ပြထားသည့်သတ်မှတ်ချက်နှင့် အကြိမ်အရေအတွက်အတိုင်းပေးမည်၊ ဆေးဆိုင်မှ ဝယ်ယူသည့်ဆေးများကိုကျောင်းသူကျောင်းသူနာပြုဆရာမက စစ်ဆေးပြီးမှ လိုင်စင်မရှိသည့် အမှုထမ်းမှ ပေးမည်၊**အရှေ့အယ်လန်ကောင်တီကျောင်း ဆေးခန်းများတွင် ဆေးဆိုင်တွင်  ရနိုင်သည့်ဆေးများကို လုံးဝ သိမ်းစည်းထားခြင်း မရှိပါ။**

၇။ ဆရာဝန်မှ ပေးသည့် ဆေးများကဲ့သို့ ဆေးဖက်ဝင် အားဆေးများ/အဆီများ ကို မှားယွင်းစွာ သုံးစွဲလျှင် အန္တရာယ်ရှိနိုင်သည်။ ထို့ကြောင့် ကျောင်းတာဝန်ခံများသည် ကျောင်းသား၏ ဆရာဝန်နှင့် မိဘ၊ အုပ်ထိန်းသူတို့မှ **ဆေးဖက်ဝင်သော အားဆေး /အဆီများ သောက်သုံးခွင့်ပြုစာရွက်** (Hs-5a)ကို လက်မှတ်ထိုးပြီး၊ ကျောင်းဆေးခန်းမှတ်တမ်းတွင်ထားရှိပြီးဆေးဖက်ဝင်အားဆေးများ တိုက် မည်ဖြစ်သည်။

၈။ အရေးပေါ်အခြေအနေအတွက် ဆေးများ (ရင်ကြပ်ခြင်း၊ ပျားတုပ်ခြင်း၊ ဆီးချိုရောဂါ၊ မတည့်သည့်အစာများစားခြင်း အစရှိ သ၍) များကို ဆေးခန်းတွင်ထားရှိလိမ့်မည်။ မိဘ/အုပ်ထိန်းသူနှင့် ဆရာဝန်ထံမှ ခွင့်ပြုချက် ရရှိမှသာလျှင်၊ ကျောင်းသားများ အနေဖြင့် အရေးပေါ်ဆေးများကို အတန်းထဲတွင် သောက်ခွင့်/ထိုးခွင့်/ထားခွင့်ရှိသည်။ ကျောင်းသား/သူအနေဖြင့် နာတာရှည် (သို့) အသည်းအသန်ရောဂါ အခြေအနေအတွက် သောက်ရမည့်ဆေးများ၊ ကျောင်းသား/သူ ကိုယ်တိုင် ဆေးသောက်နည်း ကို လေ့ကျင့်ထားခြင်းနှင့်၊ ရောဂါ အခြေအနေ ပြင်းထန်မှုကြောင့် အရေးပေါ်ဆေးများ သောက်သုံးရခြင်းအချက်များကို ဆရာ ဝန်အနေဖြင့် ရေးသားဖော်ပြ ပေးရမည်။ မိဘ၊အုပ်ထိန်းသူနှင့် ဆရာဝန်ထံမှ ခွင့်ပြုချက် အထောက်အထား စာတမ်းကို ကျောင်းသား၏ ကျောင်းအုပ်ထံသို့ နှစ်စဉ် တင်ရမည်။ သင့်တင့်သော ကျောင်းအမှုထမ်းမှ ကျောင်းတွင် ကျောင်းသားအတွက် အန္တရာယ်ကင်းရန်နှင့် ကျောင်း၌ချက်ချင်း ကုသမှုရရှိရန် အသိပေးသွားမည်။

၉။ ကျောင်းတက်ရက်(နှစ်)အတွင်း ဆေးများကို အိမ်သို့ပို့ရန် တောင်းဆိုချက်များမှာ - မိဘအုပ်ထိန်းသူများထံမှ (ရေးသားထားသည့် တောင်းဆိုချက်ဖြစ်သော)လိုအပ်သည့် ခွင့်ပြုချက်စာ (၁) ကျောင်းသား၏မိဘ (က) (သို့) အသက် (၁၈)နှစ်ပြည့်သူနှင့်ကျောင်းသား၏ မိဘ/အုပ်ထိန်းသူထံမှ ဆေးရရှိရန် ခွင့်ပြုထားသူ (ခ) (သို့) အကယ်၍ မိဘ/အုပ်ထိန်းသူထံမှ ခွင့်ပြုချက်စာ၌ ပါရှိသည့်အတိုင်းကျောင်းသားနှင့်ဆေးပြန်ပို့မည်

၁၀။ နှစ်ကုန်ဆုံး၍ ကျောင်းပြီးသည့်အခါ၌ မည်သူမှ မလာယူသော လက်ကျန် ဆေးဝါးများကို ဖျက်ဆီးပြစ်မည်

## (ဂ) ကျောင်းတွင်ဖျားနာခြင်း နှင့် ထိခိုက်ဒဏ်ရာရခြင်း

အခြားသူတို့၏ကျန်းမာရေးအတွက်၊ မိမိကလေးသည် နံနက်ပိုင်းတွင် ကိုယ်အပူချိန် ၉၉ ဒီဂရီ (သို့) နေ့လည်ပိုင်း အဖျား(၁၀၀) ဒီဂရီ အထက်ရှိခြင်း အော့အန်ခြင်း နှင့်(သို့) ဝမ်းလျှောခြင်း၊ ယားနာခြင်း၊ ရေကျောက် (သို့) ဗက်တီးရီးယား (မျက်စိနာခြင်း၊ အနာစက်၊ ပွေးရောဂါကဲ့သို့ ) ကူးစက်ရောဂါများ  (သို့) အပူရှိသည်/မရှိသည်သော်လည်း ဖျားနာပုံပေါက်လျှင်၊ သင့်ကလေးကို၊ ကျောင်းသို့မခေါ်လာသင့်ပါ။ ကျောင်း၌ထိခိုက်ဒဏ်ရာရလျှင်ဖြစ်ပွားသည့်အကြောင်းရင်းနှင့် ခန့်မှန်းခြေဖြစ်နိုင်သည့်အခြေအနေကို မိဘများသိရှိရန်၊ ရိုးရိုးရှေးဦးသူနာပြုစုခြင်းထက်လိုအပ်ပါကမိဘများကို ဖုန်းဆက်သွယ်ခြင်း သို့မဟုတ် စာဖြင့် အကြောင်းကြားပါမည်။

ဖျားနာသောကျောင်းသူ/သားများ (အဖျားရှိခြင်း၊ အော့အန်လျှင်၊ ဆိုးဆိုးရွားရွားဝမ်းသွားလျှင်၊ သို့မဟုတ် ကျောင်းသူနာပြု ဆုံးဖြတ် ချက်အရ) ဘတ်စ်ကားဖြင့် အိမ်သို့မပို့ဆောင်ပါ။ မိဘ (သို့) သက်ဆိုင်ရာသူအား အကြောင်းကြား၍ လာကြိုရန် ဆက်သွယ်ပါလိမ့်မည်။

**ကျောင်းပြန်လာတက်ခြင်းပေါ်လစီ**-ကလေးများသည် ဆေးမသောက်ပဲ (၂၄)နာရီအတွင်း အဖျားလက္ခဏာမရှိသည်အထိ အိမ်၌ ထားသင့်သည်။ မျက်စိနာရောဂါကြောင့်၊ ကျောင်းပျက်ကွက်လျှင် ဆရာဝန်နှင့် ပြရမည်ဖြစ်ပြီး၊ ရောဂါပိုးသတ်ဆေးဝါး ကုသမှုခံယူပြီး (၂၄) နာရီပြီးနောက်၊ ကျောင်းသို့ ပြန်တက်နိုင်ပါသည်။ ယားနာခြင်းအများစုမှာကူးစက်သဖြင့် ရောဂါစစ်ဆေးခြင်း နှင့် ကုသခြင်းခံယူရန်နှင့် ဆရာဝန်နှင့်ပြသရန်တိုက်တွန်းသည်

## (ဃ) ပြည်နယ်မှ ပြဒါန်းထားသည့် ဥပဒေအရ ကျန်းမာရေး စစ်ဆေးမှု

အင်ဒီးယားနားဥပဒေအရ အရှေ့အယ်လန်ကောင်တီကျောင်းများမှကျောင်းသားများအား အမြင်အာရုံနှင့် အကြားအာရုံကိုနှစ်စဉ်စစ်ဆေးပေးသည်သည်။ သူငယ်တန်း၊ ပထမတန်း၊ တတိယတန်း၊ ပဉ္စမတန်း၊ အဌမတန်းနှင့်အခြား အမြင်အာရုံချို့ ယွင်းသည်ဟု သံသ ရရှိသည့် ကျောင်းသားများကို အမြင်အာရုံစစ်ဆေးခြင်းပြုလုပ်ပေးမည်ဖြစ်ပြီး၊ ပထမ၊ စတုတ္ထ၊ သတ္တမနှင့် ဒသမတန်းများ၊ အခြားမှပြောင်းလာသည့် ကျောင်းသားများနှင့်

အခြားအကြားအာရုံချို့ယွင်းသည်ဟု သံသရရှိသော ကျောင်းသားများကိုအကြားအာရုံစစ်ဆေးရမည်။ မိဘများအနေဖြင့်ဘာသာရေးအရစစ်ဆေး ခြင်းတခုခု (သို့) အားလုံးကိုကန့်ကွက်သည်။ ကန့်ကွက်လိုပါက နှစ်စဉ်၊ ကန့်ကွက်သူမှ ၊လက်မှတ်နှင့် ရက်စွဲကိုစာဖြင့်ရေးပြီးစက်တင်ဘာပထမ အပတ်၊သောကြာနေ့ မတိုင်မီ ကျောင်းအုပ်ကြီး (သို့) ကျောင်းသူနာပြုထံသို့ ပေးပို့ရမည်။

## (င) ခေါင်းတွင်သန်းရှိခြင်း

ခေါင်းတွင်သန်းရှိခြင်းသည် ရောဂါသယ်ဆောင်ခြင်း မဟုတ်ပဲ စိတ်ငြိုငြင်ဖွယ်ရာဖြစ်သည်။ ပညာသင်နှစ် တစ်လျှောက်လုံးတွင်၊ မိဘ များအားလုံး အိမ်၌ ကလေးများ၏ ခေါင်း၌ သန်းကင်းရှင်းရန် စစ်ဆေးပေးသင့်ပါသည်။ ခေါင်းတွင်သန်းများတွေ့ရှိလျှင်၊ အရှေ့အယ်လန်ကောင်တီကျောင်းများ၏ အစီအစဉ်အဆင့်များမှာ-

၁။ မိဘ၊အုပ်ထိန်းသူများကို ကျောင်းသား၊သူအား လာကြိုရန် အကြောင်းကြားခြင်း

၂။ ကျောင်းဂန်ထမ်း (သို့)သူနာပြု မှ တွေ့ရှိသော ခေါင်းသန်း (သို့) သန်းဥများကို မိဘ၊အုပ်ထိန်းသူအား ပြလိမ့်မည်။

၃။ မိဘ၊အုပ်ထိန်းသူ၏ တောင်းဆိုချက်အပေါ်၊ ကျောင်းဂန်ထမ်း (သို့) သူနာပြုများမှ တစ်ခြား မိသားစုဂင်များအား ခေါင်းသန်း ကိုစစ်ဆေးပါလိမ့်မည်။ ကျောင်းသူနာပြုမှ စစ်ဆေးသင့်သည့် တစ်ခြား ဆက်သွယ်သည့်သူများ အတန်းဖော်များ (အတန်းတူပြီး တစ်နေ့လုံး သို့မဟုတ် အချိန် အတော်များများတွင် ကျောင်းသားနှင့်အတူ တွဲလုပ်ဆောင်သည့်အုပ်စု) များတို့ကိုလည်း စစ်ဆေးလိမ့်မည်။

၄။ သန်းရှိသည့် ကလေးများအား အိမ်တွင် ကုသပေးသင့်ပြီး သန်းကာကွယ်သည့် ခေါင်းလျှော်ရည်ကို ညွှန်ကြားသည့်အတိုင်း <u>သို့မဟုတ် ဆရာဂန် ညွှန်ကြားသည့်အတိုင်း ပြုလုပ်ပေးရမည်။</u>

*၅။ နောက်တစ်နေ့ ကျောင်းတက်ရက်တွင် မိဘ/အုပ်ထိန်းသူမှ ကျောင်းသားနှင့်အတူတကွ လာရမည်။ ကျောင်းသူ နာပြုမှ ကလေးခေါင်းသန်း များ ကင်းရှင်းကြောင်း ပြန်လည်စစ်ဆေးခြင်း ပြီးသည်အထိ မိဘ၊အုပ်ထိန်းသူသည်၊ ကျောင်းတွင်စောင့်ရမည်။*

(FERPA) အရ အရှေ့အယ်လန်ကောင်တီကျောင်းများမှ ခေါင်းတွင်သန်းရှိသည့် ကျောင်းသားသတင်းအချက်အလက်ကိုအတန်းတွင်း (သို့) အတန်းလိုက် အခြားကျောင်းသားများ၏ မိဘ/အုပ်ထိန်းသူများအားဖော်ထုတ်ပြောဆိုမည်မဟုတ်ပါ

## (စ) ကြမ်းပိုးများ

ကြမ်းပိုးများသည် အနောက်အယှက်ဖြစ်စေပြီး၊ ရောဂါကူးစက်စေတတ်သောပိုးမွှားအဖြစ် မသိရပါ။ ကြမ်းပိုးကို အကယ်၍ကျောင်းသားကိုယ်ပေါ်၌ (သို့) ၄င်းပစ္စည်းများထဲတွင်တွေ့လျှင်ထိုကျောင်းသား၏ပစ္စည်းများအားလုံးကို စစ်ဆေးသည်၊ ကျောင်းသား၏ကိုယ်ပိုင်ပစ္စည်းများ၊စာအုပ်အိတ်အပါ အဂင်၄င်းတို့ကို အမှိုက်အိတ်ကြီးအသစ်တခုထဲသို့ (သို့) ဇစ်ပါသည့် အိတ်ကြီးထဲသို့ထဲ့ထားပြီးကျောင်းဆင်းသည့်အခါ အိမ်သို့ယူသွားရမည်၊မိဘများ ကိုသင်တို့၏ကလေးထံမှ ကြမ်းပိုးတွေ့ရှိကြောင်းအသိပေးပြီး၊လိုင်စင်ရှိကျွမ်းကျင်သူဖြင့် စစ်ဆေးရန်အကြံပြုမည်

## (ဆ) ကိုယ်ဂန်ဆောင်ခြင်း

ကိုယ်ဂန်ရှိကျောင်းသူများ သားမဖွားမီနှင့် မီးဖွားပြီးနောက်ပိုင်း အချိန်များအထိ၄င်းတို့ပညာရေးအတွက်ကျောင်းဆက်တက်ရန် တိုက်တွန်းသည် အင်ဒီးယားနားပြည်နယ် ကျန်းမာရေးဌာန၏သည့် စည်းမျဉ်းများအရ ကျောင်းတွင်ကိုယ်ဂန်ရှိ ကျောင်းသူများသည်၄င်းတို့၏ဆရာဂန်ထောက်ခံစာ ကိုကျောင်းအကြံပေးအရာရှိ(သို့) ကျောင်းသူနာပြုထံသို့ပေးအပ်ရမည်။

၁။ ကိုယ်ဂန်ရှိကြောင်း အတည်ပြုချက်စာရွက်စာတမ်းများ

၂။ အနားယူရမည့်နေ့ရက်အတွက် မှတ်တမ်းများ

၃။ သာမန် ကျောင်းလုပ်ဆောင်မှုများတွင် ပူးပေါင်းပါဂင်ခြင်းကြောင့် မိခင် (သို့) ကလေးအတွက် အန္တရာယ်မရှိကြောင်းအတည်ပြုချက်များ

၄။ အခြား သက်ဆိုင်ရာ သီးသန့် ကန့်သတ်ချက်များ ဖေါ်ပြသည့်စာရင်းမှတ်တမ်းများ

အချို့သော ကျောင်းလုပ်ရှားမှုတွင် ပါဂင်နိုင်ရန် ဆရာဂန်ထံမှခွင့်ပြုချက် ထောက်ခံစာလည်း လိုအပ်မည်

## (ဇ) ဦးနှောက် အမြှေးပါးရောင်ရောဂါ (MENINGOCOCCAL DISEASE)

ဦးနှောက်အမြှေးရောင်ရောဂါ တစ်မျိုးသည် *Neisseria meningitidis* ဟုခေါ်သည့် ဘက်တီးရီးယားရောဂါပိုးမှ ဖြစ်ပေါ်စေပါသည် ဤဘက်တီးရီးယားမှ ဖြစ်စေသည့် ရောဂါကူးစက်မှုသည် ဆိုးရွားပြီး အသက်ဆုံးရှုံးသည်အထိဖြစ်နိုင်သည်။ *Neisseria meningitidis* မှ ဖြစ်စေသည့် ရောဂါကူးစက်မှု၏ လက္ခဏာများမှာ အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ဇက်ကြောတက် (ဇက်ခိုင်ခြင်း)၊ မူးခြင်း ၊ တွေဝေခြင်းနှင့် ကိုယ်ခန္ဓာယားယံခြင်းများ ဖြစ်သည်။ ဤရောဂါသည် အချိန်တိုအတွင်း ရောဂါပြင်းထန်လာတတ်ပြီး နားမကြားခြင်း (နားလေးခြင်း)၊ ဉာဏ်နှောင့်နေး နေးခြင်း၊ ခြေလက်များဆုံးရှုံးခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်စေနိုင်သည်။ ဤရောဂါပိုးသည်တဦးမှတဦးထံသို့နှာခေါင်းနှင့်လည်ချောင်းတို့မှ ထွက်သောအရည်များမှသော်လည်းကောင်း၊ နမ်းရှုပ်ခြင်း (သို့) အတူတကွ အသုံးပြု သည့် အိုးခွက်ပန်းကန်တို့မှတဆင့် ကူးစက်ပြန့်ပွါးနိုင်သည် ရောဂါပိုးသည် ရိုးရိုးသာမန်ထိတွေ့မှု၊ သို့မဟုတ် ဦးနှောက်အမြှေးရောင် ရောဂါရှိသူထံမှ အသက်ရှုထုတ်လိုက်သည့် လေတို့မှတဆင့် မကူးစက်နိုင်ပါ။

ဆယ်ကျော်သက်နှင့် လူငယ်များတွင်၊ ၄င်းရောဂါပိုးကို ကာကွယ်နိုင်သော ကာကွယ်ဆေး (Menactra နှင့် Menveo) နှစ်မျိုးရှိသည်။ အမေရိကန်ပြည်ထောင်စု ရောဂါတားဆီးရေးနှင့် ကာကွယ်ရေးဌါနမှ အသက် (၁၁-၁၂) နှစ်ကလေးအား ၊ meningococcal ကာကွယ်ဆေးထိုး ရန်နှင့် အသက်(၁၆)နှစ်တွင်၊ ဆေးစွမ်းမြင့်တင်ရန် အကြံပြုတိုက်တွန်းပါသည်။ အသက်(၁၆) နှစ်၌ဆေးစွမ်းမြင့်တင်ခြင်းဖြင့်အထက်တန်းကျောင်းအရွယ်ကျော်လွန်သွားသည်အထိ ထိုရောဂါအား ဆက်လက်ခုခံ ကာကွယ်နိုင်မည်။

အင်ဒီးယားနားပြည်နယ်မှ (၆-၁၂) တန်းကျောင်းသူ-သားများအားလုံး သင့်တင့်မျှတသော Meningococcal Conjugateကာကွယ်ဆေးထိုးကြရန် တောင်းဆိုထားပါသည်။ ထိုကာကွယ်ဆေး ပထမအကြိမ်ကို(၆-၁၁) တန်းကျောင်းသားအားလုံးထိုးရန်လိုသည်။ ဆေးစွမ်းမြင့်တင်ပေးမည့် ဒုတိယအကြိမ် ကာကွယ်ဆေးကို (၁၂) တန်း၌ တက်ရောက်သော ကျောင်းသားများအားလုံးထိုးရန်လိုသည်၊ကျောင်း၌ ပညာသင်ခွင့်ရရန်ဤကာကွယ်ဆေးများထိုးရန်လိုအပ်ကြောင်း (အင်ဒီးယားနား စီမံခန့်ခွဲရေးဆိုင်ရာ ဥပဒေပုဒ်မ 410 ၊AC 1-1-1) မှတရားဝင်ဆိုသည်

လက်ရှိ (၆-၁၂) ကျောင်းသားအားလုံး ၄င်းတို့၏ကျောင်းမှတ်တမ်းထဲ၌ လက်ခံနိုင်သော တောင်းဆိုထားသည် ကာကွယ်ဆေးစာ ရွက်စာတမ်းများရှိရမည်။ လက်ခံနိုင်သော မှတ်တမ်းတို့မှာ၊ ကလေးကျန်းမာရေးစောင့်ရှောက်သူ ဆရာဝန်မှ ထိုးပေးလိုက်သည့် ကာ ကွယ်ဆေး အမည်သော်၄င်း နေ့ရက်နှင့်၊ (CHIRP) ဟုခေါ်သော ပြည်နယ်ကာကွယ်ဆေးထိုး စာရင်း မှတ်တမ်းသော်၄င်း (သို့) အခြားကျောင်းမှ ကာကွယ်ဆေးထိုးခဲ့ကြောင်း ဖေါ်ပြသည့် စာရွက်စာတမ်းများ ပါဝင်သည်။

ဤကာကွယ်ဆေးကို ပြည်နယ်အတွင်း ကျန်းမာရေးဌါနနှင့် ပုဂ္ဂလိက ဆေးခန်းများတွင်လည်း ထိုးနိုင်ပါသည်။
သင့်ကလေးအတွက်၊ သီးသန့်ညွှန်ကြားမှုများနှင့် ပတ်သက်၍၊ ကျေးဇူးပြုပြီး မိမိကျန်းမာရေးစောင့်ရှောက်သူ ဆရာဝန်အား ဆက်သွယ်ပါ။

ဦးနှောက်အမြေးရောင်ရောဂါနှင့် ပတ်သက်ပြီးပိုမိုသိလိုသောအချက်အလက်များရှိလျှင်အောက်ပါဝက်ဆိုက်တို့တွင်တွေ့ရှိနိုင်ပါသည်-

- အင်ဒီးယားနားပြည်နယ်ကျန်းမာရေးဌါန
  The Indiana State Department of Health http://www.in.gov/isdh/25455.htm
- ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌါနများ
  http://www.cdc.gov/vaccines/vpd-vac/mening/default.htm

## (၈) လိင်ပိုင်းဆိုင်ရာ ကာလသား ရောဂါ (Human Papillomavirus) HPV

သင်တို့၏ကလေးအရွယ်ရောက်သည့်အခါကင်ဆာရောဂါနှင့်ကာလသားရောဂါ (HPV) ကိုကာကွယ်နိုင်သည့်ကာကွယ်ဆေးအကြောင်းအင်ဒီးယားနားကုဒ်ဥပဒေ (၂၀-၃၄-၄-၃)အရ အင်ဒီးယားနားကျန်းမာရေးဌာနမှပံ့ပိုးပေးရမည်ဟုဆိုသည်၊ နှစ်စဉ်နှစ်တိုင်း (HPV)ကြောင့်ကင်ဆာရောဂါအမျိုးအစားသစ် (၂၆၀၀၀)ဖြင့် အမျိုးသမီးများနှင့်အမျိုးသားများတွင်ဖြစ်ပွားနေသည်၊ (HPV) သည်လိင်ဆက်ဆံရာမှကူးစက်သောရောဂါဖြစ်ပြီးလိင်အင်္ဂါအရေပြားမှတဆင့် ကူးစက်ပြန့်ပွားသည်၊ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌါနများမှ (CDC) ဆန်းစစ်လေ့လာချက်အရ(HPV) သည် လိင်ဆက်ဆံမှုအများဆုံးရှိသူတိုင်းတသက်တွင်တခါထိုရောဂါ ခံစားရကြောင်း ထုတ်ပြန်ကြေငြာခဲ့ပါသည်။(HPV) အများစုမှာမည်သည့်ရောဂါလက္ခဏာမှမဖေါ်ပြပဲ အလိုလို ပျောက်သွားတတ်သော်လဲအမျိုးသမီးများအတွက်ထိုရောဂါပိုး ကူးစက်သည့်အခါ သားအိမ်ခေါင်း ကင်ဆာရောဂါကိုဖြစ်စေနိုင်သည်။ အခြားသော ပါးစပ်နှင့် လိင်အင်္ဂါပိုင်းဆိုင်ရာကင်ဆာရောဂါများလဲအမျိုးသမီးနှင့် အမျိုးသားများတွင် ဖြစ်ပွါးနိုင်သည်။

ကာကွယ်ဆေးထိုးခြင်းသည် (HPV) ရောဂါကူးစက်ခြင်းနှင့် နောင်အခါတွင် ဖြစ်လာနိုင်သည့် ဆက်စပ်မှုရှိသော ကင်ဆာဖြစ်ပွါးခြင်းတို့မှ ကာကွယ်ရန်အကောင်းဆုံးနည်းလမ်း တစ်ခုဖြစ်သည်။ (CDC) ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌါနမှ ၄င်း၊ American Academy of Pediatrics မှ၄င်း၊ American Academy of Family Physicians နှင့် American College of Physicians များတို့မှ အသက်(၁၁)(သို့) (၁၂) နှစ်ရှိ ယောကျ်ားလေးနှင့် မိန်းကလေးများအားလုံး ကာကွယ်ဆေးထိုးသင့်သည်။ ၄င်းအသက်အရွယ်၌ ကာကွယ်ဆေးထိုးခြင်းဖြင့်ရောဂါပိုးကူးစက်ခြင်း၊ဖြစ်ပွားခြင်းကို လူငယ်တို့အရွယ်မရောက်မီကာကွယ်ပေးနိုင်သည်၊ ထိုကာကွယ်ဆေးသည် ငယ်သောသူတို့၏ကိုယ်ခံအားပိုမိုကောင်းမွန်စွာထုတ်လုပ်ပေးနိုင်ကြောင်း ကျွန်ုပ်တို့ သိရှိရသည်၊ (HPV) ရောဂါကူးစက်ခြင်းကို ကာကွယ်ရန် ကာကွယ်ဆေးနှစ်မျိုးရရှိနိုင်သည်။ (HPV) ကာကွယ်ဆေးကို(၆)လအတွင်း(၃) ကြိမ်ထိုးပေးပြီးထို(၃)ကြိမ်လုံးထိုးရန် အရေးကြီးသည်၊ (HPV) ကိုအခြားကာကွယ်ဆေးများနှင့်အတူတစ်ပြိုင်နက်ထိုးလျှင်အန္တ ရာယ်မရှိပါ၊ လူငယ်နှင့် လူကြီးများသည် အသက်(၂၆)နှစ်အထိ ထိုကာကွယ်ဆေးကို ထိုးနိုင်သည်။

(HPV) ကာကွယ်ဆေးသည် အန္တရာယ်မရှိပဲ အာနိသင် အလွန်ထက်မြက်ပါသည်။ ကာကွယ်ဆေးနှစ်မျိုးလုံးသည် (HPV) အမျိုးအစား (၁၆ နှင့် ၁၈) ကို ကာကွယ်တားဆီးရန် ကမ်းလှမ်းထားပါသည်။ ကာကွယ်ဆေးသည် (HPV) အမျိုးအစားများထဲမှ ဖြစ်စေသည့် သား အိမ်ခေါင်းကင်ဆာစတင်ဖြစ်ပေါ်ခြင်းကို(၉၃%)ကာကွယ်နိုင်သည်။ ကာကွယ်ဆေးများထဲမှ တစ်မျိုးသည် လိင်အင်္ဂါ နှင့်၄င်း၏ဝန်းကျင်၌ဖြစ်တတ်သောကြွက်နို့(warts)ကိုကာကွယ်ပေးပါသည်။ထို ကာကွယ်ဆေးသည် (HPV) ကိုကာလအတော်ကြာကြာကာကွယ် ပေးနိုင်ကြောင်းဖော်ပြထားပြီးလေ့လာချက်များအရ အနည်းဆုံး(၈) နှစ်အထိ အာနိသင်ရှိကြောင်း ဖေါ်ပြထားသည်။ ၄င်းကာလနောက်ပိုင်းတွင်အာနိသင် လျော့နည်းသွားကြောင်းအထောက်အထားမတွေ့ရှိပါ၊၄င်းကာကွယ်ဆေးများကို လုံခြုံမှုအတွက် သေချာလေ့လာစစ်ဆေးခဲ့သည်၊ကာကွယ်ဆေးထိုးပြီးမူးမေ့ခြင်းမှ ကာကွယ်ရန် လူငယ်လူရွယ်များ အနေဖြင့် ကာကွယ်ဆေးထိုးပြီးလျှင် (၁၅) မိနစ် လဲလျောင်း၄င်း၊ထိုင်၍၄င်း နားသင့်ပါသည်။

သားအိမ်ခေါင်းကင်ဆာဖြစ်စေခြင်းကို (HPV)ကာကွယ်ဆေးဖြင့် မကာကွယ်နိုင်ပါ။ အမျိုးသမီးများသည် ပုံမှန်သားအိမ်ခေါင်းကင်ဆာစစ်ဆေးခြင်း (Pap test) လုပ်ရန် အရေးကြီးသည်၊ ပုံမှန်မဟုတ်သောအဖြေအတွက်ထပ်မံစစ်ဆေးခြင်းပြုရန် အရေးကြီးသည်၊(Pap test) သားအိမ်ခေါင်းကင် ဆာ ဆန်းစစ်ခြင်းသည်သားအိမ်ခေါင်းထဲမှ ပုံမှန်မဟုတ်သော ဆဲလ်များတွေ့ရှိနိုင်၍ကင်ဆာမဖြစ်မီ ၎င်းကို ကြိုတင်ဖယ်ရှားနိုင်မည်ဖြစ်သည်။ အခြားကိုယ်ခန္ဓာ အစိတ်အပိုင်းများ၌ (HPV) စစ်ဆေးတွေ့ရှိရန် လက်ရှိအခြေအနေတွင် စစ်ဆေးဆန်းသပ်ခြင်း မရှိသေးပါ။

(HPV) ကာကွယ်ဆေးအကြောင်းနှင့် ပတ်သက်၍ မေးခွန်းများရှိလျှင်သင်တို့၏ကျန်းမာရေးစောင့်ရှောက်သူကို ဆက်သွယ်ပါ။
အင်ဒီးယားနားပြည်နယ် ကျန်းမာရေးကာကွယ်ဆေးအစီအစဉ်ဌာနကို (၈၀၀)၇၀၁-၀၇၀၄ သို့ဆက်သွယ်စုံစမ်းနိုင်သည်
(HPV) နှင့်ကာကွယ်ဆေးများနှင့်ပတ်သက်ပြီး အသေးစိတ်အကြောင်းအရာများအတွက် အောက်ဖေါ်ပြပါဝက်ဆိုက်များတွင်ဝင်ရောက်လေ့လာပါ။

Centers of Disease Control and Prevention (CDC) HPV website: http://www.cdc.gov/std/hpv/default.htm
CDC HPV Vaccine website: http://www.cdc.gov/vaccines/vpd-vac/hpv/
Immunization Action Coalition (IAC) HPV website: http://www.vaccineinformation.org/hpv/

1 http://www.cdc.gov/hpv/whatishpv.html
2 http://www.cdc.gov/std/HPV/STDFact-HPV.htm
3 https://www.2.aap.org/immunization/illness/hpv/hpv.html

## အဆောက်အဦးအတွင်း လေထုအရည်အသွေးစမ်းသပ်ထိန်းသိမ်းခြင်း [IAQ]

အရှေ့အယ်လန်ခရိုင်ကျောင်းများသည် သင့်ကလေး၏ကျန်းမာရေးကို ကာကွယ်ပေးရန် အရေးကြီးသည့် အချက်များ အသိပြုမိပါသည်။ ထိုအတွက်ကြောင့် အရှေ့အယ်လန်ကောင်တီကျောင်းများသည် မြို့နယ်အတွင်းလိုက်နာရန် အဆောက်အဦးတွင်းလေထုအရည်အသွေး စမ်းသပ်ထိန်းသိမ်းခြင်းပေါ်လစီများကို ရွေးချယ်ထားပါသည်။ မြို့နယ်အတွင်း ဆောင်ရွက်မှုပြဌာန်းချက်များမှာ- ၁) (ပညာပေးအစီအစဉ်မှအပ) စာသင်ခန်းအတွင်းတိရစ္ဆာန် များကိုကန့်သတ်ထားခြင်း၊ ၂) ကျောင်းဝန်းအတွင်းစက်တပ်ယာဉ်များအကြောင်းမဲ့ သွားလာခြင်းမှ ကန့်သတ်ထား
ခြင်း ၊၃) ကျောင်းဝန်ကျင်တွင် ဓာတုပစ္စည်း သုံးခြင်း၊ သိမ်းဆည်းသိုလှောင်ခြင်းနှင့် စွန့်ပစ်ခြင်းကို စနစ်တကျမှန်ကန်စွာလုပ်ကိုင်ခြင်းတို့ဖြစ်သည်၊ အဆောက်အဦး အတွင်း လေထုအရည်အသွေး စမ်းသပ်ထိန်းသိမ်းခြင်း **[IAQ]** နှင့် သက်ဆိုင်သည့် အကြောင်းအရာများကိုကျောင်းအုပ်ကြီး (သို့) ခရိုင် IAQ စီမံခံ့ခွဲသူအား စုံစမ်းမေးမြန်းနိုင်ပါသည်။ အရှေ့အယ်လန်ကောင်တီကျောင်းများအဆောက်အဦးအတွင်းလေထု အရည်အသွေး စမ်းသပ်ထိန်းသိမ်းခြင်း **[IAQ]** နှင့်ပတ်သက်ပြီး လက်တွေ့လုပ်ဆောင်ခြင်း သတင်းအချက်အလက်များကို အရှေ့အယ်လန်ကောင်တီကျောင်းများ ၏ အင်တာနက် ဝက်ဘ်ဆိုက်တွင် တွေ့နိုင်သည်။

## ပိုးမွှား ကာကွယ်ရေး (Pest Control)

အရှေ့အယ်လန်ခရိုင်ကျောင်းများမှ ကျောင်းသားများအား လုံခြုံသော ပတ်ဝန်ကျင်တစ်ရပ် ပံ့ပိုးနိုင်ရန်ကြိုးစားဆောင် ရွက်လျှက်ရှိသည်။ EACS သည် ကလေးငယ်များကို ပိုးမွှားနှင့် ပိုးသတ်ဆေး ထိတွေ့မှုများမှ ကာကွယ်ပေးရန် ရှာဖွေကြိုးစားလျှက်ရှိသည်။ အဆိုပါ ပိုးသတ်ဆေးများသည် ကလေးငယ်များအား ပိုးမွှားတို့မှ ကာကွယ်ပေးရာ ကျောင်းနှင့် ကျောင်းဝန်းကျင်အတွင်း ၎င်းတို့ကိုတွေ့ရှိနိုင်သည့် အချို့သော အခြေအနေများတွင် ကလေးများအတွက် အန္တရာယ်ဖြစ်စေနိုင်သည်။ ထို့ကြောင့် ပိုးမွှားများ ထိရောက်စွာကာ ကွယ်ရန် EACS မှပိုးမွှားကာကွယ်ရေး ဆောင်ရွက်ချက်များ တွင် ကလေးငယ်များအား ပိုးသတ်ဆေးများနှင့် ထိတွေ့မှု အနည်းဆုံးဖြစ်စေရန် ဓါတုဆေးနှင့် ဓါတုဆေး မဟုတ်သော နည်းများအသုံးပြုခြင်း ပါဝင်နိုင်သည်။ မိဘများနှင့် ဝန်ထမ်းတို့သည် ပိုးသတ်ဆေးအသုံးပြုခြင်း ဆိုင်ရာ အသိပေးကြေငြာချက်များကို ကြိုတင် ရရှိလိုပါက၊ EACS Pest Control Registry ဟုခေါ်သော ပိုးမွှားကာကွယ်ထိန်းချုပ်ရေး မှတ်ပုံတင်ခြင်းကို ဖြည့်စွက်ရမည်။ EACS ညွှန်ကြားရေးတာဝန်ခံရုံးဌါနများကို (၂၆၀-၄၄၆-၀၁၀၀) လိုင်းခွဲ-၂၀၀၃ ဆက်သွယ်ရေးတာဝန်ခံသို့ဆက်သွယ်ပြီး ကျောင်းနယ်မြေအတွင်း ပိုးသတ်ဆေးအသုံးပြုခြင်းလုပ်ဆောင်မှု များနှင့်ပတ်သက်သောအချက်အလက်များပံ့ပိုးပေးရန်၎င်း၊ အသိပေးအကြောင်းကြားရန်နှင့်ပိုးသတ်ဆေးအသုံးပြုခြင်း မှတ်တမ်းများထိန်းသိမ်း စောင့်ရှောက်ရန်တို့ကိုမေးမြန်းနိုင်သည်

## အန္တ ရာယ်ရှိသောဖိုင်ဘာကုန်ကြမ်း (Asbestos Materials)

US EPA's AHERA Standard (ref: 40 CFR 763.80) စနစ်အရ ကျောက်ဂွမ်းမှန့်ပါသည့် ကုန်ကြမ်းများအကြောင်းသတင်းအချက်အလက်များ ကို ကျောင်းသားများ၊ အမှုထမ်းနှင့် အုပ်ထိန်းသူများအနေဖြင့် ပြန်လည်ကြည့်ရှုရန် မိတ္တူများကို နေ့စဉ် ရုံးချိန်အတွင်းအရှေ့အယ်လန်ကောင်တီ ကျောင်းများတွင်တောင်းယူနိုင်သည်၊ (Asbestos) စီမံခန့်ခွဲမှု အစီအစဉ်များကို ကျောင်းများနှင့် ပြုပြင်ထိန်းသိမ်းရေးဌာနတို့တွင်လည်း တောင်းယူ ဖတ်ရှုနိုင်ပါသည်။

### ကျောင်းသို့လာသောဧည့်သည်များအတွက်ပေါ်လစီ- ကိုရိုနာဗိုင်းရပ်စ်-၁၉ ဖြစ်ပွားမှုကြောင့် အုပ်ချုပ်ရေးမှူး ၏ညွှန်ကြားချက် ခွင့်ပြုချက်မရှိသောဧည့်သည်များကို ကျောင်းအဆောက်အဦးအတွင်းသို့ဝင်ရောက်ခွင့်မပြုပါ

ဤ ပရိုဂရမ်သည်ကျွန်ုပ်တို့ကျောင်းသားများ၊ဝန်ထမ်းများ၏လုံခြုံရေးကိုပိုမိုမြှင့်တင်ရန်အတွက် ကျောင်းအဆောက်အဦးထဲသို့လာသောဧည့်သည်များကိုဒစ်ဂျစ်တယ်နည်းလမ်းဖြင့်မှတ်တမ်းပြုလုပ်ခြင်းနည်းစနစ်ကို ဒီဇိုင်းပြုလုပ်ထားသည်၊ ကျောင်းအစနှစ်ဦးပိုင်တွင်ပထမဦးဆုံးကျောင်းအတွင်းသို့ဝင်လာသောဧည့်သည်များ သည် ပြည်နယ်မှထုတ်ပေးသော ဖိုတိုအိုင်ဒီကိုယူလာပြရမည်၊ ၄င်းနောက် ထိုသူသည် အီအေစီအက်စ် (EACS) မှ ဝင်ခွင့်မပြုသော/ပိတ်ထားသော/ကျူးကျော်ဝင်ရောက်ခြင်းစာရင်းနှင့် အမျိုးသားလိင်ပိုင်းဆိုင်ရာပစ်မှု ကျူးလွန်သည့် စာရင်း တွင်မှတ်တမ်းဝင်နေသူဟုတ်မဟုတ်ကိုကျွန်ုပ်တို့ဌာနအတွင်း ကိုယ်တိုင်စစ်ဆေးမည်၊ ဧည့်သည်များသည် ၄င်းတို့ကိုရုံးခန်းမှ ထုတ်ပေးသည့် ယာယီရင်ထိုးတံဆိပ်ကဒ်ပြားကို တပ်ဆင်ထားရမည်

### အစားအစာဝန်ဆောင်မှုများ - စားသောက်ခန်း ပေါ်လစီ

အရှေ့အယ်လန်ကောင်တီကျောင်းများအားလုံး၏ စားသောက်ခန်းဖေါ်လစီသည် ကျောင်းသားများ၏ စာရင်းကို(Point of Sale System)ဖြင့် ကျောင်းသားများသည် စားသောက်ခန်းမတွင် အစားအစာများ ဝယ်ယူနိုင်ရန်၄င်းတို့၏ စာရင်းတွင်ငွေထဲ့သွင်းထားမည်(vended items မှလွဲ၍) အခမဲ့နေ့လယ်စာမရသော ဝယ်ယူစားသုံးလိုသည့် ကျောင်းသားများသည် အနဲဆုံး(၁၀ ဒေါ်လာ)ထည့်(သွင်း) ထားရမည်။ လျော့ဈေးနှင့် အခမဲ့ရသောကျောင်းသားများသည်(ala carte)ရွေးချယ်ဝယ်ယူနိုင်သည့်အစားအစာတို့အတွက်အနဲဆုံး (၂ဒေါ်လာ)ထည့်(သွင်း) ထားရမည်။

ကျောင်းသားအမည်၊ အိုင်ဒီနံပါတ်၊ ငွေပမာဏအတိအကကိုရေးပြီး စာအိတ်ထဲထဲ့ပေးရမည်၊ ကျောင်းသားအား ငွေပြန်မအမ်းပါ၊ ထိုရက်၏နေ့လယ်စာအတွက်ကျောင်းသား၏ငွေစာရင်းထဲ၌ နံနက်(၉း၁၅)နောက်ဆုံးထဲ့ရမည်၊ ဒက်ဘစ်နှင့် ခရက်ဒစ်ကဒ်များကို(Titan Family PortaL)မှတဆင့်ပေးနိုင်သည်၊

အခြားရွေးချယ်စားသောက်သည့်အစားအစာအတွက်ကျောင်းသားအားလုံးသည် (၅ဒေါ်လာ)ပေးရမည်၊ တန်ဖိုးအပြည့်ပေးရသည့်ကျောင်းသားများ ငွေစာရင်းလက်ကျန်မှာ(၇.၅၀ ဒေါ်လာအောက်)နှင့် တန်ဖိုးလျှော့နေ့လယ်စာရသောကျောင်းသား၏ငွေစာရင်းတွင် (၂ဒေါ်လာအောက် ) နဲသွားလျှင် တနလာ်နေ့နှင့်ကြာသာပတေးနေ့ညနေတွင်မိဘထံသို့အလိုအလျှောက်ခေါ်သည့်ဖုံးဖြင့်ဆက်သွယ်သတိပေးမည်

ကျောင်းနှစ်ဆုံးခါနီးတွင်ကျောင်းသား၏ငွေစာရင်း (လက်ကျန်ငွေ နှင့် အကြွေး) ကို နောက်တစ်နှစ်သို့ လွှဲပြောင်းထားမည်။ ကျောင်းနယ်မြေမှထွက်ခွာခြင်း/ နုတ်ထွက်ခြင်း (သို့) ဘွဲ့ရပြီးကျောင်းပြီးသွားခြင်း တို့အတွက်လက်ကျန်ငွေများကို ကျောင်းစားသောက်ခန်းမ န်နေဂျာထံသို့တောင်းဆိုနိုင်သည်၊ အရှေ့အယ်လန်ကောင်တီကျောင်းများတွင်တက်နေသော ညီအစ်ကို မောင်နှမများ၏ နေ့လယ်စာ စာရင်းထဲသို့လဲလွှဲပြောင်းပေးနိုင်သည်၊

### အာမခံ - INSURANCE

ကျောင်းသားမတော်တဆထိခိုက်ဒဏ်ရာအတွက်ကျန်းမာရေးအာမခံဝယ်ယူနိုင်သည်၊ခံစားခွင့်များမှာ အသေးစားထိခိုက်ဒဏ်ရာရမှုကိုကာကွယ်ရန်ဖြစ်သော်လည်း၊ ပထမ အကြိမ်ဒေါ်လာ (၂၀၀) စိုက်ပေးမည်။ ကျောင်းသားများသည် အရှေ့အယ်လန်ကောင်တီကျောင်းများ အာမခံအစီအစဉ်ကို စာရင်းပေးသင့်ပြီး မိဘများအနေဖြင့် (a Student Insurance Waiver Form) (Pu-37) ပုံစံကိုပြည့်စုံ အောင်ဖြည့်စွက်၍လက်မှတ်ထိုးရမည်၊ ငြင်းပယ်စွန့်လွှတ်သည့်ပုံစံ (The waiver) (Pu-37) (သို့) အာမခံဝယ်ထားသည့်ပုံစံကို စက်တင်ဘာ(၁) ရက် (ယခုလက်ရှိကျောင်းတက်သည့် နှစ်) မှစတင်ပြီး ကျောင်းရုံးခန်းတွင် မှတ်တမ်းထားရှိရမည်။ အရှေ့အယ်လန်ကောင်တီကျောင်းများမှ ကျောင်းသားအတွက် ကျန်းမာရေး အာမခံကိုမထောက်ပံ့နိုင်ပါ

### မှတ်တမ်းများ/သတင်းအချက်အလက်များကို ထုတ်ပြန်ခြင်း

မိဘ (သို့) အုပ်ထိန်းသူထံမှ ခွင့်ပြုချက်ရှိလျှင် အရှေ့အယ်ကောင်တီကျောင်းများသည်ကျောင်းသားများ၏အကြောင်းအရာအချက်အလက်များကိုဖော်ပြနိုင်သည်။ ကျောင်းသားများနှင့် မိဘများ၏ ကိုယ်ရေးအကြောင်းအရာနှင့်လို့ှဂုက်ချက်များကိုကာကွယ်ရန် ဖက်ဒရယ်နှင့်ပြည်နယ် ဥပဒေအရ အရှေ့အယ်လန်ကောင်တီကျောင်းများသည် ကျောင်းသား မှတ်တမ်းများဆိုင်ရာ (ပေါ်လစီ-၅၁၂၅)ကိုလိုက်နာရသည်၊ ကျောင်းအုပ်ကြီးနှင့်ကျောင်းစီမံအုပ်ချုပ်ရေး ဗဟိုဌာနသည် ကျောင်းသားမှတ်တမ်းများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် ဖြန့်ဝေခြင်းတို့ပြုလုပ်သည်။ (ပေါ်လစီ ၅၁၂၅)အရ ကျောင်းသားမှတ်တမ်းများကို ကြည့်ရှုနိုင်သူ နှင့် မှတ်တမ်းများ တောင်းဆိုခွင့် များကို ခွဲခြားဖော်ပြထားပါသည်။(ပေါ်လ၅၁၂၅) အရ မိတ္တူများကို ကျောင်းသားနှင့် မိဘများကြည့်ရှုနိုင်ရန် အင်တာနက် www.eacs.k12.in.us ဖော်ပြထားသည်၊ ကျောင်းသားမှတ်တမ်းနှင့်ပတ်သက်ပြီးမေးခွန်းရှိလျှင် ကျောင်းသားရေးရာ ဌါန ရုံးခန်းသို့ ဆက်သွယ်နိုင်ပါသည်။

ဖက်ဒရယ်ဥပဒေအရ ဆက်သွယ်ရေး သတင်းအချက်အလက်များဖြစ်သည့် ကျောင်းသား ပညာရေးမှတ်တမ်း (ထိခိုက်မှုမဖြစ်စေသော) (သို့) ကိုယ်ရေးအကြောင်းအရာများကိုမထိခိုက်သည့်သတင်းအချက်အလက်များကို အရှေ့အယ်လန်ကောင်တီကျောင်းများသည်ဖော်ပြခွင့်ရှိ ပါသည် လမ်းညွှန်စာအုပ်အကြောင်းအရာအချက်အလက်များမှာ (ကန့်သတ်ချက်မရှိ) ကျောင်းသားအမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ် (အိမ်/အလုပ်) ၊မိဘအမည် (များ) နှင့်အဓိကလေ့လာသင်ကြားနေသည့် ဘာသာရပ်၊ ကျောင်းလုပ်ရှားမှုများတွင် ပါဝင်ခြင်း (အဆင့်မဖော်ပြထားပဲ) ပါဝင်သည့် အားကစားနှင့် အသိအမှတ်ပြုဖလုပ်ဆောင်ချက်များ၊ အားကစားအဖွဲ့ဝင်ဖြစ်လျှင် ခန္ဓာကိုယ်အလေးချိန်နှင့် အရပ်အနိမ့်အမြင့်၊ မျက်စိနှင့်ဆံပင် အရောင်၊မွေးဖွားရာဇာတိနှင့် နေ့ ရက်၊ အရပ်၊ အလေးချိန်၊ အတန်း၊ ဓါတ်ပုံ၊ စည်းကမ်းချိုးဖောက်ခြင်းမဟုတ်သည့် ဗီဒီယိုများ နှင့် အခြားသတင်း အချက်အလက်များဖြစ်သည်၊ လမ်းညွှန်စာအုပ်ကို အကျိုးအမြတ်အတွက်အဓိကထားသည့် စီးပွားရေးအဖွဲ့များတို့အားပေးအပ်ခြင်းမပြုပါ၊အရှေ့ အယ်လန်ကောင်တီကျောင်းများ လမ်းညွှန်စာအုပ် (Directory Information)ပါအကြောင်းအရာများကို အများပြည်သူသို့မဖော်ပြမီနှစ်ပတ်လည် ကျောင်း-ပြန်တက်ခြင်း-လက်စွဲစာအုပ်(Back-to-School Guide)တွင် သီးခြားကျောင်းစာသင်နှစ်တခုစီအတွက်လမ်းညွှန်စာအုပ် (Directory Information) ကိုပြုစုထားရှိသည်၊ လက်ရှိကျောင်းစာသင်နှစ်အတွက် ကျောင်းသား (သို့) မိဘခွင့်ပြုချက်မရှိသော်လဲလမ်းညွှန်စာအုပ်ကိုထုတ် ဖော်ပေးအပ်နိုင်သည်

မိဘနှင့်အသက်ပြည့်သောကျောင်းသားများသည်လမ်းညွှန်စာအုပ်များကို အရှေ့အယ်လန်ကောင်တီကျောင်းများတွင်ဖော်ပြရန် သဘောမတူ ကြောင်းပြောခွင့်ရှိပြီး ကျောင်း-ပြန်တက်ခြင်း-လမ်းညွှန် စာအုပ်ထုတ်ဝေပြီး ရက်(၂၀)အတွင်း စာဖြင့်ရေး၍တောင်းဆိုနိုင်သည်၊အရှေ့ အယ်လန် ကောင်တီကျောင်းများ မှ ကျောင်းသား (သို့) မိဘ သဘောတူညီချက်မရရှိသော်လည်း အချက်အလက် ညွှန်ကြားရေး စာအုပ်များကို ထုတ်ပြန် ပေးနိုင်သည်။

## ကျောင်းသားရပိုင်ခွင့် နှင့် ကာကွယ်မှုများ

### ADA/အပိုဒ် -၅၀၄

အရှေ့အယ်လန်ကောင်တီကျောင်းများသည်မသန်စွမ်းသောကျောင်းသားများ(သို့) ဝန်ထမ်းများကိုတန်းတူညီတူ အခွင့်အရေး (သို့) အကျိုး ခံစားခွင့်နှင့်ဝန်ဆောင်မှုများတွင်ပါဝင်ရရှိရန်ခွဲခြားမှုမရှိ ငြင်းဆိုခြင်းမရှိဘဲတူညီစွာဆက်ဆံဆောင်ရွက်သည်။ သတင်းအချက်အလက်၊ အကူ အညီ၊ အထောက်အပံ့၊ ရှင်းလင်းချက်များ (သို့) တိုင်ကြားချက် များရှိလျှင် အထူးဝန်ဆောင်မှုများဌာန၊ဒါရိုက်တာထံသို့(Special Services) (၂၆၀-၄၄၆-၀၁၀၀) သို့ မိဘများဆက်သွယ်နိုင်ပါသည်

ဆက်သွယ်ရန်-

East Allen County Schools<br>1240 State Road 930 East<br>New Haven, IN 46774<br>Telephone: (260) 446-0100

### နှောင့်ယှက်ခြင်း/ နိုင်ထက်စီးနင်း ပြုကျင့်ခြင်းမှ ကာကွယ်ရေး (ဆန့်ကျင်ခြင်း)

ဥပဒေနှင့်မညီသော နှောင့်ယှက်ခြင်းမျိုးစုံတို့မှ ကင်းဝေးရန်နှင့် အေးချမ်းစွာပညာသင်ကြားနိုင်ခြင်းနှင့် အလုပ်လုပ်ကိုင်နိုင်သောပတ်ဝန်း ကျင် တခုကို ထိန်းသိမ်းစောင့်ရှောက်ရန်မှာ အရှေ့အယ်လန်ကောင်တီကျောင်းများ၏ ပေါ်လစီဖြစ်သည်။ တိုင်ကြားချက်များအားလုံးကို လေးနက်စွာ ကျောင်းဝန်ထမ်းတို့မှ စုံစမ်းစစ်ဆေးမည်။ တိုင်ကြားခြင်းဖောင်ပုံစံများကို ကျောင်းရုံးခန်းတွင်ရရှိ နိုင်သည်။

## ကျောင်းသား အပြုအမူဆိုင်ရာစည်းမျဉ်းသတ်မှတ်ချက်

### (က) နိဒါန်း

အင်ဒီးယားနားကျောင်းဥပဒေ ပြဌါန်းချက်အရ- ကျောင်းရည်မှန်းချက်များဖြစ်သော ကျောင်းသားများ ကြီးကြပ်ရေးနှင့် ကျောင်း၌ အကျိုး ရှိသော အပြုအမူများ ဆောင်ရွက်ရန်မှာ ကျောင်းအဖွဲ့အစည်းနှင့် ကျောင်းသားအသင်းတို့၏ တာဝန်ဖြစ်ပေသည်။ (I.C 20-33-8-8(a) အင်ဒီးယားနားကျောင်းဥပဒေပြဌာန်းချက်အရ- ကျောင်းဝန်ထမ်းများ၏ ညွှန်ကြားချက်များကိုလိုက်နာရန် နှင့်သင်ကြားရေးပတ်ဝန်းကျင်အား အနှောင့်အယှက်စေသည့် အပြုအမူများတို့မှ ရှောင်ကြဉ်ရန် ကျောင်းသားများထံမှ မျှော်လင့်သည်။ (I.C 20-33-8-8(a)

အရှေ့အယ်လန်ကောင်တီကျောင်းများသည် ကျောင်းသားအားလုံးနှင့် ဝန်ထမ်းများအတွက်လုံခြုံသည့်သင်ကြားရေးပတ်ဝန်းကျင်ဖြစ်ရန်ပြင်ဆင် ထားသည်။ တရားဝန်တာဝန်အရ၊ ကျောင်းသားနှင့် ဝန်ထမ်းများအတွက် ဘေးရန်ကင်းသည့်သင်ကြားရေးပတ်ဝန်းကျင် ဖြစ်စေရန်အရှေ့အယ်လန် ကောင်တီကျောင်း ဘုတ်အဖွဲ့ဝင်များမှ (a three-part student discipline plan) ကျောင်းသားအပြုအမူခြင်းဆိုင်ရာဆောင်ရွက်ချက်အစီအစဉ် (၃) ရပ်ဖြစ်သော-ကောင်းမွန်သောအပြုအမူမျှော်လင့်ချက်များ၊ စည်းကမ်းချိုးဖောက်ခြင်းများနှင့်စည်းကမ်းလိုက်နာတတ်ရန်ကြားဝင်ဆောင်ရွက်မှုများ၊ အကျိုးဆက်များကို မိဘနှင့်ကျောင်းသားများကြိုတင်သိရှိရန် ပြုလုပ်သည့်အစီအစဉ်ဖြစ်သည်

အရှေ့အယ်လန်ကောင်တီကျောင်းများသည် ယဉ်ကျေးမှုဓလေ့ထုံးစံအရစိတ်ဝင်စားစွာအလိုက်သင့်တုံ့ပြန်သောအပြုသဘောဆောင်သည့် /ကောင်းသောအပြုအမူ၊အကျင့်စာရိတ္တအတွက်ကြားဝင်ဆောင်ရွက်ကူညီအဖြေရှာခြင်းနှင့်ထောက်ပံ့မှုများ ပြုလုပ်ရန် ထောက်ပံ့ခြင်းနှင့် ကြားဝင်လုပ်ဆောင်ချက်များ (CR-PBIS) ကို အသုံးပြုပါသည်။ (CR-PBIS) သည် သုတေသနပေါ် အခြေခံသည့် ကျောင်းတကျောင်းလုံး အတိုင်းအတာအရ ဆရာများနှင့် ကျောင်းအုပ်ချုပ်ရေးမှူးများအတွက် အဆင့်ဆင့်ပြုလုပ်သည့် ကြားဝင်စေ့စပ် စည်းကမ်းထိန်းသိမ်း ခြင်းကို အခြေခံသည့် (ကြိုတင်စီစဉ်ပြင်ဆင်ထားသော) ဆောင်ရွက်ချက်ဖြစ်ပြီး ကျောင်းသားများအတွက် အပြုအမူများ တိုးတက်ကောင်းမွန်ရန် ရည်ရွယ်သည်။

ဘုတ်အဖွဲ့ဝင်များ၏ အဓိကအပြုအမူအကျင့်စာရိတ္တမျှော်မှန်းချက်များ (သို့) အခြားဘုတ်အဖွဲ့၏ပေါ် လစီများ နှင့်ဆန့်ကျင်ဖက်မဖြစ်သည့် ပိုမို ချမှတ်ရန် စည်းကမ်း/စည်းမျဉ်းများကို စူပါအင်တန်ဒင့်အား EACS ဖေါ် လစီမှ ခွင့်ပြုအာဏာလွှဲအပ်သည်၊ ၎င်းအပြင် EACS ဖေါ် လစီများသည် ကျောင်းအုပ်ကြီးများအား ဘုတ်အဖွဲ့ဝင်များ၏ အဓိကအပြုအမူအကျင့်စာရိတ္တမျှော်မှန်းချက်များ (သို့) အခြားဘုတ်အဖွဲ့၏ပေါ် လစီများ နှင့် ဆန့်ကျင်ဖက်မဖြစ်သောစည်းကမ်း/စည်းမျဉ်းများကို စူပါအင်တန်ဒင့်မှ ခွင့်ပြုအာဏာလွှဲအပ်သည်၊ ဤနေရာတွင် ကျောင်းအသီးသီး၏ ကျောင်းအုပ်ကြီးများသည် သီးခြားစည်းကမ်း/မျဉ်းများနှင့် မိဘများ၊ ကျောင်းသားများ အထွေထွေလိုက်နာရမည့်အချက်များကို ပြုလုပ်ရန် လဲခွင့်ပြုအာဏာလွှဲအပ်သည်

## (ခ) တန်းတူဆက်ဆံရေး (ခွဲခြားမှုမရှိ)-ကတိခံဝန်ချက်

အရှေ့အယ်လန်ခရိုင်ကျောင်းများသည် ကျောင်းသူ/သားများကို လူမျိုး၊ ဘာသာ၊ လိင်၊ ကိုယ်ခန္ဓာသန်စွမ်းမှု၊ နိုင်ငံသားမရွေး (သို့) အင်္ဂလိပ်စကား ကျွမ်းကျင်မှု အပေါ် မူတည်ခြင်းမရှိပဲ တန်းတူဆက်ဆံပါသည်။

## (ဂ) အဓိက အပြုအမူ နှင့် ကျင့်ဝတ်ဆိုင်ရာ မျှော်မှန်းချက်များ

အရှေ့အယ်လန်ခရိုင်ကျောင်းသားများအတွက်၊ သင့်တော်သည့် ပညာရေးဆိုင်ရာ ပတ်ဝန်းကျင်၌ သင်ယူနိုင်ရန်၊ တိကျသောအပြုအမူ ကို ကျောင်းသားများအားလုံးတို့ထံမှ ကောင်းမွန်သော သင်ယူခြင်း အခွင့်အရေးတစ်ရပ်အား မြင့်တင်ရန်အတွက်သာမဟုတ်ပဲဝန်ထမ်းများအား၎င်း အတန်းဖော်နှင့် ဝန်ထမ်းများအား၎င်း၊ ပြည်သူလူထုနှင့် သီးသန့်နယ်မြေကို၎င်း ကာကွယ်ရန်အတွက် မျှော်မှန်းထားပါသည်။ အရှေ့အယ်လန် ကောင်တီကျောင်းများမှ အဓိကအပြုအမူနှင့် ကျင့်ဝတ် ဆိုင်ရာ မျှော်မှန်းချက်များမှာ-

(အပြုအမူဆိုင်ရာ မျှော်မှန်းချက်အမှတ်စဉ် (၁-၉) အထိသည် ကျောင်း၌ ကျောင်းသားတဦး ပုံမှန် ကျောင်းတက်ချိန် (သို့) နွေရာသီကျောင်းတက် ချိန်၌ဖြစ်စေ၊ ကျောင်းနယ်နမိတ်အတွင်း/အပြင်တွင် ကျောင်းလေ့ကျင့်မှု အချိန်၌ လုပ်ဆောင်မှု (သို့) အခမ်းအနားပွဲများတွင်ဖြစ်စေ၊ ကျောင်းလေ့ ကျင့်မှုများ (သို့) အခမ်းအနားပွဲများ၊လေ့လာရေးခရီးစဉ်များ၌ဖြစ်စေအကျုံးဝင်သည်။ အပြုအမူဆိုင်ရာမျှော်မှန်းချက်အမှတ်စဉ် (၁၀) သည် ကျောင်းတက်ချိန် (သို့) ကျောင်းပိတ်ချိန်အတွင်း ကျောင်းတွင်း (သို့)ကျောင်းပြင်ပလေ့ကျင့်မှုများအတွက်သာ အကျုံးဝင်သည်။

## (စာပိုဒ် ၁)- ခွင့်မဲ့ကျောင်းပျက်ခြင်း

ကျောင်းသားများသည် တရားဝင်ခွင့်ပြုချက်ရထားသူမှလွဲ၍ ကျောင်း၌ အချိန်ပြည့်ရှိနေရမည်
(၁-က) ကျောင်းမလာခြင်း/ကျောင်းပြေးခြင်းမှာ ကျောင်းသို့၎င်း (သို့)မိဘကို၎င်း အသိမပေးဘဲ/ခွင့်ပြုချက်မယူဘဲကျောင်းပျက်ခြင်းဟုဆိုသည် ဤသို့ပျက်ကွက်မှုတွင် မိဘများက ပျက်ကွက်ပြီး(၆)ရက်အတွင်း (Certificate of Incapacity (IC20-33-2-18) ဥပဒေ၏လိုအပ်ချက်ကိုလိုက်နာ ရန်ပျက်ကွက်ပြီးအကြောင်းကြားပျက်ကွက်ခြင်းလဲပါဝင်သည်

## (စာပိုဒ် ၂ )- စာသင်ချိန်အတွင်း အနှောင့်အယှက်ပြုခြင်း

ကျောင်းသားများသည် ညွှန်ကြားခြင်းနှင့်သင်ကြားရေးဆိုင်ရာ ပညာရေးအစီအစဉ်များကိုအနှောက်အယှက်ဖြစ်သည့်အပြုအမူများကိုမလုပ်ရ။

## (စာပိုဒ် ၃) - အရှက်မဲ့/မဖွယ်ရာ ပြုလုပ်ခြင်း

ကျောင်းသားများသည် အရှက်မဲ့သော (သို့) မဖွယ်မရာ လုပ်ရပ်များကို မလုပ်သင့်ပါ။

## (စာပိုဒ် ၄) - ရိုးသားဖြောင့်မတ်မှုမရှိခြင်း

ကျောင်းသားများသည် ကျောင်းနှင့်စာသင်ခန်းတွင် လိမ်ညာပြောဆိုခြင်း (သို့) စာကူးရေးခြင်းမပြုရ။

## (စာပိုဒ် ၅) - ကျောင်းဝန်ထမ်းများကိုမထီမဲ့မြင်ဆက်ဆံခြင်း

ကျောင်းသူ/သားများသည် အရှေ့အယ်လန်ခရိုင်ကျောင်းအမှုထမ်းများနှင့် အုပ်ချုပ်ရေးမှူးများကို ရိုသေစွာ ဆက်ဆံရမည်။

**(စာပိုဒ် ၆) - ခြိမ်းခြောက်ခြင်း၊ အရဲစွန့်ခြင်း(သို့) ခန္ဓာကိုယ်ကို ထိခိုက်ဒဏ်ရာရစေခြင်း၊ တစုံတခုဖြစ်လာရန်အားထုတ်ခြင်း**

ကျောင်းသားများသည် ခန္ဓာကိုယ်ကိုဖြစ်စေ(သို့) အကြမ်းဖက်ရန်ဖြစ်ခြင်းကိုဖြစ်စေမလုပ်ရ၊ အသုံးပြုရန်မခြိမ်းခြောက်ရ(သို့) အသုံးပြုရန်ကြိုးစားအားထုတ်ခြင်းမပြုရ (သို့) အခြားသူအား ထိခိုက်ဒဏ်ရာရစေမည့် အပြုအမူများတွင်ပူးပေါင်းပါဝင်ခြင်းမပြုရ၊ (မိမိကိုယ်ကိုယ်ကာကွယ်ရန် (သို့) အခြားသူအားကာကွယ်ရန်လိုအပ်သည်ဟုခိုင်လုံသောအကြောင်းဖြင့်ယုံကြည်လျှင် ဤဖေါ် လစီအား ချိုးဖေါက်သည်ဟုမသတ်မှတ်ပါ)

**(စာပိုဒ် ၇) - ကျောင်းပစ္စည်းများ နှင့် တစ်ခြားသူ၏ ပိုင်ဆိုင်မှုများကို ခိုးယူခြင်းနှင့်ဖျက်ဆီးခြင်း**

ကျောင်းသူသားများသည် ကျောင်းနှင့် အခြားသူ၏ ပစ္စည်းများကို ခိုးယူခြင်းနှင့် ဖျက်ဆီးခြင်း မပြုရ။

**(စာပိုဒ် ၈) - ဆေးလိပ်၊ အရက် (သို့) မူးယစ်ဆေးဝါး သုံးခြင်း (သို့) ပိုင်ဆိုင်ခြင်း**

ကျောင်းသားများသည် ဆေးရွက်ကြီးများ၊ အရက် (သို့) မူးယစ်ဆေးဝါးများ၊ အီး-စီးကရက်၊ ဗိတ်ပင်းပစ္စည်း (vaping devices) လက်ဝယ်ရှိခြင်း၊ အသုံးပြုခြင်း၊ သယ်ဆောင်ခြင်းမပြုရ (ဆရာဝန်လက်မှတ်ဖြင့်သောက်သုံးသောဆေးဝါးများ(သို့) EACS ဆေးဝါးစာရွက်ပေါ် တွင် မိဘ/အုပ်ထိန်းသူခွင့်ပြုချက်ဖြင့်ကျောင်းသူနာပြု၏ကြီးကြပ်မှုဖြင့် ကောင်တာမှဝယ်ယူသော ဆေးဝါးများအသုံးပြုခြင်းသည်ဤဖေါ် လစီအား ချိုးဖေါက်သည်ဟု မသတ်မှတ်ပါ)

**(စာပိုဒ် ၉) - ပေါက်ကွဲနိုင်ခြင်း၊ အန္တ ရာယ်ရှိသည့် လက်နက်များ သုံးဆောင်ခြင်း (သို့) ပိုင်ဆိုင်ခြင်း**

ကျောင်းသားများသည် ပေါက်ကွဲတတ်သည့် လက်နက်၊ ဓါး၊ မီးပန်း နှင့် သေနတ်များ သယ်ဆောင်ခြင်းကို ခွင့်မပြုပါ။(ပစ္စည်းများအားလုံးကို အပြီးအပိုင်သိမ်းဆည်းခြင်းခံရမည်။ အသက်အန္တရာယ်ထိပါးနိုင်သည့် လက်နက်များနှင့်တကွသေနတ်များအားအာဏာပိုင်များထံသို့အပ်မည်)

**(စာပိုဒ် ၁၀) - အခြားတရားမဝင်ပြုလုပ်မှုများတွင် ပါဝင်ခြင်း**

ကျောင်းသားများသည် ကျောင်းပရဝုဏ်အတွင်း/ပြင် ကျောင်းတက်/ဆင်းချိန်၌ အနှောင့်အယှက် ပြုလျှင် ကျောင်းနှင့် ပညာရေးဆိုင်ရာလုပ်ငန်းများကိုကာကွယ်ရန်အတွက် ဤကျောင်းသူ/သား များအား ယာယီထုတ်ပယ်ထားခြင်း အထိ အရေးယူဆောင်ရွက်မည်။

**(ဃ) အပြုအမူဆိုင်ရာကြားဝင်ဖြေရှင်းခြင်း နှင့် နောက်ဆက်တွဲအကျိုးဆက်များ**

ကောင်းမွန်သောအပြုအမူမျှော်လင့်ချက်များနှင့်မပြည့်မီသည့်ကျောင်းသား၏ အပြုအမူအတွက်ဆရာများကငှင်း၊ အုပ်ချုပ်ရေးတာဝန်ခံဝန်ထမ်းမှငှင်း (သို့) အခြားဝန်ထမ်းမှငှင်း၊ စီစဉ်ဆောင်ရွက်ပေမည်။ အချို့ အခြေအနေများ၌ အသက်ငယ်သော (မူကြိုမှ ၅တန်း)ကျောင်းသားများအတွက် ပြုမူခြင်းဆိုင်ရာ ကြားဝင်ဖြေရှင်းခြင်းနှင့် အကျိုးဆက်များ သည် အသက်ပိုကြီးသော (၆-၁၂)တန်းမှ ကျောင်းသားများထက်သက်သာမည်၊အချို့ ဥပဒေ ချိုးဖေါက်ခြင်းများကို သင့်လျော်သည့် ကလေးတရားရုံးသို့ (သို့) ဥပဒေအာဏာပိုင်ထံသို့ အပ်နံ့မည်၊ အပြုအမူဆိုင်ရာကြားဝင်ဖြေရှင်းခြင်းနှင့် အကျိုးဆက်များကို ဆရာများ၊ အုပ်ချုပ်ရေးမှူးများ (သို့)အခြားထိန်းသိမ်းရေး တာဝန်ခံများတို့မှ စီစဉ်ဆောင်ရွက်သွားမည်၊ အပြုအမူဆိုင်ရာကြားဝင်ဖြေရှင်းခြင်းနှင့် အကျိုးဆက်များမှာ စည်းကမ်း ချိုးဖောက်သည့်အချက်တခုချင်းပေါ် တွင်မူတည်သည်၊ အများဆုံး ချိုးဖေါက်ခြင်းမှာ-အနိမ့်ဆုံးအဆင့်မှ အမြင့်ဆုံး အဆင့်အထိ ပြုမူခြင်းဆိုင်ရာ အကျိုးဆက်များရှိသည်။ ပုံမှန်အားဖြင့် ကြားဝင်ဖြေရှင်းခြင်း များသည် ကျူးလွန်သည့် အကြိမ်အရေအတွက်များလာသည်နှင့်အမျှ အကျိုးဆက်များလည်း သဘာဝအလျှောက်မြင့်မားလာပါသည်။ သို့သော် အချို့အခြေအနေများ၌၊ အကြိမ်ကြိမ်ချိုးဖေါက်ခြင်း(သို့)ပြင်းထန်သော အခြေအနေအတွက်ကြားဝင်ဖြေရှင်းခြင်းများဖြင့် မသင့်တော်မှုများရှိနိုင်သည်။

အောက်ဖေါ်ပြပါအချက်များမှာအပြုအမူနှင့် သက်ဆိုင်သည့် ပြင်ဆင်ထားသော တုံ့ ပြန်ချက်များဖြစ်သည်။ ဆရာနှင့် အုပ်ချုပ်ရေးမှူးများမှ ကျောင်းသားလုပ်ဆောင်ချက်ပေါ် မူတည်ပြီး အတိုင်းအတာတခုချင်းစီအတွက် တုံ့ပြန်ရန် အခွင့်ရှိသည်။ ကြားဝင်ဖြေရှင်းခြင်းသည် ပြီး ပြည့်စုံသည့်ဆောင်ရွက်ချက်တခုမဟုတ်သော်လည်း ကျောင်းသားများဖြစ်စေ၊ မိဘများဖြစ်စေ၊ ဆရာများနှင့် အုပ်ချုပ်သူများအတွက် လမ်းညွှန်မှုတခုအဖြစ်ကူညီပေးနိုင်သည်၊ ကျောင်းအုပ်ကြီးသည် သင့်လျော်သည့် ကြားဝင်ဖြေရှင်းခြင်းနှင့် အကျိုးဆက်များအတွက် နောက်ဆုံး ဆုံးဖြတ်ချက်ကိုပေးအပ်နိုင်သည်

**အဆင့် (၁) တုံ့ပြန်မှုများ**
**စာသင်ခန်းတွင်းကြားဝင်ဖြေရှင်းခြင်း နှင့် နောက်ဆက်တွဲအကျိုးဆက်များ**

အပြုအမူဆိုင်ရာမျှော်မှန်းချက်များကို ပြန်လည်သင်ကြားခြင်း
မိဘနှင့် ဆက်သွယ်ခြင်း
ကျောင်းသား (သို့) မိဘနှင့်တွေ့ဆုံဆွေးနွေးခြင်း
အထူးအခွင့်အရေးဆုံးရှုံးခြင်း
ထိုင်ခုံနေရာပြောင်းခြင်း
ခေတ္တခဏနေရာမှဖယ်ရှာခြင်း၊ ဆရာတဦး သီးသန့်သင်ကြားခြင်း
ထိန်းသိမ်းထားခြင်း (ကျောင်းချိန်အတွင်း၊ ကျောင်းဆင်းပြီးနောက်)
တိုင်ပင်သူ အကြံပြုပုဂ္ဂိုလ်ထံသို့ ပို့ဆောင်ခြင်း
ထိရောက်သော ထုတ်ပြန်ကြေငြာချက်များ
အပြုအမူများကို ကျောင်းသားမှတ်တမ်းအာဒီအက်စ်(RDS) တွင်စတင်မှတ်သားထားခြင်း
ဆွေးနွေးပြောဆိုနားထောင်ခြင်း/သတင်းအမှန်များကိုစုဆောင်းခြင်း
ပြန်လည်သင့်မြတ်စေသော မေးခွန်းများ
ယဉ်ကျေးမှုလေ့ထုံးစံအရစိတ်ဝင်စားစွာတုံ့ပြန်သောအပြုသဘောဆောင်သည့်အပြုအမူ၊အကျင့်စာရိတ္တအတွက်ကြားဝင်ဆောင်ရွက်ကူညီ
အဖြေရှာခြင်းနှင့်ထောက်ပံ့မှုများ (PBIS)ဆိုင်ရာနည်းလမ်းများ

**အဆင့် (၂) တုံ့ပြန်ချက်များ**
**ကျောင်းအုပ်ချုပ်ရေးမှကြားဝင်ဖြေရှင်းခြင်း နှင့်နောက်ဆက်တွဲအကျိုးဆက်များ**

အပြုအမူပိုင်းဆိုင်ရာ မျှော်မှန်းချက်များ ပြန်လည်သင်ကြားခြင်း
မိဘအား ဆက်သွယ်ခြင်း
ကျောင်းကွန်မြူနတီဝန်ဆောင်မှု
ကွန်မြူနတီအတွင်းမှအရင်းအမြစ်များသို့ညွှန်ကြားဆက်သွယ်ပေးခြင်း
(တရားဝင်မဟုတ်သည့်၊ ပုံမှန်မဟုတ်သည့်) အပြုအမူဆိုင်ရာ သဘောတူလက်မှတ်စာချုပ်ရေးထိုးခြင်း
အပြုအမူဆိုင်ရာ အကဲဖြတ် စစ်ဆေးမှု အစပြုခြင်း (FBA)
အာရ်တီအိုင်အဖွဲ့ (RtI Team) သို့လွှဲပြောင်းခြင်း
ကျောင်းသားကိုစောင့်ကြပ်ကူညီပေးသူ
ကျောင်းတွင်း ဆိုင်းငံ့ထားခြင်း
ကျောင်းပြင်ပ ဆိုင်းငံ့ထားခြင်း
ကျောင်း၌ခံဝန်ချုပ်ဖြင့်သဘောတူညီချက်လက်မှတ်ထိုး၍နေစေခြင်း
အလုပ်/ကားမောင်းသည့် ခွင့်ပြုချက်/ပါမစ်ကို ဆိုင်းငံ့ထားခြင်း
ဆွေးနွေးပြောဆိုနားထောင်ခြင်း/သတင်းအမှန်များကိုစုဆောင်းခြင်း
ပြန်လည်သင့်မြတ်စေသော မေးခွန်းများ
အချိန်ဇယား ညှိနှိုင်းပြင်ဆင်ပေးခြင်း
အထူးအခွင့်အရေးဆုံးရှုံးခြင်း
ထိန်းသိမ်းထားခြင်း
ဆရာမှကြီးကြပ်၍(Time Out) ခေတ္တအချိန်/နေရာပေးခြင်း
အကြံပြုတိုင်ပင်ဆွေးနွေးရေးပုဂ္ဂိုလ်သို့ လွှဲပြောင်းပို့ဆောင်ညွှန်ကြားခြင်း

## အဆင့် (၃) တုံ့ပြန်ချက်များ
## ကျောင်းအုပ်ချုပ်ရေး၊ မြို့နယ်အဆင့်ကြားဝင်ဖြေရှင်းခြင်း နှင့် နောက်ဆက်တွဲအကျိုးဆက်များ

အမူအကျင့်၊စာရိတ္တမျှော်မှန်းချက်များကိုပြန်လည်သင်ကြားခြင်း
မိဘကိုဆက်သွယ်ခြင်း
ပြစ်မှု/အပြစ်တစုံတခုနှင့်ပတ်သက်ပြီးထပ်မံပြုလုပ်ရသောကွန်ဖရင့်
မိသားစုကိုကူညီထောက်ပံ့သောကွန်ဖရင့်
တရားရုံးသို့ လွှဲပြောင်းပေးခြင်း
အမူအကျင့်၊စာရိတ္တပြုပြင်ဆောင်ရွက်ခြင်း/ FBA ပြီးစီးခြင်း
ကြားဖြတ်ဆောင်ရွက်ခြင်းအစီအစဉ်
ကျောင်းမှထုတ်ပယ်ရန် တောင်းဆိုခြင်း
အခြားနည်းလမ်းဖြင့် ကျောင်းတက်ရန် နေရာချထားခြင်း
ကျောင်းပြင်ပ ဆိုင်းငံ့ထားခြင်း
ခံဝန်ချုပ်ဖြင့်သဘောတူညီထားသည်အချက်များချမှတ်တည်ဆောက်ခြင်း
အလုပ်/ကားမောင်းသင် ခွင့်ပြုချက်/ပါမစ် (တားမြစ်) ဆိုင်းငံ့ထားခြင်း

## အာဏာပိုင်တို့မှဥပဒေဖြင့် ကြားဝင်ဖြေရှင်းချက်များ

ကျောင်းသား၏အပြုအမူများသည် သင်ကြားသည့်ပတ်ဝန်းကျင်အားပြင်းထန်စွာအနှောင့်အယှက်ဖြစ်ခြင်း (သို့) အခြားကျောင်းသားများနှင့်အခြားသူများအား ထိခိုက်စေသည့် ချိုးဖောက်မှုများ ပြုပြင်သည့်တုံ့ပြန်ချက်များကိုဆောင်ရွက်မည်၊ ဥပဒေချိုးဖောက်မှုတစ်ချို့မှာကျောင်းမှပေးသည့်ပြစ်ဒဏ်(အကျိုးဆက်များ)သာမကလူငယ်ထိန်းသိမ်းရေးဌာန (သို့) တရားဥပဒေအရာရှိများကိုလည်း ကျောင်းမှတိုင်ကြားနိုင်သည်

- အမှန်မဟုတ်သောကျောင်းတွင်ခြိမ်းခြောက်မှု(သို့) ဘေးအန္တရာယ်ဖြစ်နိုင်သည့် လက်နက်များသယ်ယူလာခြင်း
- ခိုးယူမှု (ပျောက်ဆုံးမှုမှာ တန်ဖိုးဒေါ်လာ(၁၀၀) ထက်ပိုလျှင်)
- မီးရှို့ခြင်း /လောင်ကျွမ်းစေခြင်း
- အရက်၊ ဆေးခြောက်၊ မူးယစ်ဆေးဝါး (သို့) တစ်ခြား တရားမဝင်သည့် ဆေးများ၊ အီး-စီးကရက်၊ ဗိတ်ပင်းပစ္စည်း (vaping devices) လက်ဝယ်ရှိခြင်း၊ အသုံးပြုခြင်း၊ သယ်ဆောင်ခြင်း၊ လက်ဝယ်ထားရှိပိုင်ဆိုင်ခြင်း (သို့) ရောင်းချခြင်း။
- ဘေးအန္တရာယ်ဖြစ်နိုင်သည့် လက်နက်များ သယ်ယူလာခြင်း (သို့) ရောင်းချခြင်း
- ဆရာများ၊ ကျောင်းအုပ်ချုပ်ရေးမှုး၊ အမှုထမ်း (သို့) တစ်ခြားဝန်ထမ်းများအား ကိုယ်ထိလက်ရောက် စော်ကားခြင်း
- (လိင်) အဓမ္မပြုကျင့်ရန် ကြံစည်ခြင်း
- ကျောင်းပိုင်ဆိုင်မှုများကို ဖျက်ဆီးခြင်း (ပျက်ဆီးမှုသည် တန်ဖိုး ဒေါ်လာ ၁၀၀ ထက်ပိုလျှင်)

တစ်ခြားဥပဒေ ချိုးဖောက်ချက်များဖြစ်သည့် ဒေါ်လာ (၁၀၀) တန်ဖိုးအောက်ရှိသည့် ခိုးယူခြင်း (သို့) ဖျက်ဆီးခြင်း **ရိုက်နက်မှုနှင့် ခြိမ်းခြောက်မှုများ** ပြုလုပ်လျှင်သင့်တော်သည့်လူငယ်တရားရုံး (သို့) တရားဥပဒေဆိုင်ရာ အာဏာပိုင်များထံသို့အကြောင်းကြားမည်ဖြစ်သည်။

**မှတ်ချက်။ ရဲအရာရှိတို့မှ စစ်ဆေးမေးမြန်းခြင်း (သို့) ထိန်းသိမ်းရေးစခန်းသို့ ခေါ်ဆောင်သွားခြင်း-** အင်ဒီးယားနားလူငယ်ဥပဒေအရကလေးများသည် ပြစ်မှုကျူးလွန်သည်ဟုယုံကြည်စရာရှိလျှင် ထိုကလေးများအားရဲအရာရှိများအနေဖြင့်ဖမ်းဆီးခြင်း (သို့) အကျဉ်းချခြင်းများ ပြုလုပ်နိုင်သည်။ အကယ်၍ ကလေး များအား ရဲအရာရှိမှ မေးခွန်းမေးခြင်း (သို့) (အချုပ်ထဲတွင်) ထိန်းသိမ်းထားခြင်း (သို့) ကျောင်းပြင်ပသို့ခေါ်သွားရန်လိုလျှင်မိဘ/အုပ်ထိန်းသူကိုကျောင်းအုပ်ချုပ်ရေးမှုးများကအကြောင်းကြားမည်

**ငွေကြေး တာဝန်ယူခြင်း**
နောက်ထပ် စည်းကမ်းရေးရာချိုးဖေါက်မှုအတွက် အကျိုးဆက်များအနေဖြင့် အင်ဒီးယားနား ဥပဒေအရ ကျောင်းသားသည် အရှေ့အယ်လန်ကောင်တီကျောင်းပိုင်ပစ္စည်းများ ဖျက်ဆီးလျှင် ကျောင်းသားနှင့် မိဘများအနေဖြင့် တာဝန်ယူရမည်။ အင်ဒီးယားနား ဥပဒေ (I.C 34-31-4-1 အရ) ကလေး၏မိဘ (မိဘများနှင့်နေလျှင် (သို့) မိဘများထံမှ ထိန်းသိမ်းခွင့်ပေးထားသူ) ကလေးများသည် သူတစ်ပါး (သို့)အခြားသူ၏ ပိုင်ဆိုင်မှုများကို သိ၍ဖြစ်စေ၊ ရည်ရွယ်ချက်ဖြင့် ဖြစ်စေ၊ (သို့) မထီမဲ့မြင်ဖြစ်စေ ဖျက်ဆီးလျှင် ကလေး၏ မိဘ အုပ်ထိန်းသူသည်(ဒေါ်လာ ၅၀၀၀)အထိ လျော်ကြေးပေးရန်တာဝန်ရှိသည်

**အခြားကျောင်း (သို့) အခြားနည်းပညာရေးဆိုင်ရာ အစီအစဉ် (I.C 20-30-8-1)**
ကျောင်းမှထုတ်ပယ်ခံရသော (အနည်းဆုံး) အသက် (၁၆) နှစ် ရှိသည့် ကျောင်းသားများသည် ကျောင်းပြန်တက်လိုလျှင်ကျောင်းသားရေးရာ ဒါရိုက်တာ၏ သဘောတူညီချက်အရ ကျောင်းအုပ်ကြီးနှင့် စီစဉ်ပြီး အောက်ပါအစီအစဉ်များ တက်ရောက်ခွင့်ရှိ သည်။

- အခြားကျောင်း (သို့) အခြားပညာရေးအစီအစဉ်
- ညနေပိုင်းအတန်းများ
- အသက် (၁၆)နှစ် ရှိသည့် ကျောင်းသားများအတွက်ဖွင့်ထားသည့် အတန်းများ

**အပြစ်ပေးခြင်းအဖြစ် ရိုက်နက်ခြင်း**
အရှေ့အယ်လန်ကောင်တီကျောင်းများမှ ဝန်ထမ်းများသည် ကျောင်းသားတစ်ဦးကို အပြစ်ဒဏ်ပေးသည့်အနေဖြင့်ကိုယ်ထိလက်ရောက်ရိုက်နက်ခြင်း မပြုလုပ်ပါ။ သို့သော် အရှေ့အယ်လန်ကောင်တီကျောင်းများမှ ဝန်ထမ်းများသည် ကျောင်းသားများထံမှ အန္တရာယ်ဖြစ်စေသည့် အရာများကို ရယူရန်၊ အခြားသူများကိုထိခိုက်နစ်နာစေသည့် ကိုယ်ထိလက်ရောက်မှုများမှ ကာကွယ်ရန်၊မိမိကိုယ်ကိုကာကွယ်ရန်၊ ခန္ဓာကိုယ်အားကိုအသုံးပြုပြီး ကိုယ်ထိလက်ရောက်တားဆီးခြင်း (သို့) ချုပ်နှောင်ခြင်းများကိုပြုလုပ်ရသည့်အခါများရှိသည်

**အပြုအမူမျှော်မှန်းချက်များ နှင့် လုပ်ဆောင်ချက်များ**

အောက်ဖော်ပြပါအချက်များကို အပြုအမူပြင်ဆင်သည့် တုံ့ပြန်မှုအနေဖြင့် အသုံးပြုသွားမည်ဖြစ်ပါသည်။ ဆရာနှင့် အုပ်ချုပ်ရေးမှတို့မှ ကျောင်းသား၏အပြုအမူ တစ်ခုချင်း အပေါ် တုံ့ပြန်သွားမည်ဖြစ်ပါသည်။ အောက်ဖော်ပြပါ စာရင်းသည် နမူနာအတွက်သာဖြစ်ပြီး ကြားဝင်လုပ်ဆောင်ချက်အားလုံး မဟုတ်ပါ။ ဤအချက်များသည် ကျောင်းသားများ၊ မိဘများနှင့် အုပ်ချုပ်သူများအတွက် လမ်းညွှန်မှုတစ်ရပ်အဖြစ် ကူညီပေးပါသည်။

| **အဆင့် (၁) တုံ့ပြန်ချက်များ<br>အတန်းတွင်းကြားဝင်ဖြေရှင်းချက်များ** | **အဆင့် (၂)တုံ့ပြန်ချက်များ<br>အုပ်ချုပ်သူ ကြားဝင်ဖြေရှင်းချက်များ** | **အဆင့် (၃)တုံ့ပြန်ချက်များ<br>အုပ်ချုပ်သူ/မြို့နယ်ကြားဝင်ဖြေရှင်းချက်များ** | **တရားဥပဒေ ကြားဝင်ဖြေရှင်းချက်များ** |
|---|---|---|---|
| **က**။ အပြုအမူမျှော်မှန်းချက်ပြန်လည်သင်ကြားခြင်း<br>**ခ**။ မိဘကို ဆက်သွယ်ခြင်း<br>**ဂ**။ကျောင်းသား (သို့) မိဘနှင့်တွေ့ဆုံခြင်း<br>**ဃ**။ အခွင့်ထူး ဆုံးရှုံးခြင်း<br>**င**။ နေရာပြောင်းခြင်း<br>**စ**။ (ကြိုတင်ပြင်ဆင်ထားခြင်း) Circles<br>**ဆ**။ ခေတ္တပြောင်းရွှေ့ခြင်း/Buddy Teacher<br>**ဇ**။ အပြစ်ဒဏ်(ကျောင်းတွင်းနှင့်ကျောင်းဆင်းချိန်)<br>**ဈ**။အကြံပြုပုဂ္ဂိုလ်ထံသို့ ပို့ခြင်း<br>**ည**။ ထိရောက်သောထုတ်ပြန်ကြေညာချက်<br>**ဋ**။ အပြုအမူများကို RDS တွင်စတင်မှတ်သားခြင်း<br>**ဌ**။ ဆွေးနွေးပြောဆိုနားထောင်ခြင်း/သတင်းအမှန်များကိုစုဆောင်းခြင်း<br>**ဍ**။ ပြန်လည်သင့်မြတ်စေသော မေးခွန်းများ | **က**။ အပြုအမူ မျှော်မှန်းချက်များ ပြန်လည်သင်ကြားခြင်း<br>**ခ**။ မိဘကို ဆက်သွယ်ခြင်း<br>**ဂ**။ ကျောင်းကွန်မြူနတီဂန်ဆောင်မှု<br>**ဃ**။ ကွန်မြူနတီအရင်းအမြစ်များကိုညွှန်ကြားလွှဲပြောင်းခြင်း<br>**င**။ တရားဝင်မဟုတ်သောအပြုအမူသဘောတူစာချုပ်<br>**စ**။ အပြုအမူ စစ်ဆေးခြင်း (FBA)<br>**ဆ**။ RtI Team သို့လွှဲပြောင်းခြင်း<br>**ဇ**။ ကျောင်းသားစောင့်ကြပ်ကူညီသူ<br>**ဈ**။ ကျောင်းတွင်းဆိုင်းငံ့ထားခြင်း<br>**ည**။ ကျောင်းပြင်ပဆိုင်းငံ့ထားခြင်း<br>**ဋ**။ ကျောင်းအုပ်ကြီးထံတွင်ခံဂန်ချုပ်ဖြင့်လွှတ်ပေးသည်သဘောတူညီချက်<br>**ဌ**။ အလုပ်/ကားမောင်းလိုင်စင်ဆိုင်းငံ့ခြင်း<br>**ဍ**။ ဆွေးနွေးပြောဆိုနားထောင်ခြင်း/သတင်းအမှန်များကိုစုဆောင်းခြင်း<br>**ဎ**။ ပြန်လည်သင့်မြတ်စေသော မေးခွန်းများ<br>**ဏ**။ လုပ်ငန်းစဉ် ညှိနှိုင်းပြင်ဆင်ချက်<br>**တ**။ အခွင့်ထူးများဆုံးရှုံးခြင်း<br>**ထ**။ ထိန်းသိမ်းချုပ်နှောင်ထားခြင်း<br>**ဒ**။ အခန်းပြင်သို့ ကြည်းကြပ်ပေးခြင်း<br>**ဓ**။ အကြံပြုသူထံသို့ ညွှန်ပေးခြင်း | က။အမူအကျင့်၊စာရိတ္တမျှော်မှန်းချက်များကိုပြန်လည်သင်ကြားခြင်း<br>ခ။ မိဘကိုဆက်သွယ်ခြင်း<br>ဂ။ တရားဝင်ပြန်လည်ပြုလုပ်ရသောကွန်ဖရင့်<br>ဃ။မိသားစုကိုကူညီထောက်ပံ့သောကွန်ဖရင့်<br>င။ တရားရုံးသို့ လွှဲပြောင်းပေးခြင်း<br>စ။ အမူအကျင့်၊စာရိတ္တပြုပြင်ဆောင်ရွက်ခြင်း/FBA ပြီးစီးခြင်း<br>ဆ။ ကြားဖြတ်ဆောင်ရွက်ခြင်းအစီအစဉ်<br>ဇ။ ကျောင်းမှထုတ်ပယ်ရန် တောင်းဆိုခြင်း<br>ဈ။ အခြားနည်းလမ်းဖြင့်ကျောင်းတက်ရန်နေရာချထားခြင်း<br>ည။ ကျောင်းပြင်ပဆိုင်းငံ့ထားခြင်း<br>ဋ။ ကျောင်းအုပ်ကြီးထံတွင်ခံဂန်ချုပ်ဖြင့်သဘောတူညီခြင်း<br>ည။ အလုပ်/ကားမောင်းခွင့်(တားမြစ်)ထားခြင်း | ကျောင်းသား၏ အပြုအမူများသည် သင်ကြားသည့် ပတ်ဂန်းကျင်အတွက် အနှောင့်အယှက်ဖြစ်ခြင်း (သို့) အခြားကျောင်းသားများနှင့် အခြားသူများကိုထိခိုက်မှုများဖြစ်သည့်ချိုးဖောက်မှုများကိုပြုပြင်သည့်တုံ့ပြန်ချက်များပြုလုပ်မည်<br>ဥပဒေချိုးဖောက်ချက်အချို့မှာကျောင်းမှပေးသည့် အပြစ်ဒဏ်အပြင်လူငယ် ထိန်းသိမ်းရေးရုံး(သို့)ဥပဒေဆိုင်ရာအဖွဲ့များသို့ ကျောင်းမှ တိုင်ကြား နိုင်သည်။<br>ကျောင်းပျက်မှုအလွန်များသည့်ကျောင်းသားများအားတရားရုံး (SOCAP ရုံး) သို့ အမှုလွှဲပြောင်းနိုင်သည်။ |

၁။ **ကျောင်းခေါ်ကြိမ်**-ကျောင်းသားများအနေဖြင့် နေ့စဉ်ကျောင်းတက်ခြင်းနှင့် အတန်းသို့ အချိန်မှန်ရောက်ရန် မျှော်လင့်ပါသည်။ ဤအချက်များမှာ- အတန်းအားလုံးတက်ရောက်ခြင်း၊ သတ်မှတ်ထားသည့် နေရာများသို့ မသွားမီ ခွင့်ပြုချက်များ ရယူခြင်းနှင့် ကျောင်းပျက်ခြင်းများအတွက် မိဘနှင့် ဆရာဂန်ထံမှ မှတ်တမ်းများယူလာရန် ဖြစ်ပါသည်။ ဤအပြုအမူမျှော်မှန်းချက်ကို ချိုးဖောက်ခြင်း နမူနာများအဖြစ် အောက်၌ (ကန့်သတ်ချက်မရှိ) ပါဝင်ပါသည်။

| အပြုအမူ မျှော်မှန်းချက် | အပြုအမူ ချိုးဖောက်မှု | | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | တရားဥပဒေအရ ကြားဝင် လုပ်ဆောင်ချက် |
|---|---|---|---|---|---|---|
| တာဂန်ကျေပါ | ၁.၁ နောက်ကျခြင်း<br>ကျောင်းစတက်သည့် ရက်၌ မရှိ/တက်ခြင်း (အကယ်၍ကျောင်းသားစီးသည့် ကျောင်းကားနောက်ကျလျှင် ကျောင်းသားအား နောက်ကျသည့် စာရင်းထဲ၌ ထည့်မည် မဟုတ်ပါ) | | X | X | | |
| တာဂန်ကျေပါ | ၁.၂ စာသင်ခန်းသို့ နောက်ကျခြင်း<br>အတန်းသို့ အချိန်မှီတက်ရန် (သတင်းပို့ရန်) ပျက်ကွက်ခြင်း | | X | X | | |
| တာဂန်ကျေပါ | ၁.၃ ခွင့်ပြုချက်မရပဲ ကျောင်းမှ ထွက်ခွာခြင်း<br>အကြောင်းပြချက်ခိုင်လုံမှု မရှိပဲကျောင်းချိန်အတွင်း ကျောင်းအဆောက်အဦးမှထွက်ခွာခြင်း | | | X | | |
| တာဂန်ကျေပါ | ၁.၄ အတန်းပြေးခြင်း (အတန်းပြေးခြင်း)<br>အကြောင်းပြချက်ခိုင်လုံမှုမရှိ အတန်းထဲ၌နေရန် (အကြောင်းကြားရန်) ပျက်ကွက်ခြင်း | | | X | | |
| တာဂန်ကျေပါ | ၁.၅ ခွင့်ပြုချက်မရှိ ကျောင်းပျက်ခြင်း/ပြေးခြင်း<br>ကျောင်းမှခွင့်ပြုချက်မရှိ ကျောင်းသို့ အကြောင်းကြားရန် ပျက်ကွက်ခြင်း သို့မဟုတ် မိဘသဘောတူညီချက် သို့မဟုတ် ခွင့်ပြုချက်မရှိပဲ ကျောင်းပျက်ခြင်း/ကျောင်းပြေးခြင်း | | | X | | |
| တာဂန်ကျေပါ | ၁.၆ ခွင့်ပြုချက်မရှိပဲ ပုံမှန် ကျောင်းပျက်ခြင်း/ပြေးခြင်း<br>၇ ကြိမ် ကျောင်းမှ ခွင့်ပြုချက်မရှိပဲ ကျောင်းသို့ အကြောင်းကြားရန် ပျက်ကွက်ခြင်း သို့မဟုတ် မိဘသဘောတူညီချက် သို့မဟုတ် ၇ ကြိမ် ခွင့်ပြုချက်မရှိ ကျောင်းပျက်ခြင်း | | | X | | X |

**၂။ ပညာရေးလုပ်ငန်းစဉ်များကို အနှောင့်အယှက်ဖြစ်စေခြင်း -** ကျောင်းသားများအနေဖြင့် ပညာရေးလုပ်ဆောင်မှုများဖြစ်သည့် ညွှန်ကြားချက်များနှင့် သင်ကြားမှုများကို အတားအဆီး ဖြစ်စေသည့် အပြုအမူများ မပြုရ။ ဤအပြုအမူ မျှော်မှန်းချက်ကို ချိုးဖောက်ခြင်း နမူနာများမှာ၊ အောက်တွင် (ကန့်သတ်ချက်မရှိ) ပါဝင်သည်။

| အပြုအမူ မျှော်မှန်းချက် | အပြုအမူ ချိုးဖောက်မှု | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | တရားဥပဒေ အရကြားဝင် ဖြေရှင်းခြင်း |
|---|---|---|---|---|---|
| ရိုသေလေးစားပါ | ၂.၁- ကျောင်းမှ ပညာရေးလုပ်ငန်းစဉ်နှင့် မသက်ဆိုင်သည့် ကိုယ်ပိုင်ပစ္စည်းများ ယူလာခြင်း<br>အရှေ့အယ်လန်ခရိုင်ကျောင်းများမှ အမှုထမ်းများထံမှ ခွင့်ပြုချက်မရပဲ ညွှန်ကြားမှုနှင့် သင်ကြားခြင်းကို အနှောင့်အယှက်ဖြစ်စေသည့် ကင်မရာများ၊ မီးခြစ်များ၊ မီးခြစ်ဆံများ၊ လဲလှယ်သည့် ကဒ်များ၊ ကစားစရာများ၊ ဂိမ်းများ၊ ရေဒီယိုများ၊ တယ်လီဖုန်းများ၊ pagers/beepers/ လေဆာမီးများ (သို့) အီလက်ထရွန်းနစ်ပစ္စည်းများကို ကျောင်းသို့ သယ်ယူလာခွင့် (သို့မဟုတ်) ပိုင်ဆိုင်ခွင့်မရှိပါ။ မှတ်ချက် - ပစ္စည်းများကို သိမ်းထားမည်ဖြစ်ပြီး ကျောင်းအုပ်(သို့မဟုတ်) ကျောင်းအုပ်ခန့်ထားသူ မှတစ်ဆင့် မိဘများထံသို့ ပြန်အပ်မည်။ အရှေ့အယ်လန်ခရိုင်ကျောင်း အုပ်ချုပ်ရေး၌နမှ ကလေးများလုံခြုံရေးနှင့် ပတ်သက်၍ အဆက်မပြတ် ဆက်သွယ်ရေးအတွက် မိဘတို့၏ စိုးရိမ်မှုကို အသိအမှတ်ပြုပါသည်။ လက်ကိုင်ဖုန်းများဖြင့် မသင့်တော်သော ဆက်သွယ်ရေး၊ ဓာတ်ပုံများရိုက်ခြင်းနှင့် စာမေးပွဲ(မေးခွန်း)များကို ဓာတ်ပုံရိုက်သည့် လုပ်ဆောင်မှုများကိုလည်း အသိအမှတ်ပြုပါသည်။ လက်ကိုင်ဖုန်းများအားလုံး စာသင်နေသည့်အချိန်အတွင်း မမြင်နိုင်/ မကြားနိုင်သည့်နေရာတွင် ထားရှိရမည်။ ကျေးဇူးပြုပြီး စာမျက်နှာ (၄၅) တွင်ရှိသည့် လက်ကိုင်ဖုန်းပေါ်လစီကို ကြည့်ပါ။ | X | X | | |
| တာဝန်သိပါ | ၂.၂- မသင့်လျော်သည့် အဝတ်အစားများ<br>စာသင်ခန်း (သို့) ကျောင်းတွင်း လုပ်ဆောင်ချက်များအတွက် မသင့်တော်သော အဝတ်အစားများဖြစ်သည့် - ရုပ်အင်္ကျီများ (သို့) ဂျာဆီရုပ် များပေါ်တွင် စာသားများ၊ ရုပ်ပုံများ (သို့) တစ်ခြားရိုင်းပျသည့်၊ ရိုသေလေးစားမှုမရှိသည့် (သို့) လိင်နှင့် ပတ်သက်သည့် အဆိုပြုချက်များ (သို့) လူမျိုး (သို့) ဘာသာရေး (သို့) အရက်၊ မူးယစ်ဆေးဝါး (သို့) ဆေးရွက်ကြီး၊ ဂမ်းဗိုက်မြင်စေသည့်အင်္ကျီများ(သို့) ဘလောက်စ် အတိုများ၊ လည်စည်းပုဂါ၊ ခေါင်းစည်း၊ ပုံမှန်ထက်ကြီးသည့် အဝတ်အစားများ၊ တွဲလောင်းကျနေသောဘောင်းဘီများ (သို့) ဦးထုပ်များ (သို့) ကျောင်းအတွင်း (သို့) ဘတ်စ်ကားအတွင်းနေကာမျက်မှန်များ မဝတ်ရ။ အတွင်းခံများကိုလုံခြုံအောင်ဖုံးကွယ်သည့် အဝတ်အစားများကိုအချိန်တိုင်းဝတ်ဆင်သင့်ပါသည်။ | X | X | | |

**၂။ ပညာရေးလုပ်ငန်းစဉ်များကို အနှောင့်အယှက်ဖြစ်စေခြင်း -** ကျောင်းသားများအနေဖြင့် ပညာရေးလုပ်ဆောင်မှုများဖြစ်သည့် ညွှန်ကြားချက်များနှင့် သင်ကြားမှုများကို အတားအဆီး ဖြစ်စေသည့် အပြုအမူများ မပြုရ။ ဤအပြုအမူ မျှော်မှန်းချက်ကို ချိုးဖောက်ခြင်း နမူနာများမှာ၊ အောက်တွင် (ကန့်သတ်ချက်မရှိ) ပါဝင်သည်။

| အပြုအမူ မျှော်မှန်းချက် | အပြုအမူ ချိုးဖောက်မှု | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | တရားဥပဒေအရ ကြားဝင် ဖြေရှင်းခြင်း |
|---|---|---|---|---|---|
| ရိုသေလေးစားပါ | ၂.၃ - မှားယွင်းသော အပြုအမူ<br>စာသင်ကြားရာ၌ နှောင့်ယှက်စေသော အပြုအမူများဖြစ်သည့် ဆရာ/မများကို ခံပြောခြင်း၊ ဆူညံ (ရိုင်းဆိုင်း) သည့် အသံများပြုလုပ်ခြင်း၊ တစ်ခြားကျောင်းသားများအား နှောက်ပြောင်သည့် အပြု အမူများပြုလုပ်ခြင်း။ | X | X | | |
| တာဝန်ကျေပါ | ၂.၄ - ကျောင်းပိုင် စက်မှုပစ္စည်းများကို အလွဲသုံးခြင်း<br>အရှေ့အယ်လန်ကောင်တီကျောင်းများ၏ ကျောင်းစက်မှုနှင့်အီလက်ထရောနစ်သုံးစွဲမှုပေါ်လစီများ မလိုက်နာခြင်းဖြစ်သည့် အင်တာနက်ဝင်ခွင့်နှင့်ပတ်သတ်သည့် ပေါ်လစီများနှင့် အသုံးအဆောင်များ နှင့်ပတ်သက်သည့် ပေါ်လစီများ၊ ကွန်ပျူတာစက်ပစ္စည်းများ(သို့)ကွန်ပျူတာ ညွှန်ကြားချက်များ ကိုရည်ရွယ်ဖျက်ဆီးခြင်း၊ ခွင့်ပြုချက်မရှိပဲမူပိုင်သတ်မှတ်ချက်များချိုးဖောက်ခြင်း၊ ကျောင်းဖိုင်များ (သို့)တစ်ခြားသူ၏သတင်းအချက်အလက်ဖိုင်များကိုခွင့်ပြုချက်မရှိဘဲကြည့်ခြင်း၊ ညစ်ညမ်းဓာတ်ပုံများ၊ စာများ၊လူမျိုးရေး၊ဘာသာရေးကြွေးကြော်သံ(သို့)သင်္ကေတပါသည့်ဖိုင်များ၊ စာများကိုအကြမ်းဖက် သည့်ပြုလုပ်ချက်များ၊ ဗိုင်းရပ်ပါသည့်ဖိုင်များထဲ့ခြင်း(သို့)ယူခြင်း(သို့) အီလက်ထရောနစ်ပြစ်မှုကျူး လွန်ခြင်း (သို့) ခွင့်ပြုချက်မရဘဲ တစ်ခြားကျောင်းသားများ (သို့) ဝန်ထမ်းများ၏ အိုင်ဒီကိုသုံးခြင်း တို့ဖြစ်သည် | | X | X | |
| တာဝန်ကျေပါ | ၂.၅ - လောင်းကစား ပြုလုပ်ခြင်း<br>ဂိမ်းကစားခြင်း (သို့) အဖိုးတန်ပစ္စည်းများ၊ ငွေကြေးဖြင့် လောင်းကစားပြုလုပ်ခြင်း။ | | X | X | X |
| တာဝန်ကျေပါ | ၂.၆ - ကျောင်းပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်း<br>ကျောင်းတက်ခွင့် တားမြစ်ထားချိန်အတွင်းနှင့် ကျောင်းထုတ်ထားခံရသည့် ကာလအတွင်း ကျောင်းပိုင် နက်ထဲသို့ (သို့) ကျောင်းလေ့ကျင့်မှု ကဏ္ဍများသို့ ခွင့်ပြုချက်မရှိပဲ ဝင်ရောက်ခြင်း။ | | X | X | X |

**၂။ ပညာရေးလုပ်ငန်းစဉ်များကို အနှောင့်အယှက်ဖြစ်စေခြင်း -** ကျောင်းသားများအနေဖြင့် ပညာရေးလုပ်ဆောင်မှုများဖြစ်သည့် ညွှန်ကြားချက်များနှင့် သင်ကြားမှုများကို အတားအဆီး ဖြစ်စေသည့် အပြုအမူများ မပြုရ။ ဤအပြုအမူ မှျော်မှန်းချက်ကို ချိုးဖောက်ခြင်း နမူနာများမှာ၊ အောက်တွင် (ကန့်သတ်ချက် မရှိ) ပါဝင်သည်။

| အပြုအမူ မျှော်မှန်းချက် | အပြုအမူ စည်းမျဉ်းချိုးဖောက်မှု | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | တရားဥပဒေအရ ကြားဝင်ဖြေရှင်းခြင်း |
|---|---|---|---|---|---|
| ဘေးကင်းရန် | ၂.၇ - မော်တော်ယာဉ်များကို မဆင်မခြင် မောင်းနှင်ခြင်း<br>ကျောင်းပိုင်နက်အတွင်း(သို့)ကျောင်းလုပ်ရှားမှုကဏ္ဍအတွင်း မော်တော်ယာဉ်များကို မဆင်မခြင်မောင်းခြင်း။ | | X | X | X |
| ဘေးကင်းရန် | ၂.၈ - အုပ်စု (သို့မဟုတ်) ဂိုဏ်းအဖွဲ့လုပ်ဆောင်မှု<br>အုပ်စု (သို့) ဂိုဏ်းအဖွဲ့နှင့် ပတ်သက်သည့် နိုင်ထက်စီးနင်းပြုသည့် လုပ်ဆောင်ချက်များ၊ ခြိမ်းခြောက်မှုများပြုလုပ်ခြင်း၊ အုပ်စု(သို့)ဂိုဏ်းအဖွဲ့အရောင်များ၊ သင်္ကေတများ၊ ရုပ်ပုံများ၊ အသုံးအဆောင်များနှင့် ပတ်သက်ခြင်း (သို့) လူမျိုးစု (သို့) လူမျိုးစုများကိုခွဲခြားသည့် အဖွဲ့များတွင် ပါဝင်လုပ်ရှားခြင်း။ | | | X | X |
| ဘေးကင်းရန် | ၂.၉ - ကျောင်းနယ်မြေ(သို့)ကျောင်းအဆောက်အဦများကိုပိတ်ခြင်း(အနှောင့်အယှက်ဖြစ်စေခြင်း)<br>ကျောင်းအဆောက်အအုံ (သို့) ကျောင်းနယ်မြေကို အနှောင့်အယှက်ဖြစ်စေသည့် (သို့) တစ်ခြားသူများသုံးစွဲရန် (သို့) ကျောင်းဝင်ပေါက်၊ ထွက်ပေါက်၊ ခန်းမ၊ အခန်းများနှင့် တစ်ခြားအခန်းများကို ပိတ်ဆို့တားဆီးခြင်း။ | | | X | X |
| ဘေးကင်းရန် | ၂.၁၀ - တစ်စုံတစ်ဦးကို ထိခိုက်ဒဏ်ရာရစေမည့် (သို့) အဆောက်အအုံကိုဖျက်ဆီးစေမည့် အစီအစဉ်များ အတွက် အကြောင်းကြားရန် ပျက်ကွက်ခြင်း<br>အကယ်၍ တစ်ခြားသူအား အန္တရာယ်ပေးနိုင်သည့် (သို့) အဆောက်အအုံကို ပျက်စီးစေမည့် လုပ်ဆောင်ချက် (သို့) အစီအစဉ်များကို ဆရာများနှင့် အုပ်ချုပ်သူများအား အကြောင်းကြားရန် ပျက်ကွက်ခြင်း။ သတင်းအချက်အလက်များဖြစ်သည့် (ကျောင်းသားအနေဖြင့် လုပ်ဆောင်ချက်များကိုပြုလုပ်မည့် နေရာ၊ အချိန် (သို့) ကျောင်းသားအနေဖြင့် ရရှိသည့် သတင်းအချက်အလက်များကို အကြောင်းကြားရန် ပျက်ကွက်ခြင်း။ | | X | X | X |

၂။ **ပညာရေးလုပ်ငန်းစဉ်များကို အနှောင့်အယှက်ဖြစ်စေခြင်း -** ကျောင်းသားများအနေဖြင့် ပညာရေးလုပ်ဆောင်မှုများဖြစ်သည့် ညွှန်ကြားချက်များနှင့် သင်ကြားမှုများကို အတားအဆီး ဖြစ်စေသည့် အပြုအမူများ မပြုရ။ ဤအပြုအမူ မှျော်မှန်းချက်ကို ချိုးဖောက်ခြင်း နမူနာများမှာ၊ အောက်တွင် (ကန့်သတ်ချက် မရှိ) ပါဝင်သည်။

| အပြုအမူ မျှော်မှန်းချက် | အပြုအမူ စည်းမျဉ်းချိုးဖောက်မှု | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | တရားဥပဒေအရ ကြားဝင်ဖြေရှင်းခြင်း |
|---|---|---|---|---|---|
| ရှိသေလေးစားပါ | ၂.၁၁ - မသန်မစွမ်းသူများကို အနှောင့်အယှက်ပေးခြင်း<br>ကျောင်းတွင်မည်သူကိုမဆိုနှောက်ယှက်သည့်အပြုအမူများလုပ်ခြင်း။ | | X | X | |
| ရှိသေလေးစားပါ | ၂.၁၂ - လူမျိုးရေး/မူရင်းနိုင်ငံသားကြောင့် နှောင့်ယှက်ခြင်း (ချိုးနှိမ်ခြင်း)<br>ကျောင်း၌ရှိသူများ (သို့) ကျောင်းနှင့်ပတ်သက်သည့် လုပ်ဆောင်မှုများ ပြုလုပ်နေသူများကို မူရင်း/လူမျိုးစုနှင့် ပတ်သက်သည့် စွပ်စွဲချက်များ၊ ဂုဏ်ပုဒ်များ၊ ရိုင်းစိုင်းသည့် မှတ်ချက်များ(သို့) သရုပ်ဖော်ချက်နောက်ပြောင်ကျီစားခြင်း၊ ပုံပြင်များ၊ ပုံဆွဲခြင်း၊ ရုပ်ပုံများ (သို့) အမူအရာများ အသုံးပြုပြီး ရှုံ့ချခြင်း။ | | X | X | |
| ရှိသေလေးစားပါ | ၂.၁၃ - ဘာသာရေးဆိုင်ရာ နှောက်ယှက်မှုများခြင်း<br>တစ်စုံတစ်ယောက်၏ ဘာသာရေးနှင့်ဆက်နွယ်သည့် (သို့) ဘာသာရေးနှင့် ဆက်နွယ်မှု မရှိသည့် လုပ်ဆောင်ချက်များကို ရှုံ့ချသည့် (အနှောင့်အယှက်ပြုသည့်) အပြုအမူများ။ | | X | X | |
| ရှိသေလေးစားပါ | ၂.၁၄ - လိင်သဘောအရ အနှောင့်အယှက်ပေးခြင်း<br>ကျောင်း(သို့)ကျောင်းနှင့်သက်ဆိုင်သည့် လုပ်ရပ်များ ပြုလုပ်သူများအား မသင့်တော်သည့် လိင်သဘောအရ ပြောဆိုခြင်း (သို့) အဆိုပြုခြင်း၊ စွပ်စွဲချက်များ ၊ဂုဏ်ပုဒ်များ၊ ရိုင်းစိုင်းသည့် မှတ်ချက်များ (သို့) သရုပ်ဖော်ချက်၊ လိင်နှင့်ပက်သက်သည့်၊ မဟုတ်မမှန်သည့် အကြောင်းများ ပြောခြင်း၊ တစ်စုံတစ်ဦး၏ ခန္ဓာကိုယ်(သို့) အဝတ်အစားများကို (လိင်အပြုအမူအရ)ထိခြင်း (သို့) ခန္ဓာကိုယ် လုပ်ရှားမှုကို ပိတ်ပင်ခြင်း အစရှိသည့် အပြုအမူများ။ | | X | X | X |

**၂။ ပညာရေးလုပ်ငန်းစဉ်များကို အနှောင့်အယှက်ဖြစ်စေခြင်း -** ကျောင်းသားများအနေဖြင့် ပညာရေးလုပ်ဆောင်မှုများဖြစ်သည့် ညွှန်ကြားချက်များနှင့် သင်ကြားမှုများကို အတားအဆီး ဖြစ်စေသည့် အပြုအမူများ မပြုရ။ ဤအပြုအမူ မှော်မှန်းချက်ကို ချိုးဖောက်ခြင်း နမူနာများမှာ၊ အောက်တွင် (ကန့်သတ်ချက်မရှိ) ပါဝင်သည်။

| အပြုအမူ မျှော်မှန်းချက် | အပြုအမူ စည်းမျဉ်းချိုးဖောက်မှု | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | တရားဥပဒေအရ ကြားဝင်ဖြေရှင်းခြင်း |
|---|---|---|---|---|---|
| လုံခြုံပါစေ | ၂.၁၅ - မဟုတ်မမှန်သည့်သတင်း/သူတစ်ပါးအား ခြိမ်းခြောက်ခြင်း<br>ကျောင်း (သို့) ကျောင်းနှင့်သက်ဆိုင်သည့် လုပ်ငန်းများ ပြုလုပ်နေချိန်အတွင်း ပျက်ဆီးစေသည့် (သို့) အများများတိုင်ကြားခြင်း အစရှိသည့် မီးလောင်ခြင်း (သို့) သာမန်မဟုတ်သည့် ရောဂါဖြစ်ပွားစေခြင်း၊ မီးလောင်ခြင်းကို ဖြစ်ပွားစေသည့် မဟုတ်မမှန်သည့် အကြောင်း (သို့) ကျောင်းအဆောက်အအုံမှ မော်တော်ယာဉ်များ (သို့) လုပ်ဆောင်မှုများ ပြုလုပ်နေစဉ်အတွင်း သာမန်မဟုတ်သည့် ရောဂါများ ဖြစ်စေနိုင်သည်တို့ ဖြန့်လိမ့်မည်ဟု မဟုတ်မမှန်သည့် သတင်းများ ပို့ခြင်း။ | | | X | X |
| လေးစားပါ | ၂.၁၆ - ပုံမှန် စည်းကမ်းချိုးဖောက်ခြင်း<br>ပညာသင်နှစ် တစ်လျှောက်လုံးတွင် ညွှန်ကြားချက်နှင့် သင်ကြားရေးကို အနှောင့်အယှက်ဖြစ်စေသည့် စာသင်ခန်းတွင် အဆက်မပြတ် စည်းကမ်းချိုးဖောက်ခြင်း။ | | X | X | |
| လေးစားပါ | ၂.၁၇ - နှောင့်ယှက်ခြင်း (သို့)  အနိုင်ကျင့်ခြင်း<br>ကျောင်းသားများကို ပညာသင်ခြင်းနှင့် ကျောင်းသားများ၏ လေ့လာကျက်မှတ်သည့် စွမ်းရည်ကိုအနှောင့်အယှက်ပေးသည့် လုပ်ဆောင်မှု ပြုလုပ်ခြင်းများ။ အနှောင့်အယှက်ပေးခြင်း(သို့) အနိုင်ကျင့်ခြင်းသည် အရှက်ခွဲခြင်း (အကန့်အသတ်မရှိ)၊ အသေရေဖျက်ခြင်း၊ တစ်ခြားသူအား စာဖြင့်(သို့)နှုတ်ဖြင့်ရှုံ့ချခြင်းများဖြစ်သည့် - ကိုယ်ထိလက်ရောက်(သို့)နှုတ်ဖြင့်၊ စာဖြင့် အထူးသီးသန့်ရေးသားသည့် အပြုအမူများ၊ အင်တာနက်ဖြင့်အနိုင်ကျင့်ခြင်း (သို့) တပါးသူအား ထိခိုက်စေသည့် စိတ်ဖြင့် အနိုင်ကျင့်ခြင်း၊ ကျောင်းမှပေးထားသည့်အရာများ၊ ကိုယ်ပိုင်အီလက်ထရောနစ် ပစ္စည်းများ (သို့)တစ်ခြားအရာများကို ဖျက်ဆီးခြင်း။ မိဘများ (သို့) ကျောင်းသားများအနေဖြင့် ကျောင်းတွင် အနိုင်ကျင့်ခြင်း အပြုအမူများကို ကျောင်းအုပ်(သို့) တာဝန်ရှိပုဂ္ဂိုလ်များအား အကြောင်းကြားသင့်ပါသည်။ တိုင်ကြားချက်များကို စုံစမ်းစစ်ဆေးပါမည်။ | | X | X | |

**၃။ ယဉ်ကျေးဖွယ်ရာမရှိခြင်း -** ကျောင်းသားများအနေဖြင့် ကျောင်းတွင်သင့်လျော်သော အပြုအမူများ၊ တုံ့ပြန်မှုများ ပြုလုပ်ရန် မျှော်လင့်ပါသည်။ ဤအပြုအမူမျှော်မှန်းချက်အား ချိုးဖောက်ခြင်းအဖြစ် နမူနာများမှာ အောက်တွင် (ကန့်သတ်ချက်မရှိ) ပါဝင်သည်။

| အပြုအမူ မျှော်မှန်းချက် | အပြုအမူ စည်းမျဉ်းချိုးဖောက်ခြင်း | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | တရားဥပဒေအရ ကြားဝင်ဖြေရှင်းခြင်း |
|---|---|---|---|---|---|
| လေးစားပါ | ၃.၁ - မသင့်တော်သည့်အပြုအမူ/စကားပြောဆိုခြင်း<br>လေးစားမှုမရှိသောညစ်ညမ်းရိုင်းစိုင်းသောအပြောအဆိုများ၊ အပြုအမူများ ကိုအီလက်ထရောနစ် ပစ္စည်းများဖြင့်၄င်း (သို့)နှုတ်ဖြင့်ပြောဆိုခြင်းများ။ | X | X | X | X |
| လေးစားပါ | ၃.၂ - လိင်သဘောအရ အပြုအမူ<br>ကျောင်းတွင်ရှိသည့်အချိန်၊ ကျောင်းပိုင်ပစ္စည်း (သို့)ကျောင်းမှထောက်ပံ့သည့် အားကစားရေးရာနှင့်ပတ်သက်သည့် ကျောင်းလုပ်ရှားမှုကဏ္ဍပြုလုပ်ချိန်တွင် လိင်သဘောအရပြုမူ ပြောဆိုခြင်း။ | | X | X | |
| လေးစားပါ | ၃.၃ - ချောင်းကြည့်ခြင်း/ခိုးကြည့်ခြင်း<br>ကျောင်းအိမ်သာ၊ ရေချိုးခန်းနှင့် အဝတ်လဲသည့် အခန်းအတွင်းတွင် လူကိုယ်တိုင် (သို့) ဗီဒီယိုကင်မရာစက်များဖြင့် ချောင်းကြည့်ခြင်း။ | | X | X | |
| လေးစားပါ | ၃.၄ - ညစ်ညမ်းသော ပစ္စည်းများသယ်ဆောင်ခြင်း (သို့) ဖြန့်ဝေခြင်း<br>အရှေ့အယ်လန်ခရိုင်ကျောင်းများ လူမှုစံချိန်နှင့် မကိုက်ညီသည့်(ကျောင်းသားများအနေဖြင့် ပညာရေး (သို့) လူမှုရေးတန်ဖိုးမရှိသည့် ဆဲဆိုခြင်း၊ ညစ်ညမ်းသည့် ဘာသာစကားပြောခြင်း (သို့) မသင့်လျော်သည့် ညစ်ညမ်းသော အရာများ ဖြန့်ဝေခြင်း (သို့) ပိုင်ဆိုင်ခြင်း။ | | X | X | X |
| လေးစားပါ | ၃.၅ - လူထုပတ်ဝန်းကျင်တွင် မသင့်လျော်သည့် အပြုအမူများ ပြုလုပ်ခြင်း<br>ကျောင်းတွင်သော်လည်းကောင်း၊ ကျောင်းမှထောက်ခံသည့် လုပ်ဆောင်ချက်များ ပြုလုပ်နေချိန်အတွင်း မသင့်လျော်သည့် မဖွယ်မရာများ ပြုခြင်း။ | | | X | X |

**၄။ မရိုးသားခြင်း -** ကျောင်းသားများအနေဖြင့် မူရင်းစာများကို ထားရှိခြင်း၊ သူတို့၏လုပ်ဆောင်မှုများကို တင်ပြခြင်းခြင်းနှင့် စကားပြောခြင်း(သို့)စာရေးချိန်တွင် အမှန်အတိုင်း ပြောရန် မျှော်လင့်ပါသည်။ ဤအပြုအမူ မျှော်မှန်းချက်ကို ချိုးဖောက်ခြင်း နမူနာများမှာ အောက်၌ (ကန့်သတ်ချက် မရှိ) ပါဝင်ပါသည်။

| အပြုအမူ မျှော်မှန်းချက် | အပြုအမူ စည်းမျဉ်းချိုးဖောက်မှု | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | တရားဥပဒေအရ ကြားဝင်ဖြေရှင်းခြင်း |
|---|---|---|---|---|---|
| တာဝန်ကျေပါ | ၄.၁ - လိမ်ညာခြင်း<br>စာသင်ခန်းတွင်း (သို့) ကျောင်းတွင်း၌တစုံတခုအကျိုးအမြတ်အတွက် အခြားသူများ လိမ်ညာ မှုတွင်ကူညီခြင်း၊ပါဝင်ပတ်သက်ခြင်းလုပ်ပါက ထိုကျောင်းသားသည်ဇီးရိုး(၀) အမှတ်ကိုသာရရှိမည် | X | X | X | |
| တာဝန်ကျေပါ | ၄.၂ - စာခိုးချခြင်း<br>တစ်စုံတစ်ယောက်၏ မူရင်းလုပ်ဆောင်ချက်ကို ကူးချခြင်း (သို့) ဘာသာ (သို့) အကြံအစည် များကို အတုယူခြင်း (ဤချိုးဖောက်ချက်သည်ပညာရေးဆိုင်ရာကျိုးဆက်များ ခံစားရမည်) ကျောင်းသားသည် အိမ်စာအတွက်သုံညရမည် | | X | X | |
| တာဝန်ကျေပါ | ၄.၃ - မဟုတ်မှန်သည့် သတင်းများ တင်ပြခြင်း<br>ကျောင်းအုပ်ချုပ်ရေးမှူးများကို စာ (သို့) နှုတ်ဖြင့် မှားယွင်းသည့် အချက်များ ပြောခြင်း (သို့) သတင်းအချက်အလက် အကုန်မပြောခြင်း၊ ကျောင်းဆက်သွယ်ရေး (သို့) စာများ၊ ခွင့်ပြုချက်များ အတုပြုလုပ်ခြင်း၊ တစ်ခြားသူအား စွပ်စွဲခြင်း၊ ကျောင်းစည်းကမ်း(သို့) ပြည်နယ်ဥပ ဒေ ချိုးဖောက်ခြင်းတို့ဖြစ်ပါသည်။ | | X | X | |
| တာဝန်ကျေပါ | ၄.၄ - ဆက်သွယ်ရေး (သို့) ကျောင်းမှတ်တမ်းများကို ပြောင်းလဲ ပြင်ဆင်ခြင်း<br>အမှတ်စာရင်းများ (သို့) ခွင့်များပေါ်တွင် အမည်အတုများ ရေးခြင်း အစရှိသော ကျောင်းစာများကို ပြင်ဆင်ခြင်း။ | | X | X | |

**၅။ ကျောင်းဝန်ထမ်းနှင့်တာဝန်ခံများကိုမထီမဲ့မြင်ဆက်ဆံခြင်း-** ကျောင်းသားများအနေဖြင့် အရှေ့အယ်လန်ကောင်တီကျောင်းများမှ အမှုထမ်းများ (သို့) အုပ်ချုပ်ရေးမှူး ပြောဆိုချက်များကို မလိုက်နာခြင်း၊ မရိုသေခြင်း (သို့) မထီမဲ့မြင် မပြုသင့်ပါ။ ဤအပြုအမူမျှော်မှန်းချက် ချိုးဖောက်ခြင်း နမူနာများမှာ အောက်၌ (ကန့်သတ်ချက်မရှိ) ပါဝင်ပါသည်။

| အပြုအမူ မျှော်မှန်းချက် | အပြုအမူ စည်းမျဥ်းချိုးဖောက်မှု | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | တရားဥပဒေအရကြားဝင်ဖြေရှင်းခြင်း |
|---|---|---|---|---|---|
| လေးစားပါ | ၅.၁ - အုပ်ချုပ်သူ လူကြီးများကို မသင့်လျော်/မရိုမသေ ဆက်ဆံခြင်း။<br>လူကြီးနှင့်စကားပြောနေသည့် အချိန်၌ အဝေးသို့ ထွက်သွားခြင်း၊ ရိုင်းစိုင်းစွာ ခံပြောခြင်း၊ မသင့် တော်သည့် ကိုယ်အမူအရာနှင့် တစ်ခြားရိုင်းစိုင်းသည့် ကိုယ်အမူအရာများ ပြုမူခြင်း။ | X | X | | |
| လေးစားပါ | ၅.၂ - အမိန့်မနာခံခြင်း (အာခံခြင်း)<br>အုပ်ချုပ်သူ လူကြီးများ (သို့) ကျောင်းအမှုထမ်းများမှ ပေးလိုက်သည့် ညွှန်ကြားချက်များကို မလိုက်နာခြင်း။ | X | X | | |
| လေးစားပါ | ၅.၃ - ကြားဝင် (အကျိုးဆက်) ပြုလုပ်ရန် လိုက်နာရန် ပျက်ကွက်ခြင်း<br>အုပ်ချုပ်သူ လူကြီးများ (သို့) ကျောင်းအမှုထမ်းများ အရေးယူခြင်း၊  အကျိုးဆက်များ လုပ်ဆောင်ရန် ပျက်ကွက်ခြင်း၊ ကြားဝင်လုပ်ဆောင်ချက်များမှာ-ကျောင်းဆင်းချိန်တွင်ဆင်းခွင့်မရခြင်း ကျောင်းတွင်းဆိုင်းငံ့ခံရခြင်း၊ လူထုလုပ်ဆောင်ချက်များ စသည်တို့ဖြစ်သည် | | X | X | |
| လေးစားပါ | ၅.၄- အရှေ့အယ်လန်ခရိုင်ကျောင်းများမှ အမှုထမ်းများကို ကိုယ်ထိလက်ရောက်ခြိမ်းခြောက်ခြင်း/ အထွေထွေခြိမ်းခြောက်ခြင်း<br>အရှေ့အယ်လန်ခရိုင်ကျောင်းများမှ အမှုထမ်းများကို ဆက်ဆံရေးအရ ခြိမ်းခြောက်ခြင်း၊ (သို့) အန္တရာယ်ပြုခြင်း၊ အမှုထမ်းများကို အနှောင့်အယှက်ပေးရန် စာရင်းများပြုလုပ်ထားခြင်း (သို့) အရှေ့အယ်လန်ခရိုင်ကျောင်းများ အမှုထမ်းများ၏ မိသားစုကို နာကျင်ရန် ပြုလုပ်မည်ဟုပြောဆိုခြင်း၊ ဝန်ထမ်းများအား အန္တရာယ်ဖြစ်စေမည့် အထွေထွေခြိမ်းခြောက်မှုများ။ | | | X | X |

**၅။ ကျောင်းဝန်ထမ်းနှင့်တာဝန်ခံများကိုမထီမဲ့မြင်ဆက်ဆံခြင်း-** ကျောင်းသားများအနေဖြင့် အရှေ့အယ်လန်ကောင်တီကျောင်းများမှ အမှုထမ်းများ (သို့) အုပ်ချုပ်ရေးမှူး ပြောဆိုချက်များကို မလိုက်နာခြင်း၊ မရိုသေခြင်း (သို့) မထီမဲ့မြင် မပြုသင့်ပါ။ ဤအပြုအမူမျှော်မှန်းချက် ချိုးဖောက်ခြင်း နမူနာများမှာ အောက်ပါ (ကန့်သတ်ချက်မရှိ) ပါဝင်ပါသည်

| အပြုအမူ မျှော်မှန်းချက် | အပြုအမူ စည်းမျဉ်းချိုးဖောက်မှု | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | တရားဥပဒေအရ ကြားဝင်ဖြေရှင်းခြင်း |
|---|---|---|---|---|---|
| ရိုသေလေးစားပါ | ၅.၅ - အရှေ့အယ်လန်ခရိုင်ကျောင်းများမှ အမှုထမ်းများအား ထိခိုက်ဒဏ်ရာရအောင် လုပ်ခြင်း<br>အရှေ့အယ်လန်ကောင်တီကျောင်းများမှဝန်ထမ်းများအားဒဏ်ရာရစေသည့် အချက်များ (သို့) မဆင်မခြင် အမူအရာများပြုလုပ်ခြင်း၊<br>အငြင်းအခုံ(ကိုယ်ထိလက်ရောက်) ပြုလုပ်ရာတွင် အလိုဆန္ဒအရ ပါဝင်ခြင်း။ | | | X | X |
| ရိုသေလေးစားပါ | ၅.၆- အရှေ့အယ်လန်ခရိုင်ကျောင်းများမှ အမှုထမ်းများကို ရိုက်နှက်ရန် ခြိမ်းခြောက်ခြင်း<br>အရှေ့အယ်လန်ခရိုင်ကျောင်းများမှ အမှုထမ်းများသည် ကျောင်းသားများ၏ ရန်ပွဲကို ဖြေရှင်း နေချိန်အတွင်း (သို့) အခြား ကိုယ်ထိလက်ရောက်ရန်ဖြစ်ခြင်းကိုဖြေရှင်းနေစဉ် ရည်ရွယ်ချက်ဖြင့် (သိရှိပြီး) ထိခြင်း (သို့) သွေးများ (သို့) အခြားခန္ဓာကိုယ်မှ အရာများ (သို့) အရည် များဖြင့် ထိခြင်း(ပွတ်ခြင်း)၊ အရှေ့အယ်လန်ခရိုင်ကျောင်းမှ အမှုထမ်းများကို ရိုင်းပျစွာ၊ မခန့်လေးစား (သို့) ဒေါသဖြင့် ဆက်ဆံခြင်း။ | | | X | X |

**၆။ တစ်ခြားသူများကို ထိခိုက်ဒဏ်ရာရရန် ပြုလုပ်ခြင်း/ ကြံစည်ခြင်း-** ကျောင်းသားများအနေဖြင့် သူငယ်ချင်းများ၊ ရွယ်တူများနှင့် အန္တရာယ်ကင်းရှင်းရန် နှင့် ကောင်းသော ကျောင်းပတ်ဝန်းကျင်ဖြစ်စေရန် ပြုလုပ်သည့် အရှေ့အာယ်လန်ခရိုင်ကျောင်းများမှ အမှုထမ်းများနှင့် ကောင်းမွန်စွာ ပြောဆိုဆက်ဆံ ရန် မျှော်လင့်ပါသည်။ ဤအပြုအမူ မျှော်မှန်းချက်ကို ချိုးဖောက်ခြင်း နမူနာများမှာ အောက်ပါ (ကန့်သတ်ချက်မရှိ) ပါဝင်သည်။

| အပြုအမူ မျှော်မှန်းချက် | အပြုအမူ စည်းမျဉ်းချိုးဖောက်မှု | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | တရားဥပဒေ အရကြားဝင် ဖြေရှင်းခြင်း |
|---|---|---|---|---|---|
| လေးစားပါ | ၆.၁ - အရာဝတ္ထုများကို လွှင့်ပစ်ခြင်း/ပစ္စည်းများကို လွှင့်ပစ်ခြင်း -<br>ကျောင်းတွင်း၊ ကျောင်းပိုင်နက်အတွင်း၊ ကျောင်းကားနှင့် ကျောင်းလုပ် ဆောင်ချက်များ အစရှိသည့် သူတပါးအား ဒဏ်ရာရစေနိုင်သည့် အရာဝတ္ထုများပစ်ခြင်း (အားကစား လုပ်ဆောင်မှုများကိုပြုလုပ် နေသည့်အချိန်မှအပ) | X | X | | |
| လုံခြုံစေပါ | ၆.၂ - တွန်းခြင်း၊ ကန်ခြင်း၊ ရိုက်ခြင်း<br>ထိခိုက်နစ်နာစေရန်ရည်ရွယ်ချက်ရှိ/မရှိ ဖြစ်စေ တွန်းခြင်း၊ ကန်ခြင်းနှင့် ရိုက်နှက်ခြင်း။ | X | X | | |
| လုံခြုံစေပါ | ၆.၃ - မဆင်မခြင် ပြုလုပ်ခြင်း<br>မိမိကိုယ်တိုင်ဖြစ်စေ (သို့) တစ်ခြားသူအား ကိုယ်လက်ထိခိုက်နာကျင်အောင် လုပ်ဆောင်ခြင်း။ | X | X | | |
| လေးစားပါ | ၆.၄ - ခြိမ်းခြောက်ခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်မှုကိုယ်ခန္ဓာအနာတရဖြစ်စေရန်ခြိမ်းခြောက် ပြီးအခြားသူများအား ရိုက်နှက်ခြင်း၊ တိုက် ခိုက်ခြင်း၊ တစ်ခြားသူအား ခြိမ်းခြောက်စေသည့် သင်္ကေတ၊ ကိုယ်အမူအရာ၊ အပြုအမူများဖြင့်စော် ကားခြင်းနှင့် သူတို့၏ မိသားစုများကို နှောင့်ယှက်သည့်အနေ ဖြင့် မိသားစုဝင်များအား အန္တရာယ်ပေး မည်ဟု ခြိမ်းခြောက်ခြင်း။ | | X | X | X |

**၆။ တစ်ခြားသူများကို ထိခိုက်အက်ရာရရန် ပြုလုပ်ခြင်း/ ကြံစည်ခြင်း-** ကျောင်းသားများအနေဖြင့် သူငယ်ချင်းများ၊ ရွယ်တူများနှင့် အန္တရာယ်ကင်းရှင်းရန် နှင့် ကောင်းသော ကျောင်းပတ်ဝန်းကျင်ဖြစ်စေရန် ပြုလုပ်သည့် အရေးအယ်လန်ခရိုင်ကျောင်းများမှ အမှုထမ်းများနှင့် ကောင်းမွန်စွာ ပြောဆိုဆက်ဆံ ရန် မျှော်လင့်ပါသည်။ ဤအပြုအမူ မျှော်မှန်းချက်ကို ချိုးဖောက်ခြင်း နမူနာများမှာ အောက်ပါ (ကန့်သတ်ချက်မရှိ) ပါဝင်သည်။

| အပြုအမူ မျှော်မှန်းချက် | အပြုအမူ စည်းမျဉ်းချိုးဖောက်မှု | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | တရားဥပဒေအရ ကြားဝင်ဖြေရှင်းခြင်း |
|---|---|---|---|---|---|
| ရိုသေလေးစားပါ | ၆.၅ - ရန်စခြင်း<br>ရိုက်နက်မှုဖြစ်ရန် (သို့) တစ်ခြားသူအား ရန်တိုက် ပြုလုပ်သည့် အမူအရာများ၊ ရန်စခြင်း၊ | X | X | | |
| ရိုသေလေးစားပါ | ၆.၆ - နောက်ပြောင်ခြင်း<br>တစ်ခြားသူအား (သဘောတူ၊ မတူဖြစ်စေ) အုပ်စုအဖွဲ့ထဲသို့ ဝင်ရန် တိုက်တွန်းခြင်းနှင့် သူတို့ ၏အလိုဆန္ဒမပါပဲ သူတစ်ပါးအား နစ်နာစေရန် တွန်းပို့ခြင်း။ | | X | X | |
| ရိုသေလေးစားပါ | ၆.၇ - ရန်ဖြစ်ခြင်း<br>ကြိုတင်ကြံရွယ်ခြင်း မဟုတ်သည့် လူတစ်ဦး (သို့) လူတစ်ဦးတစ်ယောက်ထက်ပို၍ အုပ်စုဖွဲ့ပြီး ရန်ဖြစ်ခြင်း။ | | | X | X |
| ရိုသေလေးစားပါ | ၆.၈ - ခိုက်ရန်ဖြစ်ပွါးခြင်း (ရိုက်နက်ခြင်း)<br>အခြားသူများအား ရည်ရွယ်၍ (ရည်ရွယ်ချက်ဖြင့်) ရိုင်းပျစွာ (သို့) ဒေါသဖြင့် ထိခြင်း၊ တိုက်ခြင်း (သို့) သွေးဖြင့်သုတ်ခြင်း (သို့) တစ်ခြားခန္ဓာကိုယ်မှ အရည်များဖြင့် တို့ခြင်းဖြင့် စော်ကားခြင်း။ | | | X | X |

**၇။ အခြားသူများ၏ ပိုင်ဆိုင်မှုပစ္စည်း ရယူခြင်း (သို့မဟုတ်) ဖျက်ဆီးခြင်း -** ကျောင်းသားများသည် ကျောင်းအဆောက်အအုံအတွင်းသို့ ခွင့်ပြုချက်အရ-သူတို့၏ ကိုယ်ပိုင်ပစ္စည်းများနှင့် အဆောက်အအုံများကို မဖျက်ဆီးပဲ ကောင်းမွန်စွာ ကိုင်ဆောင်သင့်ပါသည်။

| အပြုအမူ မျှော်မှန်းချက် | အပြုအမူ စည်းမျဉ်းချိုးဖောက်ချက် | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | တရားဥပဒေအရ ကြားဝင်ဖြေရှင်းခြင်း |
|---|---|---|---|---|---|
| လေးစားပါ | ၇.၁ - ခိုးယူခြင်း၊ ပြောင်းလဲခြင်း<br>ကျောင်းပိုင် (သို့) တစ်ခြားသူ၏ ပိုင်ဆိုင်မှုကို ခွင့်ပြုချက်မရှိ ယူဆောင်ခြင်း (သို့) ပိုင်ဆိုင်ခြင်း။ | | X | X | X |
| လေးစားပါ | ၇.၂ - ခိုးရာပါပစ္စည်းများကို လက်ခံခြင်း<br>ကျောင်းပိုင် (သို့) တစ်ခြားသူ ပစ္စည်းများကို ခိုးသူထံမှ လက်ခံထားခြင်း နှင့် ရောင်းဝယ်ယူခြင်း။ | | X | X | X |
| လေးစားပါ | ၇.၃ - ပြည်သူပိုင်ပစ္စည်းကို ဖျက်ဆီးခြင်း (သို့) ရေးခြစ်ခြင်း။<br>ကျောင်းပိုင် (သို့) တစ်ခြားသူ ပစ္စည်းများကို ပျက်စီးစေခြင်း (ဖျက်ဆီးခြင်း)။ | | | X | X |
| လုံခြုံပါစေ | ၇.၄ - မီးရှို့ခြင်း/လောင်ကျွမ်းစေခြင်း<br>ကျောင်းပိုင်ပစ္စည်းများကို မီး၊ ပိုက်နှင့် ဖောက်ခွဲသည့် ဗုံးများ(သို့) အခြားပေါက်ကွဲ စေသည့် အရာများ အသုံးချပြီး မီးရှို့ရန် ကြံစည်ခြင်း (သို့) ဤအရာများကို သုံးပြီး ဖျက်ဆီးခြင်း။ | | | X | X |

**၈။ အရက်၊ မူးယစ်ဆေးဝါးများ သုံးစွဲခြင်း (ပိုင်ဆိုင်ခြင်း)** -ကျောင်းသားများအနေဖြင့် ကျောင်းတွင်း သို့မဟုတ် ကျောင်းမှ ထောက်ပံ့သည့် လုပ်ဆောင်ချက်များ အချိန်အတွင်း အရက်၊ မူးယစ်ဆေးဝါးများ ဖြန့်ဝေခွင့်၊ သုံးစွဲခွင့် သို့မဟုတ် ပိုင်ဆိုင်ခွင့် မပြုလုပ်သင့်ပါ။ ဤအပြု အမူမျှော်မှန်းချက်ကို ချိုးဖောက်ခြင်း နမူနာများမှာ အောက်တွင် (ကန့်သတ်ချက်မရှိ) ပါဝင်သည်။

| အပြုအမူ မျှော်မှန်းချက် | အပြုအမူ စည်းမျဉ်းချိုးဖောက်မှု | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | တရားဥပဒေအရ ကြားဝင်ဖြေရှင်းခြင်း |
|---|---|---|---|---|---|
| လုံခြုံပါစေ | ၈.၁ - ကိုယ်ခန္ဓာကြွစေသည့်/အားတက်စေသည့် ဆေးများ<br>phenylpropanolamine ပါသည့် ကိုယ်ခန္ဓာကြွစေသည့်/စိတ်ကြွဆေးဝါး၊ ကဖိန်းဓါတ်ပါ ဆေးလုံးများ၊ အစရှိသည့် ဆရာဝန်ဆေးညွှန်းဖြင့်ဖြစ်စေ၊ ဆေးညွှန်းမရှိပဲဖြစ်စေ၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊ သုံးစွဲခြင်း၊ ဖြန့်ဝေခြင်း (သို့) အာနိသင် ရှူရိုက်ခံစားခြင်း။ | | X | X | X |
| လုံခြုံပါစေ | ၈.၂ - ဆေးဆိုင်ကောင်တာတွင် ဝယ်ယူနိုင်သည့် ဆေးများကို အလွဲသုံးစွဲခြင်း။<br>အားဆေးများကဲ့သို့ ဆေးဆိုင်ကောင်တာတွင် ဝယ်ယူနိုင်သည့် မည်သည့်ဆေးဝါးမဆို အရှေ့ အယ်လန် ခရိုင် တရားဝင် ဆေးဝါးခွင့်ပြုချက်ဖြင့် မိဘ၊ အုပ်ထိန်းသူထံမှ မရရှိပဲ လက်ဝယ်ပိုင်ဆိုင်ခြင်း၊ သုံးစွဲခြင်း၊ ဖြန့်ဝေခြင်း၊ (သို့) အာနိသင်ရှူရှိုက်ခံစားခြင်း။ | | | X | X |
| လုံခြုံပါစေ | ၈.၃ - ဆရာဝန်ထံမှ ဆေးညွှန်းများကို အလွဲသုံးစားပြုလုပ်ခြင်း<br>ဆရာဝန် ညွှန်ကြားချက်ဆေးဝါးများကို အရှေ့အယ်လန်ခရိုင် တရားဝင် ဆေးဝါးခွင့်ပြုချက်ဖြင့် မိဘ၊ အုပ်ထိန်းသူထံမှ မရရှိပဲ လက်ဝယ်ပိုင်ဆိုင်ခြင်း၊ သုံးစွဲခြင်း၊ ဖြန့်ဝေခြင်း၊ (သို့) အာနိသင်ရှူရှိုက်ခံစားခြင်း။ | | X | X | X |
| လုံခြုံပါစေ | ၈.၄ - ဆေးရွက်ကြီး၊ ဆေးလိပ်ထုတ်ကုန်များ<br>ဆေးရွက်ကြီး၊ ဆေးလိပ်/နီကိုတင်း (သို့) ဆေးလိပ်/နီကိုတင်းထုတ်ကုန်များကိုလက်ဝယ်ထားရှိခြင်း/ သုံးစွဲခြင်း/ ပိုင်ဆိုင်ခြင်းနှင့်ဖြန့်ဝေခြင်း၊အီး-စီးကရက်(ရှူသည့်အသုံးအဆောင်များ)၊ ဗိတ်ပါ နှင့် ကွမ်းစားခြင်း<br>ပထမအကြိမ်ကျူးလွန်ခြင်း - ISS (၁) ရက်/ လက်မှတ်ပေးမည်။<br>ဒုတိယအကြိမ် ကျူးလွန်ခြင်း - OSS (၁) ရက်/လက်မှတ်ပေးမည်။ | | X | X | X |

**၈။ အရက်၊ မူးယစ်ဆေးဝါးများ သုံးစွဲခြင်း (ပိုင်ဆိုင်ခြင်း) -**ကျောင်းသားများအနေဖြင့် ကျောင်းတွင်း သို့မဟုတ် ကျောင်းမှ ထောက်ပံ့သည့် လုပ်ဆောင်ချက်များ အချိန်အတွင်း အရက်၊ မူးယစ်ဆေးဝါးများ ဖြန့်ဝေခွင့်၊ သုံးစွဲခွင့် သို့မဟုတ် ပိုင်ဆိုင်ခွင့် မပြုလုပ်သင့်ပါ။ ဤအပြု အမူမျှော်မှန်းချက်ကို ချိုးဖောက်ခြင်း နမူနာများမှာ အောက်တွင် (ကန့်သတ်ချက်မရှိ) ပါဝင်သည်။

| အပြုအမူ မျှော်မှန်းချက် | အပြုအမူ စည်းမျဉ်းချိုးဖောက်မှု | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | တရားဥပဒေအရ ကြားဝင်ဖြေရှင်းခြင်း |
|---|---|---|---|---|---|
| လုံခြုံပါစေ | ၈.၅ - အရက်<br>အရက်သုံးစွဲခြင်း(သို့) အရက်များပါသည့်အခြားအရည်များသုံးစွဲခြင်း၊ထုတ်ခြင်း၊ ပိုင်ဆိုင်ခြင်း၊ ဤနေရာတွင် Blood Alcohol Concentration (BAC) ဖတ်ခြင်းလဲပါဝင်သည်<br>ပထမအကြိမ်ကျူးလွန်ခြင်း(၅-၁၀)ရက်အထိဆိုင်းငံ့ခြင်း၊ ကျောင်းသားအရက်သောက်ခြင်း ကာကွယ်သည့်ပရိုဂရမ်ကိုပါဝင်ရန်အီးအေစီအက်စ်မှကမ်းလှမ်းသည်<br>ဒုတိယအာကြိမ်ကျူးလွန်ခြင်း-ကျောင်းထုတ်ရန်တောင်းဆိုမှုကို(OSS)ဖြင့် (၁၀)ရက်ဆိုင်းငံ့မည်။ | | | X | X |
| လုံခြုံပါစေ | ၈.၆ - ပါရာဖယ်နာလီယာ ဆေးများ<br>ဆေးတံများ (ပြွန်များ)၊ bongs, ကလစ်များနှင့်သက်ဆိုင်သည့် အရာများသုံးခြင်း (ပိုင်ဆိုင်ခြင်း) | | | X | |
| လုံခြုံပါစေ | ၈.၇ - ဆေးဝါးများ<br>ဆရာဝန်ညွှန်ကြားသည့် ဆေးများမဟုတ်သည့် မူးယစ်ဆေးဝါးများ၊ စိတ်အာရုံခြောက်ခြားစေ သည့်ဆေးများ၊ ဟော်မုန်းဆေးများ၊ ဘိန်းဖြူ ဆေးခြောက်များ၊ စိတ်ကြွဆေးများ၊ ရှူဆေး (သို့မဟုတ်) တရားမဝင် ပိတ်ပင်ထားသည့် ဆေးများသုံးခြင်း။ | | | X | X |

**၉။ ပေါက်ကွဲစေသည့် အရာများ၊ ဓါးများ၊ သေစေသည့် လက်နက် (သို့မဟုတ်) သေနတ်များ ပိုင်ဆိုင်ခြင်း (သို့) သုံးခြင်း-**

ကျောင်းသားများအနေဖြင့် ပေါက်ကွဲစေသည့် အရာများ၊ ဓါးများ၊ သေစေသည့် လက်နက်(သို့မဟုတ်) သေနတ်များကို ကျောင်းသားများအနေဖြင့် မပိုင်ဆိုင်သင့်ပါ (သို့) အသုံးမပြုရ။ ဤအပြုအမူမျှော်မှန်းချက်ကို ချိုးဖောက်ခြင်း နမူနာများမှာ အောက်၌ (ကန့်သတ်ချက်မရှိ) ပါဝင်သည်။

| အပြုအမူ မျှော်မှန်းချက် | အပြုအမူ စည်းမျဉ်းချိုးဖောက်မှု | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | တရားဥပဒေ အရကြားဝင် ဖြေရှင်းခြင်း |
|---|---|---|---|---|---|
| လုံခြုံပါစေ | ၉.၁ - ဓါးများ<br>ကျောင်းနှင့် မသက်ဆိုင်သည့် (မည်သည့်ရည်ရွယ်ချက်အရဖြစ်စေ) အိတ်ဆောင်ဓါးများ အပါအဝင် ဓါးများကို အသုံးပြုခြင်း (သို့မဟုတ်) ပိုင်ဆိုင်ခြင်း။ | | | X | X |
| လုံခြုံပါစေ | ၉.၂ - မီးရှူးမီးပန်းများ နှင့် ပေါက်ကွဲစေသည့်အရာများ<br>ပေါက်ကွဲစေသည့် ကိရိယာများ နှင့် မီးရှူးမီးပန်းများ အစရှိသည့် ပစ္စည်းများကို ပိုင်ဆိုင်ခြင်း (သို့မဟုတ်) ဖောက်ခွဲခြင်း၊ | | | X | X |
| လုံခြုံပါစေ | ၉.၃ - အသက်အန္တရာယ်ပြုနိုင်သည့် လက်နက်များ<br>လက်နက်ပစ္စည်းများ၊ စက်ကိရိယာများ၊ လက်နက်အသုံးပြုခြင်းများ၊ လေသေနတ်များ၊စက်ဖြင့်ပြုလုပ်ထားသည့် လက်နက်များ၊ တစ်ခြားအရာများ(သို့) ဓာတု (ဓါတ်ငွေ့) ပစ္စည်းများ သုံးစွဲသည့် အပြုအမူ (သို့) ခန္ဓာကိုယ်များကို ထိခိုက်စေသည့် ပြင်းထန်သောအရာများကို အဆင်သင့် ပြုလုပ်ထားခြင်း။ | | | X | X |
| လုံခြုံပါစေ | ၉.၄ - တစ်ခြား ပေါက်ကွဲစေသည့် အရာများ<br>ပေါက်ကွဲစေတတ်သည် အရာများ (ချိန်ကိုက်ထားသည်ဖြစ်စေ၊ မချိန်ထားသည်ဖြစ်စေ) သို့မဟုတ် ပေါက်ကွဲစေသည့် အရာများကို ဒီဇိုင်းထွင်ပြုလုပ်ခြင်း၊ ဖြန့်ခြင်းနှင့် ပိုင်ဆိုင်ခြင်း၊ အောက်ဖော်ပြပါအရာများ (အကန့်အသတ်မရှိ) ဗုံးများ၊ လက်ကိုင်ဗုံးများ ကဲ့သို့ ပေါက်ကွဲ စေသည့် အရာများ လက်ဝယ်ပိုင်ဆိုင်ခြင်း နှင့် ဖြန့်ဖြူးခြင်း။ | | | X | X |
| လုံခြုံပါစေ | ၉.၅ - သေစေသည့် လက်နက်များအား အတုအပပြုလုပ်ခြင်း<br>သေစေသည့် လက်နက်များနှင့် ဆင်တူသည့် တစ်ခြား ပစ္စည်းများအား လက်ဝယ်ပိုင်ဆိုင်ထားခြင်း။ | | | X | X |

**၉။ ပေါက်ကွဲစေသည့် အရာများ၊ ဓါးများ၊ သေစေသည့် လက်နက် (သို့မဟုတ်) သေနတ်များ ပိုင်ဆိုင်ခြင်း (သို့) သုံးခြင်း-**

ကျောင်းသားများအနေဖြင့် ပေါက်ကွဲစေသည့် အရာများ၊ ဓါးများ၊ သေစေသည့် လက်နက်(သို့မဟုတ်) သေနတ်များကို ကျောင်းသားများအနေဖြင့် မပိုင်ဆိုင်သင့်ပါ (သို့) အသုံးမပြုရ။ ဤအပြုအမူမျှော်မှန်းချက်ကို ချိုးဖောက်ခြင်း နမူနာများမှာ အောက်၌ (ကန့်သတ်ချက်မရှိ) ပါဝင်သည်။

| အပြုအမူ မျှော်မှန်းချက် | အပြုအမူ စည်းမျဉ်းချိုးဖောက်မှု | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | တရားဥပဒေ အရကြားဝင် ဖြေရှင်းခြင်း |
|---|---|---|---|---|---|
| လုံခြုံပါစေ | ၉.၆ - လက်နက် - သေနတ်များ<br>သေနတ်များ/လက်ကိုင်သေနတ်များ ဖြန့်ဝေခြင်း နှင့် ပိုင်ဆိုင်ခြင်း၊ ကိုင်ဆောင်ခြင်း။ | | | X | X |
| လုံခြုံပါစေ | ၉.၇ - ရိုင်ဖယ်သေနတ်များ (သို့မဟုတ်) သေနတ်အတိုများ<br>ရိုင်ဖယ်သေနတ်များ (သို့မဟုတ်) သေနတ်အတိုများ အား ဖြန့်ခြင်း နှင့် ပိုင်ဆိုင်ခြင်း၊ ကိုင်ဆောင်ခြင်း။ | | | X | X |
| လုံခြုံပါစေ | ၉.၈ - လေထုထဲသို့ ပစ်လျှင် ပေါက်ကွဲစေသည့် လက်နက်များ<br>လေထုတွင် ပစ်လျှင် ပေါက်ကွဲစေသည့် လက်နက်များ အစရှိသည့် အရာများကို (ပြခြင်း) ပိုင်ဆိုင်ခြင်း။ | | | X | X |

**၁၀။ တစ်ခြားတရားမဝင်သည့် လုပ်ရှားမှုများဆိုင်ရာ ကဏ္ဍများ**-ကျောင်းသားများအနေဖြင့် ကျောင်းတွင်း/ကျောင်းပြင် (သို့) ကျောင်းတက်ချိန်/ဆင်းချိန် အတွင်း ကျင်းပသည့် ကျောင်းလုပ်ရှားမှုဆိုင်ရာကဏ္ဍ (သို့) ပညာရေးဆိုင်ရာ လုပ်ဆောင်မှုများ (ကျောင်းတွင်ရှိသော သူများကို ကာကွယ်ရန် ကျောင်းသား အား ကျောင်းမှနုတ် ထွက်စေသည့် အမိန့်များ သုံးရခြင်း အစရှိသည့်) တရားမဝင်သည့် လုပ်ဆောင်မှုများ မလုပ်သင့်ပါ။ ဤအပြုအမူမျှော်မှန်းချက်ကို ချိုးဖောက်ခြင်း နမူနာများမှာ အောက်ပါ (ကန့်သတ်ချက်မရှိ) ပါဝင်သည်။

| အပြုအမူ မျှော်မှန်းချက် | အပြုအမူ စည်းမျဉ်းချိုးဖောက်မှု | အဆင့် ၁ | အဆင့် ၂ | အဆင့် ၃ | တရားဥပဒေ အရကြားဝင် ဖြေရှင်းခြင်း |
|---|---|---|---|---|---|
| တာဝန်ကျေပါ | ၁၀.၁ - ကျောင်း(သို့မဟုတ်) ပညာရေးဆိုင်ရာ အစီအစဉ်များတွင် အနှောင့်အယှက်ပေးသည့်တရားမဝင် လုပ်ဆောင်ချက်များ။ | | | X | X |
| တာဝန်ကျေပါ | ၁၀.၂ - တရားမဝင်လုပ်ဆောင်ချက်များကြောင့် ကျောင်းမှနုတ်ထွက်ခြင်း (သို့) ကျောင်းတွင် တစ်ခြားကျောင်းသားများအား ကာကွယ်ရန် ၎င်းကျောင်းသား များကို စောင့်ကြည့်မှု ပြုရခြင်း။ | | | X | X |

## အခွင့်အရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့် ကန့်သတ်ချက်များ

**၁။ ယာယီဆိုင်းငံ့ထားခြင်း-**(I.C 20-33-8-18) အဓိကကျောင်းစည်းကမ်းများမလိုက်နာမှု၊ ဥပဒေကခွင့်မပြုသောလုပ်ရပ်များတွင်ကျောင်းတွင်း၊ကျောင်းနယ်နမိတ်တို့တွင်ပါဝင်ခြင်း(သို့) လက်နက်ဆိုင်ရာစည်းကမ်းချိုးဖောက်မှုများကို လက်မခံနိုင်သည့် အပြုအမူအဖြစ် ကျောင်းအုပ်ကြီး(သို့)ကျောင်းအုပ်ကြီးမှတာဝန်ပေးခန့်အပ်သူသည်(၁၀) ရက်ထက်ပို၍ကျောင်းမှယာယီဆိုင်းငံ့မထားရပါ။အစည်းအဝေးတွင်ကျောင်းသားအားအခွင့်အရေးပေးသည့်အနေဖြင့် အောက်ပါကျောင်းစည်းကမ်းများကိုရှင်းပြပြီးနောက်တာဝန်ရှိဝန်ထမ်းသည်ကျောင်းမှ ယာယီဆိုင်းငံ့ထားမည်-

- ကျောင်းသားသည်ထိုအကျိုးဆက်များကို နှုတ်ဖြင့် (သို့) စာဖြင့်ရေးသားခြင်း
- အကယ်၍ ကျောင်းသားအနေဖြင့် စွပ်စွဲချက်ကို ငြင်းပယ်လျှင် သက်သေအထောက်အထားအကျဉ်းချုပ်
- ကျောင်းသားအားအခွင့်အရေးပေး၍ဖြစ်ပျက်မှုကိုရှင်းလင်းပြောကြားစေခြင်း

အကယ်၍ ကျောင်းသား၏အပြုအမူများမှာလက်မခံနိုင်သည့်အချက်များဖြစ်ပြီးကျောင်းမှချက်ခြင်းထုတ်ပယ်ရန်လိုအပ်ပါကကျောင်းသားအားယာယီထုတ်ပယ်ရန် အစည်းအဝေးကို ချက်ချင်းပြုလုပ်မည်။ ကျောင်းသားကိုဆိုင်းငံ့ထုတ်ပယ်ပြီးလျှင်ကျောင်းအုပ်ကြီး(သို့) ၎င်းမှတာဝန်ခံအပ်ထားသူသည် ကျောင်းသား၏မိဘကိုစာဖြင့်အောက်ပါတို့ကိုဖော်ပြပြီးအကြောင်းကြားမည်

- ကျောင်းသား၏ လက်မခံနိုင်သည့် အပြုအမူ လုပ်ဆောင်ချက်
- ကျောင်းအုပ် (သို့) တာဝန်ခံမှ အမှုဖြေရှင်းချက် လုပ်ငန်းစဉ်

**၂။ ကျောင်းမှထုတ်ပယ်ခြင်း-**(I.C 20-33-8-19) ကျောင်းမှထုတ်ပယ်ခြင်းကိုကျောင်းအုပ်ကြီးမှစာဖြင့်စတင်ရေးသား တောင်းဆိုခြင်းမှစတင်သည်၊ ကျောင်းအုပ်ချုပ်ရေးမှူးကြီး (သို့)၎င်းကတာဝန်ပေးခန့်အပ်သူက ကျောင်းသားနှင့်မိဘအားကျောင်းထုတ်ပယ်ခြင်းဆိုင်ရာအစည်းအဝေးသို့လာရောက်ရန်စာဖြင့်အကြောင်းကြားမည်၊ကျောင်းသား (သို့) မိဘသည်ကျောင်းထုတ်ခြင်း အစည်းအဝေးသို့လာရန်ပျက်ကွက်လျှင်၎င်းတို့၏အခွင့်အရေးများအရကျောင်းထုတ်ခြင်းအတွက်ဖြေရှင်းပြောဆိုတင်ပြရန်အခွင့်အရေးများဆုံးရှုံးမည်၊ ထိုအစည်းအဝေးတွင်ကျောင်းထုတ်ပယ်ခြင်းအစည်းအဝေးပြုလုပ်သူကအောက်ပါအချက်များကိုရှင်းပြမည်

- ကျောင်းထုတ်ခြင်းဆိုင်ရာ သက်သေခံအချက်အလက်များကို မှတ်တမ်းတင်ခြင်း
- သင့်လျော်သည့် ကျောင်းထုတ်ခြင်းဆိုင်ရာ အစီအစဉ်များ
- ကျောင်းသားနှင့်မိဘများကိုလိုအပ်သောအသိပေးချက်များ

**၃။ ကျောင်းထုတ်ပယ်ခြင်းအစည်းအဝေးမပြုလုပ်မီကျောင်းသားကိုဆက်လက်ယာယီထုတ်ပယ်ခြင်း-(**I.C 20-33-8-23) ကျောင်းထုတ်ပယ်သည့်အစည်းအဝေး မကျင်းပမီ ကျောင်းအုပ်ချုပ်ရေးမှူးကြီး (သို့)၎င်းကတာဝန်ပေးခန့်အပ်သူ က အစည်းအဝေးဆုံးဖြတ်ချက်မချမီကျောင်းသားကိုယာယီ (၁၀) ရက်ထုတ်ပယ်ထားမည်၊အကယ်၍အစည်းအဝေးပြုလုပ်ရန်တောင်းဆိုချက်ရလျှင် ကျောင်းသား ယာယီထုတ်ပယ်ခြင်း (သို့) အဓိကထိခိုက်မှုများ လျော့နည်းစေမည့်အကြောင်းရင်းများမှာ-

- ကျောင်း၏ရည်ရွယ်ချက်နှင့် ပညာရေးဆိုင်ရာအစီအစဉ်ပရိုဂရမ်များကို အနှောင့်အယှက်ဖြစ်ပေါ်စေခြင်း (သို့)
- ကျောင်းသား(သို့) အခြားကျောင်းသားများ၊ ကျောင်းဝန်ထမ်းများ (သို့) ကျောင်းသို့လာသည့် ဧည့်သည်များအား ထိခိုက်ဒဏ်ရာရစေခြင်း

**၄။ ကျောင်းအုပ်ကြီး၏ယာယီထုတ်ပယ်ခြင်းဆုံးဖြတ်ချက်ကိုအသနားခံခြင်း-** (I.C 20-33-8-19) ကိုလိုက်နာခြင်းဖြင့် ကျောင်းအုပ်ကြီး၏ ယာယီအကြိုကျောင်းထုတ်ပယ်ခြင်းဆုံးဖြတ်ချက်ကိုအသနားခံအယူခံတင်ခွင့်မရှိပါ။

**၅ ။ မသန်စွမ်းကလေးများလိုက်နာရန်စည်းကမ်းများ -** (I.C 20-33-8-34) - (I.C 20-35-1-2 ပြဌာန်းချက်အရ မသန်စွမ်းသည့် ကလေး/ကျောင်းသားများအတွက်အင်ဒီယာနားပြည်နယ်ဘုတ်အဖွဲ့၏ပညာရေးစည်းကမ်းချက်များ( 20 U.S.C) နှင့် (၁၄၁၅)လိုအပ်ချက်များအရ အင်ဒီးယားနား ပညာရေး ဘုတ်အဖွဲ့နှင့် ပူးပေါင်း လိုက်နာ ဆောင်ရွက်ထားပါသည်။

## ကျောင်းသားကိုအရေးယူဆောင်ရွက်ခြင်းကိုဘုတ်အဖွဲ့၏ထဲ့သွင်းစဉ်းစားခြင်းများနှင့် ကြားဝင်ကိုယ်စားလှယ်များ အမှုစစ်ဆေးခြင်း

**အယူခံ/အသနားခံခြင်း**

**၁။ ဘုတ်အဖွဲ့၏ထဲ့သွင်းစဉ်းစားခြင်းများ-** အရှေ့အယ်လန်ကောင်တီကျောင်းများမှ ကျောင်းဘုတ်အဖွဲ့ဝင်များသည်ကျောင်းသားစည်းကမ်းနှင့်ပတ်သက်သည့် အမှုများကို ကြားနာမည်မဟုတ်ပါ။ သို့သော် ဘုတ်အဖွဲ့ ဥက္ကဌ မှ အဖွဲ့သား တစ်ဦးကို လေ့လာသူအဖြစ် ကြားဝင် ကိုယ်စားလှယ်များနှင့်အတူ ကျောင်းမှထုတ်ပယ်သည့်အမှုစစ်ဆေးရာတွင်တက်ရောက်ရန် ခွင့်ပြုသည်

**၂။ ကြားဝင်ကိုယ်စားလှယ်များ အမှုစစ်ဆေးခြင်း** -ကျောင်းသား နှင့် မိဘများသည် ကျောင်းထုတ်ပယ်ခြင်းဆိုင်ရာတောင်းခံစာကို လက်ခံရရှိပြီး (၁၀)ရက်အတွင်း ကျောင်းထုတ်ရန် ဆုံးဖြတ်ချက် ချမှတ်ချက်များကို ကြားဝင် ကိုယ်စားလှယ်များ အား အမှုပြန်လည်စစ်ဆေးလိုသည့် လျှောက်လွှာ တင်နိုင်ပါသည်။ ကျောင်းအုပ်ချုပ်ရေးမှူးကြီးရုံးပါအင်တန်ဒင့်မှ တောင်းခံစာအတိုင်း ကြားဝင်ကိုယ်စားလှယ် တစ်ဦးကို အမှုပြန်စစ်ဆေးရန်တာဝန်ပေးမည်။ ဤအမှုစစ်ဆေးသူ/ ကြားဝင်ကိုယ်စားလှယ်သည် ကျောင်းထုတ်ခြင်း အစည်းအဝေး ကျင်းပသည့်အခါ ကျောင်းထုတ်ခြင်းနှင့် ပတ်သက်သည့်သက်သေအထောက်အထားများနှင့် မိဘနှင့် ကျောင်း တာဝန်ရှိသူတို့မှ နှုတ်ဖြင့် (သို့) စာဖြင့်လည်း ရေးသားထားမည်။ အကယ်၍ မိဘ(သို့) ကျောင်းသားကိုယ်စားပြုသည့် ကိုယ်စားလှယ်ထံမှ သက်သေအထောက်အထားသစ်များ ရှာဖွေတွေ့ရှိလျှင် အုပ်ချုပ်ရေးမှူးနှင့် ၄င်း ၏ တာဝန်ခံအပ်သူကအထောက် အထားများအား သက်သေခံ (သို့) အကျဉ်းချုပ်ရေးထားသည့်အထောက်အထားများ(ကျမ်းကျိန်လွှာကိုလိုအပ်မှုရှိ/မရှိ ကိုစဉ်းစားဆုံးဖြတ်မည်၊ကျောင်းထုတ်ပယ်ခြင်းအစည်းအဝေးတွင် (သက်သေအထောက်အထားသစ်များ) လက်ခံခြင်းမပြုခင်အုပ်ချုပ်ရေးမှူး၏တာဝန်ပေးအပ်သူကထိုအထောက်အထားအသစ်များ လက်ခံသင့်/မသင့် ကို စဉ်းစားဆုံးဖြတ်မည်။ ဤအခွင့်အရေးသည် ကြားဝင်တောင်းဆိုခြင်း အစည်း အဝေးနှင့် ပတ်သက်ပြီး လိုအပ်သည့် ရပ်နားချက် (သို့) ဆက်လက်ပြုလုပ်ခွင့်ကို ပြန်လည် တုံ့ပြန်မည်၊ တာဝန်ရှိဝန်ထမ်းသည်ကြားဝင်ပြန်လည်ကြည့်ရှု့ရာတွင်သက်သေ အထောက်အထားများကိုစီစစ်ပြီး ကျောင်းထုတ်ပယ်ရန် စစ်ဆေးသူ က (သက်သေအထောက်အထားများ ပျက်ကွက်လျှင်)ဖြစ်ရပ်မှန်အချက်များဖြင့် စဉ်းစားဆုံးဖြတ်မည်၊ စည်းကမ်း ချိုးဖောက် ခြင်းကိုသုံ့သပ်ရာတွင် အဖြစ်မှန်တွေ့ရှိချက်များကို အကဲဖြတ်ပြီး ဆီလျော်ချက်များနှင့်ကိုက်ညီသည့်ပြစ်ဒဏ်များကိုချမှတ်မည်၊ကြားဝင်တောင်းဆိုမှု ပြုချိန်အတွ င်း ကျောင်းသားများကိုယ်စားပြုသည့်ဥပဒေကောင်ဆဲလာကတင်ပြနိုင်သည်၊ အကယ်၍ တောင်းဆိုမှုပြုလုပ်လျှင် အရှေ့အယ်လန်ကောင်တီကျောင်းများမှ တရားဝင် အကြံပေးသူကလာရောက်နိုင်သည်။ ကျောင်းအုပ်ချုပ်ရေးမှူတရားဝင် ကျောင်းထုတ်ပယ်ရန်ဆုံးဖြတ်ချက်ကို စာဖြင့်အတည်ပြုရေးသားပြီး ကျောင်း သားနှင့်မိဘကိုအရှေ့အယ်လန်ကောင်တီကျောင်းများ၏ ထုတ်ပယ်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်အချက်အလက်များကို တရားရုံး ဦးသာ ပြန်လည်ကြည့်ရှု စစ်ဆေးခွင့်ရှိပါသည်။

## မသန်စွမ်းသောကျောင်းသားများအတွက် စည်းကမ်းများနှင့်အစီအစဉ်များ

အင်ဒီးယားနား ဥပဒေ နှင့် အရှေ့အယ်လန်ကောင်တီကျောင်းများ၏ဘုတ်ဖေါ် လစီအရမသန်မစမ်း ကျောင်းသားများကိုအီအေစီအက်စ်ကျောင်းသားအပြုအမူစည်းမျဉ်းများကို(I.C 20-33-8 နှင့်511 IAC 7-29)တွင်ပါဝင်သည့်အချက်များကိုလိုက်လိုက်နာ ရန် ချမှတ်ထားသည်၊ ဤစည်းမျဉ်း၏သတင်းအချက်အလက်များကို ကျောင်းသားရေးရာရုံးတွင်ရနိုင်သည်

## မိဘ ပါဝင်ဆောင်ရွက်ရန်ပေါ်လစီ

အင်ဒီးယားနားကျောင်းများဥပဒေ(I.C 20-33-8)နှင့်အရှေ့အယ်လန်ကောင်တီကျောင်းများမှ ကျောင်းသားအပြုအမူဆိုင်ရာတာဝန်နှင့်ကျောင်းစည်းကမ်း၊ကျင့်ဝတ်များကိုမလိုက်နာသည့် ကျောင်းသားများ၏ မိဘ(အုပ်ထိန်းသူ/ထိန်းသိမ်းစောင့်ရှောက်သူများအပါအဝင်) တို့ကပြဿနာများကို ဖြေရှင်းရန် ကျောင်းတာဝန်ခံများနှင့်တွေ့ဆုံရန်(သို့) အမှုကြားနာခြင်းတွင် ပါဝင်တက်ရောက်ရန်အသိပေးမည်

မိဘများ ပါဝင်တက်ရောက်ခြင်းတွင် (အကန့် အသတ်မရှိ)အစည်းအဝေးတက်ခြင်း၊ကွန်ဖရင့်သို့လာခြင်း၊ တရားစီရင်မှုနှင့်ဆုံးဖြတ်မှုများ၊ လိုအပ်လျှင် ပုံမှန်ကျောင်းခေါ်ချိန်များ၊ကျောင်းဆင်းပြီးနောက်အစီအစဉ်များဖြစ်သည်။

အရှေ့အယ်လန်ကောင်တီကျောင်းများမှ တာဝန်ရှိဝန်ထမ်းများသည် ကျောင်းသားအပြုအမူပြဿနာများနှင့် ပတ်သက်ပြီး မိဘပါဝင်မှုများလိုအပ်ပါက မိဘများအား အောက်ပါအတိုင်း အကြောင်းကြားပါမည်-

၁။ အစည်းအဝေး၊ ကွန်ဖရင့် (သို့) အမှုကြားနာခြင်း မပြုခင် စာတိုက်မှ စာဖြင့်ပို့ပြီး (၃)ရက်မတိုင်မီအရှေ့အယ်လန်ကောင်တီကျောင်းဝန်ထမ်းများကဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားခြင်း (သို့)

၂။ တွေ့ဆုံဆွေးနွေးခြင်း (သို့) အမှုကြားနာရန် အနဲဆုံး(၃)ရက် မတိုင်ခင်အရှေ့အယ်လန်ကောင်တီ ကျောင်းဝန်ထမ်းလူကိုယ်တိုင် စာလာပို့ပေးခြင်း။

မိဘ/အုပ်ထိန်းသူများ၏ ခွင့်ပြု/သဘောတူညီချက်ကိုရရှိပြီးမှအကယ်၍ သင်တန်းများတက်ရန်လိုအပ်သည့် ကျောင်းသားများအတွက် ကျောင်းစည်းကမ်းနှင့် ကျင့်ဝတ်များဆိုင်ရာကျောင်းသား၏အပြုအမူစစ်ဆေးခြင်း၊ လိုင်စင်ရအေဂျင်စီမှပြု လုပ်သည့် (ကောင်ဆဲလိန်း) အကြံပေးသင်တန်း (သို့) မူးယစ်ဆေးဝါး (သို့) အရက်သောက်သုံးခြင်း စီစစ်သည့်ဆောင်ရွက်မှုများကိုပြုလုပ်ရန် ကျောင်းအုပ်ချုပ်ရေးမှူးကြီးရုံးပါအင်တန်ဒင့်၊ ကျောင်းအုပ်ကြီး (သို့) အခြားစီမံအုပ်ချုပ်ရေးမှူးများကဆုံးဖြတ်ချက်ချမည်။ထိုသင်တန်းများနှင့်ဝန်ဆောင်မှုများ၏ကုန်ကျငွေကိုမိဘများကကျခံရမည်

ဤအသိပေးစာများ ရရှိပြီးလျှင် ကျောင်းသားသည်၄င်း၏ပညာရေး တိုးတက်မှု (သို့) အခြားသူများကို အနှောင့်အယှက်ဖြစ်စေသည့် ကျောင်းစည်းကမ်း နှင့် ကျင့်ဝတ်များ ဆက်လက် ချိုးဖောက်သည့် ပြဿနာများကို ဖြေရှင်းရန်အရှေ့အယ်လန်ကောင်တီကျောင်းများမှ  မိဘ၊ အုပ်ထိန်းသူ တွေ့ဆုံဆွေးနွေးခြင်း (သို့) အမှုကြားနာခြင်းတို့ကို ပါဝင်တက်ရောက်ရမည့်တောင်းဆိုချက်ကို လာရန်ပျက်ကွက်ပါက ၄င်းကျောင်းသားအား (IC-31-34-1-7)အရ "ကလေးအတွက်လိုအပ်သည့်ဝန်ဆောင်မှု" ဖြင့် ကလေးများထိန်းသိမ်းစောင့်ရှောက်ရေးဌာနသို့ အပ်နှံခွင့် ရှိသည်

## ရှာဖွေခြင်းနှင့် ဖမ်းဆီးခြင်းပေါ်လစီ

ရှာဖွေခြင်းမပြုလုပ်မီ နှောင့်နှေးကြံ့ကြာမှုများမဖြစ်စေရန် ကျောင်းအုပ်ကြီး(သို့မဟုတ်)၄င်းကတာဝန်ပေးထားသူကိုသက်သေအဖြစ်ဆင့်ခေါ်ဆောင်ရွက်သွားမည်၊ အရှေ့အယ်လန်ကောင်တီကျောင်းများ ဆုံးဖြတ်ချက်များအတွင်း အကြောင်းပြချက်ခိုင်လုံမှုမရှိ ပါက ဆုံးဖြတ်ချက်များမှာ ကြန့်ကြာမှုကိုဖြစ်စေသည်

**၁။ ပစ္စည်းသိမ်းသည့်လော့ကာများ(Lockers)**

အင်ဒီးယားနားဥပဒေ (I.C. 20-33-8-32) နှင့် အရှေ့အယ်လန်ကောင်တီကျောင်းများဘုတ်ဖေါ်လစီအရအရှေ့အယ်လန်ကောင်တီကျောင်းများမှကျောင်းသားလော့ကာများသည်ကျောင်းပိုင်ပစ္စည်းဖြစ်သည့်အတွက်ကျောင်းသားများ၏ကိုယ်ပိုင်ပစ္စည်းအဖြစ်မယူဆသင်ဘဲလော့ကာအတွင်းမှ ပစ္စည်းများကို ကျောင်းအုပ်ကြီး(သို့) ၄င်းမှတာဝန်ပေးအပ်သူသည် (အချိန်မရွေး) စစ်ဆေးနိုင်သည်၊ အောက်ဖော်ပြပါ အကြောင်းများကြောင့် ရှာဖွေခွင့်ရှိသည်-

- ဖက်ဒရယ်ဥပဒေနှင့် ပြည်နယ်ဥပဒေကို ဆန့်ကျင်သည့်အရှေ့အယ်လန်ကောင်တီကျောင်းများစည်းကမ်းကျင့် ဂတ်များ ချိုးဖောက်သည့် သက်သေအထောက်အထားများ
- အရှေ့အယ်လန်ကောင်တီကျောင်းများမှ ဝန်ထမ်းများနှင့် အခြားသူများ၊ ကျောင်းသားများအား ထိခိုက်ဒဏ်ရာ ရစေသော (သို့) ရောဂါဖြစ်စေသည့် ပစ္စည်းများ
- ကျမ်းမာရေး နှင့် မကိုက်ညီသည့် အခြေအနေများ။

**၂။ မော်တော်ယာဉ်များ**

ကျောင်း၏ကားပတ်ကင်တွင်ရပ်ရန် ခွင့်ပြုထားသည့် ကျောင်းသားများ၏ မော်တော်ယာဉ်များကိုလည်း သံသယရှိလျှင် ကျောင်းသား၏လော့ကာများကို ရှာဖွေသည့်ပုံစံများအတိုင်း ရှာဖွေခွင့်ရှိသည်

**၃။ ကျောင်းသား၏စာအုပ်အိတ်များ၊ ကိုယ်ပိုင်ပစ္စည်း (သို့) ပိုင်ဆိုင်သည့် အရာများ**

ကျောင်းသား၏စာအုပ်အိတ်၊ ကိုယ်ပိုင်ပစ္စည်း (သို့) ပိုင်ဆိုင်သည့် အရာများကိုလည်း သံသယရှိလျှင်ကျောင်းသား၏လော့ ကာကိုရှာဖွေသည့်ပုံစံများအတိုင်း ရှာဖွေခွင့်ရှိသည်

ကျောင်းစာအုပ်အိတ်များကို ကျောင်းတွင်အသုံးပြုရမည့်ပစ္စည်းများကိုကျောင်းမှအိမ်/အိမ်မှကျောင်းသို့သယ်ယူရန်အတွက် သာအသုံးပြုရမည်။ ကျောင်းစာအုပ်အိတ်များ၊ အနွေးထည်များနှင့်ကြီးမားသောပိုက်ဆံအိတ်များကိုကျောင်းသားများသည် ၎င်းတို့၏လော့ကာများထဲ၌သာကျောင်းချိန်အတွင်းသိမ်းထားရမည်။ အားကစားခန်းအတွက် စကြံနံလမ်းမှတဆင့်ယူသွား မည့် လွယ်အိတ်သည် ထိုးထွင်းမြင်နိုင်သည့်အကြည်ရောင်အိတ်ဖြစ်ရမည်။

**၄။ ဖမ်းဆီး (သိမ်း) ထားသည့် အရာများ**

ကျောင်းသား၏လော့ကာ၊ မော်တော်ယာဉ်၊ စာအုပ်အိတ်၊ ပိုင်ဆိုင်သည့် ကိုယ်ပိုင်ပစ္စည်းများမှ ဖမ်းဆီး (သိမ်း) တွေ့ရှိလျှင်

- ယာယီကျောင်းထုတ်ခြင်း (သို့) ကျောင်းထုတ်ခြင်း ဆိုင်ရာ အစည်းအဝေးကျင်းပသည့် အချိန်တွင် သက်သေခံ အဖြစ်ဂန်ခံခြင်း
- အကယ်၍ သိမ်းထားသည့် ပစ္စည်းသည် အရေးမပါသော၊တန်ဖိုးမရှိသောပစ္စည်းဖြစ်လျှင် ဖျက်ဆီးပစ်ခြင်း
- ကျောင်းသားမိဘထံသို့ ပြန်လည်အပ်နှံခြင်း (သို့)
- လူငယ်ထိန်းသိမ်းရေးဌာန (သို့မဟုတ်) ဥပဒေအရအာဏာပိုင်များထံ အပ်နှံခြင်း

**၅။ တရားဥပဒေ အရာရှိများ နှင့် ခွင့်ပြုချက်ရထားသော ခွေးများ ဖြင့် စုံစမ်းရှာဖွေခြင်း**

အင်ဒီးယားနားဥပဒေနှင့် အရှေ့အယ်လန်ကောင်တီကျောင်းများဘုတ်ဖေါ်လစီအရ ကျောင်းနယ်နမိတ်အတွင်းကျောင်းအုပ် ကြီး၏တောင်းဆိုချက်ဖြင့်ဥပဒေအရ အာဏာပိုင်အရာရှိများနှင့် ကျွမ်းကျင်ပြီး ခွင့်ပြုချက်ဖြင့် ခွေးများအသုံးပြုပြီး ရှာဖွေခွင့်ရှိ သည်။

**၆။ သတ္တုပစ္စည်းကိရိယာဖြင့်စစ်ဆေးခြင်းကိုအသုံးပြုခြင်း**

အရှေ့အယ်လန်ကောင်တီကျောင်းများ၏ဘုတ်အဖွဲ့ခွင့်ပြုချက်အရသတ္တုပစ္စည်းကိရိယာဖြင့်ကျောင်းများ၏အဆောက်အ ဦးများအတွင်း၊ကစားကွင်း၊ကျောင်းဝန်းကျင်နှင့်ကျောင်းလှုပ်ရှားမှုများတွင်စစ်ဆေးရန်ခွင့်ပြုသည်(ပေါ်လစီ-၅၁၅၁တွင် ကြည့်ပါ)ကျောင်းအဆောက်အဦးအတွင်း သို့လာသူများ၊ မြို့နယ်တွင်း လှုပ်ရှားဆောင်ရွက်မှုများတွင်ပါဝင်သူများကိုနေ့ စဉ်၊ ပုံမှန်(သို့) အခါအားလျော်စွာသတ္တုပစ္စည်းကိရိယာဖြင့် ၎င်းတို့ခန္ဓာကိုယ်နှင့်၎င်းတို့၏ပစ္စည်းများကိုစစ်ဆေးသွား မည်၊ ၎င်းအပြင် ကျောင်းဝန်ထမ်းများမှ သတ္တုပစ္စည်းကိရိယာဖြင့်စစ်ဆေးခြင်းနှင့်အတူ ကျောပိုးအိတ်များ၊ စာအုပ်အိတ်များ၊ ပိုက်ဆံအိတ်များတွင် လက်နက်များ (သို့) တရားမဝင်အင်ပို့ပစ္စည်းများပါ မပါကိုလဲစစ်ဆေးမည်

## လက်ကိုင်ဖုန်း/အီလက်ထရောနစ် ဆက်သွယ်ရေးကိရိယာဖေါ်လစီ

ကျွန်ုပ်တို့၏ရည်ရွယ်ချက်ကိုအထောက်အပံ့ပေးသောအားဖြင့် အရှေ့အယ်လန်ကောင်တီကျောင်းများမှ ကျောင်းသားများကို ကျောင်းပြင်ပအောင်မြင်မှုအတွက် ပြင်ဆင်ရာတွင်ကူညီပေးရန်ကတိပြုသည်၊ ထိုဦးတည်ချက်ကိုဖြစ်မြောက်အောင်မြင်ရေး အတွက်ယခင်ကစာသင်ခန်းပုံစံမျိုး မဟုတ်ပဲ ယနေ့ကမ္ဘာ့အတွက်ကျောင်းသားများနှင့်ဆရာများအားအသင့်ပြင်ဆင်ပေးရန် မရှိမဖြစ်လိုအပ်သည်။ (၂၁)ရာစုနှင့်ငှင်းထက်ကျော်လွန်ပြီး တိုးတက်မှု များ ဆောင်ရွက်လာကြရာတွင်သင်ယူမှုကိုမြှင့်တင် ပေးမည့် စက်မှုနည်း ပညာများ အဓိက အသုံးပြုခြင်းသည် ပိုပြီး အရေးကြီးလာမည်။

ယခုသုံးနေသည့်ဆဲလ်ဖုံးများသည် ကိုယ်ပိုင်ကွန်ပျုတာ ကဲ့သို့ တွက်ချက်သုံးစွဲနိုင်ပြီးကျောင်းသား၏သင်ကြားရေးနှင့်အောင် မြင်မှုအတွက် အရေးကြီးသည့် ဆက်သွယ်ရေးပစ္စည်းတခုလဲဖြစ်သည်။ (၂၁) ရာစုတွင်ပြည်နယ်နှင့်ကမ္ဘာတစ်ပှမ်းအောင် မြင်မှုရစေသည့်ဖုံးများကိုဆက်လက်သုံးစွဲရန် အရှေ့အယ်လန်ကောင်တီကျောင်းများသည်ဆရာများအားတိုက်တွန်းအား ပေးသွားမည်။

<u>ပျောက်ဆုံး၊ ခိုးယူခြင်းခံရသည့် (သို့) ပျက်ဆီးသဖုံးများ/အီလက်ထရောနစ် ဆက်သွယ်ရေး ကိရိယာများ**ကိုအရှေ့အယ်လန် ကောင်တီကျောင်းများ**ကတာဝန်မယူပါ။ သိမ်းဆည်းထားသည့်ဖုံးများပျောက်ဆုံးခြင်း၊ ခိုးခံရခြင်း နှင့် ဂန်ထမ်းများကနေရာ အထားမှားလျှင်လည်း ပြန်လျော်ပေးမည် မဟုတ်ပါ။</u>

<u>ပျောက်ဆုံးသည့် ဖုံးများ/အီလက်ထရောနစ် ဆက်သွယ်ရေးကိရိယာများနှင့်ပတ်သက်ပြီးအချိန်များစွာပေးရသည့်အတွက် ကျောင်းမှ စုံစမ်းမှုများမလုပ်ပေးနိုင်ပါ။ လုံခြုံစွာအသုံးပြုရန်မှာကျောင်းသားများ တာဝန်သာလျှင်ဖြစ်သည်</u>

<u>မိဘ သတင်းအချက်အလက်များ နှင့် တယ်လီဖုန်း ဆက်သွယ်ရေးများ</u>

စာသင်ချိန်၌ နှောင့်ယှက်မှုများ ကန့်သတ်ထားရာ အရေးပေါ်အတွက်သာလျှင်ကျောင်းသားများကုဖုံးခေါ် မိဘများ၏ ပူး ပေါင်းပါဝင်မှု ကို ကျွန်ုပ်တို့ တောင်းဆိုသည်၊ စာသင်ချိန်သည် အလွန်တန်ဖိုးရှိသည့်အတွက် နှောင့်ယှက်မှု အနည်းဆုံး ဖြစ်စေလိုသည်။ နေ့လယ်စာများ၊ စာအုပ်များနှင့် အခြားအရာများ ကျန်ခဲ့လျှင်၊ စာသင်ခန်းသို့ မလာပို့ပါနှင့်။ အခန်းတံခါး ဖွင့်တိုင်း အာရုံစိုက်မှုနှင့် သင်ကြားရေးကို အနှောင့်အယှက်ဖြစ်စေသည်။ သတင်းများကို ပို့ပေးမည်ဖြစ်ပြီးသင်ကြားနေ သည့်အချိန်တွင် ကျောင်းသားများကို ဆက်သွယ်ခြင်း (သို့)ဖုံးဖြင့် သတင်းပို့ခြင်းမပြု လုပ်ရန် ကျွန်ုပ်တို့ပြောလိုသည်။

## အရှေ့အယ်လန်ကောင်တီကျောင်းများ၌အနိုင်ကျင့်ခြင်း နှင့် နှောင့်ယှက်ခြင်းပေါ်လစီ

အရှေ့အယ်လန်ကောင်တီကျောင်းများ၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအားလုံး လေ့လာသင်ယူနိုင်သည့် တူညီသော သောအခွင့်အရေးများ ပေးရန်ဖြစ်သည်။ အရှေ့အယ်လန်ကောင်တီကျောင်းများမှ ကျောင်းသားများအားလုံးအတွက် လုံခြုံ သော၊ကောင်းသော၊ အကျိုးဖြစ်ထွန်းသော၊ ပြုစုပျိုးထောင်ပေးသော၊ ပညာရေး ပတ်ဝန်းကျင်အနေအထား ဖြစ်လာရန် တာဝန်ယူထားပါသည်။ အနိုင်ကျင့်ခြင်းသည် ကျောင်းသားများအား ကျောင်းပညာလေ့လာသင်ကြား ရေးနှင့် တိုးတက် အောင်မြင်မှုကို ဆုတ်ယုတ်စေသည်။ ကျွန်ုပ်တို့ကျောင်း ရည်မှန်းချက်ကိုအဟန့်အတားဖြစ်စေသည့်ပြင်ပညာရေးအစီ အစဉ်များကိုလည်း နှောင့်ယှက်စေသည်။ အနိုင်ကျင့်ခြင်းသည် ခံရသည့်သူနှင့်ပါဝင်သူ မျက်မြင်သက်သေများအတွက်ပါ သက်ရောက်မှုရှိပါသည်။

လူ့ကျင့်ဝတ်နှင့် တာဝန်ကျေသောအပြုအမူများမြှင့်တင်ရေးသည် ကျွန်ုပ်တို့ကျောင်းပညာရေး၏ ရည်ရွယ်ချက် တစိတ်တ ပိုင်းဖြစ်သည်ဟုအီးအေစီအက်စ်မှယုံကြည်သည်၊ အကယ်၍ ကျောင်းသားတစ်ဦးသည် "ဒေသတွင်းနှင့် ကမ္ဘာတစ်ပှမ်း လူ့အဖွဲ့အစည်းအား အကျိုးပြုသောတာဝန်ကျေသော "အပြုအမူအကျင့်စာရိတ္တ" ကောင်းရှိသူအဖြစ် ကျောင်းမှထွက်ခွါ သွားရန် အရေးကြီးပါသည်။

အနိုင်ကျင့်ခြင်း (သို့) နှောင့်ယှက်ခြင်းများသည်ကျွန်ုပ်တို့၏ရည်ရွယ်များကိုအနှောက်အယှက်ဖြစ်စေသည်၊ ကျောင်းသားများ စာပေလေ့လာသင်ကြားရန် အခွင့်အရေး၊ ကျွန်ုပ်တို့ပညာရေး ရည်ရွယ်ချက်နှင့် အခြားသောကျောင်းလုပ်ငန်းစဉ်များ အား နှောင့်ယှက်စေမည့် အပြုအမူများကို EACS မှ အရေးယူသွားမည်ဖြစ်သည်။

## အနိုင်ကျင့်ခြင်းကို တားမြစ်သည်

အနိုင်ကျင့်မှုနှင့် နှောင့်ယှက်မှုများသည် လက်မခံနိုင်သော လုပ်ရပ်ဖြစ်ပြီး၊ EACS မှတားမြစ်ထားပါသည်။ ဤလုပ်ရပ်၌ ပါဝင်သော အနိုင်ကျင့်ခြင်းဖြစ်စေသည့် မည်သည့်ကျောင်းသားမဆို နောက်ဆက်တွဲအရေးယူခြင်းအဖြစ်ကျောင်းမှ ယာယီဆိုင်းငံ့ခြင်း (သို့) ထုတ်ပယ်ခြင်းအထိ အရေးယူမည်။ ကျောင်းသားအနိုင်ကျင့်ခြင်း အပြုအမူကို အခြားသော ပြုမှုဆိုင်ရာအရေးယူခြင်းများဖြင့်လည်း ဖြေရှင်းသွားမည်။ ဤတားမြစ်ချက်တွင် ကိုယ်၊ နှုတ်၊ စိတ်အားဖြင့်၊ အနိုင့်ကျင့် ခြင်းများပါဝင်သည်။ ကိုယ်ခန္ဓာထိခိုက်မှု (သို့) ပုဂ္ဂိုလ်ရေးဆိုင်ရာ ရုပ်ညံ့မှုဖြစ်စေ ရန်(သို့) ခြိမ်းခြောက်သည့် မည်သည့် အမူအရာမဆို၊ ထင်မြင်ချက်များ၊ ခြိမ်းခြောက်မှုများ(သို့)ဆောင်ရွက်မှုများကိုကျောင်းဘုတ်အဖွဲ့မှ သည်းခံမည်မဟုတ်ပါ ဤဖေါ်လစီမှ ကျောင်းသားတစ်ဦးသည် ကျောင်းနယ်မြေအတွင်း ကျောင်းမတက်မီနှင့် ကျောင်းတက်နေစဉ်သော်၎င်း ကျောင်းဆင်းချိန်နှင့် ကျောင်းအဖွဲ့များ၌ဆောင်ရွက်နေစဉ်၎င်း၊ ကျောင်းနယ်မြေအတွင်းမဟုတ်ပဲကျောင်းနှင့် ပတ်သက် သည့် ပွဲများတွင်၎င်း၊ ကျောင်းအဖွဲ့အစည်းများနှင့် လေ့လာရေးခရီးစဉ်များတွင်၎င်း၊ ကျောင်းပိုင်ပစ္စည်းများနှင့် ကျောင်း အသုံးအဆောင်များကို သုံးစွဲနေစဉ်၎င်း အကျုံးဝင်သည်။ ထိုလုပ်ရပ်များ ကျောင်းပြင်ပတွင် ဖြစ်ပျက်ပြီး၊ ကျောင်းအား ကြီးမား သောနှောက်ယှက်မှု (သို့) ကျောင်းသား လုံခြုံမှု အခွင့်အရေးများ ထိပါးစွက်ဖက်လာလျှင်၊ ကျောင်းအုပ်ချုပ်ရေး မှူးမှ နောက်ဆက်တွဲအကျိုးဆက် ပြစ်ဒဏ်များ ပေးနိုင်သည်။ ထို့အပြင် ကျောင်းအုပ်ချုပ်ရေးမှူး အဖွဲ့မှဆိုက်ဘာ(cyber) မှအနိုင်ကျင့်ပြုမှုဆောင်ရွက်ခြင်း (သို့) နှောင့်ယှက် ခံရလျှင် ပုလိပ်ဌာနသို့ သတင်းပို့လိမ့်မည်။

### အနိုင်ကျင့်ခြင်း ၏ အဓိပ္ပါယ်သတ်မှတ်ချက်မှာ-

ဤဖေါ်လစီ၏ ရည်ရွယ်ချက်အရ - အနိုင်ကျင့်ခြင်း၏ ဆိုလိုရင်းမှာပေါ်ပေါ်ထင်ထင်၊ မလို လားသော၊ အကြိမ်ကြိမ်အဖန် ဖန်ပြုလုပ်ခြင်းများ (သို့) အမူအရာနှင့်၊ နှုတ် (သို့) စာဖြင့်ဆက်သွယ်ခြင်း(သို့) ရုပ်ပုံ များကိုအီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းများ ပါဝင်ပြီး၊ ကိုယ်ထိလက်ရောက် ကျူးလွန်သည့်အပြုအမူများ၊ ရန်မူခြင်း၊ (သို့) အခြားမည်သည့်အပြု အမူ မဆို ကျောင်းသားတစ်ယောက်(သို့) အုပ်စုဖြင့်၊ အခြားသော ကျောင်းသားတစ်ဦးကို၊ နှောက်ယှက်ရန်၊ လှောင်ပြောင်ရန်၊ အရှက်ခွဲရန်၊ ခြိမ်းခြောက်ရန်၊ (သို့) ရည်ရွယ်သည့် ကျောင်းသားအား ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်နှင့်ပြုလုပ်ခြင်း ကျောင်းသားကို ရန်ပြုစေသည့် ကျောင်းအနေအထား ပတ်ဝန်းကျင်ဖြစ်အောင် ဖန်တီးပေးသည့်-

၁) ပြစ်မှတ်ထားသောသူ (သို့) ၎င်းပိုင်ဆိုင်မှုတို့အား ထိခိုက်နစ်နာရန် ပေါ့ပေါ့တန်တန်မဟုတ်သည့် ကြောက်လန့်မှု အနေအထားသို့ ရောက်သွားအောင် ဖန်တီးခြင်း။

၂) ပြစ်မှတ်ထားသောကျောင်းသား၏ ကိုယ်ကာယဖြစ်စေ၊ (သို့) စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဖြစ်စေ၊ ကြီးကြီးမားမား အကျိုးဆုတ်ယုတ်စေခြင်း။

၃) ပြစ်မှတ်ထားသောသူ့ ကျောင်းသား၏ ပညာရေးလုပ်ဆောင်မှုများအား ဝင်ရောက်စွက်ဖက်ခြင်းဖြင့် ကြီးမားသော ဆိုးကျိုးသက်ရောက်စေခြင်း။

၄) ပြစ်မှတ်ထားသောသူ ကျောင်းသားကို ကျောင်းမှပံ့ပိုးထားသည့် ဝန်ဆောင်မှု၊ ဆောင်ရွက်မှုများ နှင့်အခွင့်ထူးများ ၌ ပါဝင်လုပ်ဆောင်ရန် (သို့) အကျိုးခံစားရန် ၎င်းအစွမ်းအစများကို အလွန်အမင်းဝင်ရောက် စွက်ဖက်ခြင်းဖြင့်ဆိုး ကျိုးသက်ရောက်စေခြင်း။

**ဆိုက်ဘာ (Cyber) အနိုင်ကျင့်ခြင်း ၏ ဆိုလိုရင်းမှာ-**

ဆိုက်ဘာ (Cyber) အနိုင်ကျင့်ခြင်းသည် (အကန့်အသတ်မရှိ) အောက်ပါတို့ပါဝင်သည်။ စက်မှုနည်းပညာ ကိုအလွဲသုံးစား လုပ်ခြင်း၊ နှောင့်ယှက်ခြင်း၊ နောက်ပြောင်ခြင်း၊ မသင့်လျော်သည့် သတင်းအချက်အလက် (သို့) အီးမေး လ်များ၊ စာဖြင့် သတင်းအချက်အလက်များ၊ ဓာတ်ပုံများ (သို့) ရုပ်ပုံများ ပို့ခြင်း (သို့) အင်တာနက်စာမျက်နှာ(ဘလောက်)ပေါ်တင်ခြင်း၊ အစရှိသည့် နည်းလမ်းများဖြင့် အခြားကျောင်းသား (သို့) ဝန်ထမ်းအား ထိုနည်းပညာတို့ဖြင့် ကိရိယာ အသုံးချပြီး အကြမ်းဖက်မှုလုပ်ခြင်းများ ပါဝင်သည်

**ဖေါ်လစီတွင်ပါသောအချက်များ**

ဤဥပဒေသည် ကျောင်း၌၎င်း၊ကျောင်းဝန်းနယ်နမိတ်အတွင်း၌၎င်း၊ ၊ ကျောင်းမှကျင်းပသည့် လုပ်ရှားမှုများ နှင့် ပွဲတော် များ၌ ၎င်း၊ ကျောင်းမှတာဝန်ယူပြီး ပို့ဆောင်ပေးနေစဉ်အချိန်အတွင်း၎င်း၊ အနိုင်ကျင့်ခြင်း အကျုံးဝင်သည်။ ကွန်ပျူတာဆက်သွယ်ရေး မှတဆင့်(သို့) ကွန်ပျူ တာအချက်လက်များမှ တဆင့်အသုံးပြု၍ အနိုင်ကျင့်ခြင်းများလည်း ပါဝင်သည် ထို့အပြင် မည်သည့် နေရာဒေသမဆို ကန့်သတ်ချက်မရှိ တားမြစ်ထားပြီးအနိုင်ကျင့်ခြင်းကိုမည်သည့်အချိန် ၌မဆို ဖြစ်သော-

၁) တစ်စုံတစ်ဦးမှ အနိုင်ကျင့်ခြင်းကို ကျူးလွန်ပြီး၊အနိုင်အထက်ပြုခြင်းအား၊ အဖွဲ့အစည်းထဲမှ ပြစ်မှတ်ထားသည့် ပညာ သင်ကြားနေသည့် မည်သည့်ကျောင်းသားမဆို အနိုင်ကျင့်ခြင်း။

၂) ကျောင်းစည်းကမ်းများနှင့် ကြီးမားစွာဝင်ရောက်စွက်ဖက်ခြင်းမှ ဖြစ်ပေါ်လာသည့်အနိုင်ကျင့်ခြင်း (သို့) အခြားသူတို့၏ လုံခြုံမှုနှင့် ငြိမ်းချမ်းသော သင်ကြားရေး ပတ်ဝန်းကျင်အခြေအနေများ၏ အခွင့်အ ရေးများကို မရေရာသောခြိမ်းခြောက် မှုတို့ ဖြစ်သည်။

အနိုင်ကျင့်ခြင်းဆိုင်ရာအပြုအမူ ဥပမာများမှာ၊ ကန့်သတ်ချက်မရှိ ဤအရာများ ပါဝင်သည်။

(က) အရုက်ခွဲခြင်း၊ ဆဲရေးတိုင်းထွာခြင်း(သို့) မခံချိမခံသာဖြစ်အောင် နေရာအနှံ့လိုက်ပြောခြင်း၊ အမည်ခေါ်ခြင်း၊သိမ်ငယ် စေခြင်း၊ ပျက်ရယ်ပြုခြင်း၊ ရှုံ့ချခြင်း (သို့)လူမျိုး၊ အသားအရောင်၊ကျား/မ၊ လိင်သဘောသဘာဝ၊ မျိုးရိုး၊ ဘာသာရေး၊ မသန်စွမ်းမှု၊ (သို့) အခြားကိုယ်ပိုင်သွင်ပြင်လက္ခဏာများရှိ သည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ၎င်းတို့နှင့်ပတ်သက်သော အသရေဖျက်စေသည့် ဟာသပြုလုပ်ခြင်း၊

(ခ) တစ်စုံတစ်ဦး၏ ကိုယ်ကာယ (သို့) ပိုင်ဆိုင်မှုအား ကိုယ်ထိလက်ရောက် ထိပါးခြင်း (သို့) နစ်နာစေခြင်း

(ဂ) ကျောင်းသားတဦး၏ပိုင်ဆိုင်မှုများ (သို့) အခြားသူတဦးချင်းကိုနှုတ်ဖြင့်၊ စာဖြင့်(သို့) ဆိုက်ဘာဆက်သွယ်ရေးဖြင့်ထိ ခိုက်နာကျင်စေသည့် ခြိမ်းခြောက်မှုများ။

(ဃ) နှုတ်ပိတ်ခိုင်းခြင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ ကာကွယ်မှုအတွက်အခကြေးငွေ(သို့) အင်အားသုံး၍ငွေတောင်းခြင်း/ ငွေချေးခြင်း(သို့) အလှူငွေများ တောင်းခံခြင်း။

(င) နှုတ်ဖြင့် မဟုတ်သော ခြိမ်းခြောက်မှုများ(သို့) ရန်မူလိုသော (သို့) ကြိမ်းမောင်းသည့်အမူအရာများ။

(စ) တိတ်တဆိတ်ရန်မူခြင်း။

(ဆ) ကျောင်းနယ်မြေ (သို့) အဆောက်အဦးများသို့ သွားရာလမ်းကို ပိတ်ပင်ဟန့် တားခြင်း။

(ဇ) စာအုပ်များ၊ ကျောပိုးအိတ်များ၊ (သို့) အခြားပိုင်ဆိုင်မှုပစ္စည်းများကို ခိုးခြင်း (သို့) ဖုက်ထားခြင်း၊

ဤစည်းကမ်းချက်များ၏ရည်ရွယ်ချက်အရ၊ နောက်ပြောင်ခြင်း၊ ဖိနှိပ်ခြင်း၊ အာလပ သာလပပြောခြင်း၊ အချင်းချင်း ဆဲဆိုခြင်း(သို့) မိတ်ဆွေအချင်းချင်းကြား တူညီသောလုပ်ရပ်များကို အနိုင်ကျင့်ခြင်း မဟုတ်ဟု သတ်မှတ်သည်။

သီးသန့်အပြုအမူတစ်ခုကို အနိုင်ကျင့်ခြင်းအဖြစ်သတ်မှတ်ရန် အခြေအနေများဖြစ်သည့်၊ ပြဿနာဖြစ်သည့်အကြိမ်ရေ၊ ဖြစ်ပွါးသည့်အခင်းနေရာ၊ ပါဝင်သည့်ကျောင်းသားများတို့၏ အသက်အရွယ်နှင့်ရင့်ကျက်မှု၊ လုပ်ဆောင်မှု (သို့) ဖြစ်ပျက်မှု အကြောင်းအရာနှင့်၊ အပြုအမူသဘောသဘာဝနှင့် ပြင်းထန်မှုအခြေအနေများကိုကျိုးကြောင်းဆီလျော်သော ထည့်သွင်း စဉ်းစားရမည့် အချက်အလက်များ တောင်းဆိုထားသည်။

## တိုင်ကြားခြင်း

မည်သည့်ကျောင်းသားမဆို ယခင်(သို့)ယခုလောလောဆယ်အနိုင်လိုကျင်ခံရသည့်ပြစ်မှတ်သားကောင်ဖြစ်သည်ဟု(သို့) ဤဖေါ်လစီကိုကျူးလွန်သည့် အပြုအမူသိရှိခဲ့လျှင် ကျောင်းအုပ်ကြီး၊၎င်းကခန့်အပ်သူထံသို့ဖြစ်ပွါးသည့် နေ့ရက် (သို့) ခိုင်လုံသေသက်သေခံအချက်အလက်များကိုစာဖြင့်ရေးပြီးတိုင်ကြားရန် တိုက်တွန်းသည်၊  မိဘများမှအနိုင့်ကျင့်ခံရသည်ဟု သိလျှင် စာဖြင့်ရေး၍ပြီး တိုင်ကြားနိုင်သည်။ ကျောင်းသားကိုယ်တိုင်တာဝန်ရှိဝန်ထမ်း/ဆရာအားအသိပေးပြီး ၎င်းမှ သင့်လျော်သော စီမံခန့်ခွဲရေးမှူးထံသို့ အသိပေးတိုင်ကြားနိုင်သည်။ အနိုင်ကျင့်ခြင်းတိုင်ကြားချက်အားလုံးသည်ကျောင်းစီမံခန့်ခွဲရေး တာဝန်ခံများထံသို့တင်ပြရမည်ဖြစ်သည်။ကျောင်းအုပ်ကြီးထံသို့တင်ပြမှုကို မကျေနပ်လျှင်၊ လက်ထောက်စူပါအင်တန်ဒင့်၊ ထိုလက်ထောက်စူပါအင်တန်ဒင့် နှင့် စင်ထရယ်ရုံးမှအုပ်ချုပ်ရေးမှူးတို့ကိုတင်ပြမှုမကျေနပ်လျှင် ကျောင်းအုပ်ချုပ်ရေးမှူးကြီး/စူပါအင်တန်ဒင့်ထံသို့တင်ပြရမည်၊ ထိုမှတဆင့် ဘုတ်အဖွဲ့ ဥက္ကဌ ထံသို့တင်ပြနိုင်သည်။

ဤဖေါ်လစီကို ချိုးဖောက်သည့်မည့်သည့်ဝန်ထမ်းမဆိုလေ့လာတွေ့ရှိသိမြင်ပါက၊ ထိုနေ့၏အလုပ်ချိန်တရက်အတွင်း၌၊ **<u>နှုတ်အားဖြင့် တိုင်ကြားမှုပြုရမည်</u>** (သို့) စာရေးပြီး၊ **<u>နောက်ယှက်မှု၊ နိုင်လိုမင်းထက်ပြုကျင့်မှု၊ ခွဲခြားဆက်ဆံမှုတို့၏ တိုင်ကြားချက်များအတွက်ဖောင်ပုံစံကို</u>** အသုံးပြု၍၊ နှုတ်ဖြင့်တိုင်ကြားသည့်ရက်နှင့်တစ်ရက်တည်း၌ရေးဖြည့်ရမည်။

အနိုင်ကျင့်ခြင်း အဖြစ်အပျက်ကို အစီရင်ခံတင်ပြသူအား တစ်စုံတစ်ဦးမှ ရန်တုံ့နှင်းခြင်း (သို့) တော်လှန်ရန်ပြုသည့် အပြုအမူတို့ကို ပိတ်ပင်တားမြစ်ထားပါသည်။ မည့်သည့်ကျောင်းသားမဆို၊  အခြားကျောင်း သားတဦးကိုအနိုင်ကျင့်သည်ဟု မမှန်မကန်စွပ်စွဲလျှင် စည်းကမ်းအရ အပြစ်ပေးခြင်း ခံရမည်ဖြစ်သည်။

## အနိုင်ကျင့်ခြင်းကို တုံ့ပြန်မှု

ဤဖေါ်လစီကို ချိုးဖေါက်သည့်အနိုင်ကျင့်ခြင်းဆိုင်ရာတိုင်ကြားမှုများအားလုံးကို **ချက်ချင်း** စုံစမ်းစစ်ဆေးမှုပြုလုပ်မည်၊ အမည်မဖေါ်လိုသူမှ တိုင်ကြားချက်များကိုလည်း စုံစမ်းစစ်ဆေးလိမ့်မည်။ ဝန်ထမ်းသည် အမည်မဖေါ်လိုသူ၏တိုင်ကြားချက်များကို **<u>နောက်ယှက်မှု၊ နိုင်လိုမင်းထက်ပြုကျင့်မှု၊ ခွဲခြားဆက် ဆံမှုတို့၏ တိုင်ကြားချက်များအတွက်၊ အစီရင်ခံစာ ဖောင်ပုံစံဖြင့်</u>** ပြန်လည်ရေးသားပေးရမည်။ ကျောင်းသားပြုမူစည်းကမ်းချိုးဖေါက်မှုအတွက် အမည်မဖေါ်လိုသူ၏အစီရင်ခံစာအပေါ်လုံးဝမူတည်ပြီး ပုံမှန်အရေးယူခြင်း ပြုလိမ့်မည် မဟုတ်ပါ။ စုံစမ်းစစ်ဆေးရန် တာဝန်ပေးအပ်ခြင်းခံရသူမှ၊ ပဏာမစစ်ဆေးမှုကိုစတင်ပြုလုပ်ပြီး အလုပ်ရက်တစ်ရက်အတွင်း တိုင်ကြားမှုရရှိပြီး၊ တိုင်ကြားသူ (သို့) စွပ်စွဲခံရသူကိုမေးခွန်းများ မေးမည်၊ စွပ်စွဲခံရသော မှားယွင်း သည့်အပြုအမူမှ အနိုင်ကျင့်ခြင်း အဆင့်ထိသို့ တိုးသွားသော်လဲ ကျောင်းသားမိဘများ ပါဝင်ရန်အတွက်၊ ဖြစ်ပွါးမှုတစ်ရက်တည်း၌ တိုင်ကြားချက်လက်ခံရရှိပြီးနောက်၊ ၎င်းတို့ကို အသိပေးအကြောင်းကြားမည် ဤအစီအစဉ်ကို စုံစမ်းစစ်ဆေးမှုအခြေအနေများအပေါ်  အခြေခံပြီး၊ ပြုပြင်ပြောင်း လဲမည်၊စာဖြင့်ေ ရးသည့်အရေး ယူမှုကို ကျောင်းအုပ်ထံသို့ အမြန်ဆုံးတင်ပြရမည်။ သို့သော် နောက်ယှက်မှု၊ ခြိမ်းခြောက်မှု၊ (သို့) အနိုင်ကျင့်ခြင်းတို့ကိုတိုင်ကြားသည့်ရက်မှစ၍ ကျောင်းတက်ရက် (၅) ရက်ထက် နောက်မကျစေရ။ ကျောင်းအုပ်မှ၊ အဖွဲ့ကြီးကြပ်ရေးမှူးထံသို့ စုံစမ်းစစ်ဆေးမှုအပြည့်အစုံကို ကျောင်းတက်ရက် (၁၀) ရက်အတွင်းတိုင်ကြားချက်များတင်ပြရမည်

အနိုင်ကျင့်ခြင်းလွန်ကဲသည့်အဖြစ်အပျက်များကို စုံစမ်းစစ်ဆေးသူမှစူပါအင်တန်ဒင့် (သို့)၎င်းကတာဝန်ပေးသောဝန်ထမ်းထံသို့အမြန်ဆုံး တင်ပြရမည်။ ရာဇဝတ်ကျူးလွန်မှု အဆင့်သို့ ရောက်ရှိသွားသော အဖြစ်အပျက်များကို ပုလိပ်(ရဲ)များထံသို့ အမြန်ဆုံး တင်ပြရမည်၊ စုံစမ်းစစ်ဆေးခြင်းမှ အနိုင်ကျင့်ခြင်းကိုချက်ချင်းတွေ့ရှိလျှင်၊ အလျှင်အမြန်နှင့်၊ သင့်တော်သော

ကျောင်းစည်းကမ်းဖြင့်အရေးယူမှုများပြုလုပ်မည်၊ ကျောင်းစီမံခန့်ခွဲရေးတာဝန်ခံတို့မှထိုအနိုင်ကျင့်မှုတွင်ပါဝင်သောကျောင်းသားအား၊ သင့်တင့်သော တုံ့ပြန်မှုအတွက် ဆုံးဖြတ်ပေးရာတွင်ထိုကျောင်းသား၏ အသက်အရွယ်နှင့် ရင့်ကျက်မှု၊ ပြုမူခြင်းအမျိုးအစားများ၊ အပြုအမူဖြစ်ပွါးမှု အကြိမ်အရေအတွက်(သို့) ပုံစံ၊ အဖြစ်အပျက်၏ အကြောင်းရင်းနှင့် အခြားသောသက်ဆိုင်ရာအခြေအနေများကို ထည့်စဉ်းစားသည်။ အကျိုးဆက်များဖြစ်သော၊ ပြန်လည်ကောင်းမွန်လာအောင်ပြုသည့် တွေ့ဆုံစည်းဝေးပွဲများ၊ ကောင်းသော အပြုအမူဆိုင်ရာ ကြားဝင်စေ့စပ်ခြင်းမှ၊ ကျောင်းသားကို ကျောင်းထုတ်လိုက်ခြင်း အထိ အပါအဝင်၊ ဝန်ထမ်းအား အလုပ်ဖြုတ်သည်အထိ ပါဝင်ပြီး၊ မိဘများ၊ ဧည့်သည့်များ၊ စေတနာ့ဝန်ထမ်းများ၊ ကန်ထရိုက်တာဝန်ခံများဖယ်ထားခြင်းနှင့် မည်သည့်အရာရှိမဆို ရာထူးမှ ထုတ်လိုက်ခြင်းနှင့် (သို့) နာယကအဖွဲ့ထဲမှ နုတ်ထွက်ရန်တောင်းဆို ခြင်းများ ပါဝင်သည်။ တစုံတဦးအား ရဲပုလိပ်လက်ထဲသို့ အပ်နှံခြင်း ခံရနိုင်သည်။

ပြစ်မှတ်ထားသည့် ကျောင်းသားနှင့်၎င်း၏မိဘများအား စုံစမ်းစစ်ဆေးမှုမှ အရေးယူခြင်းများအကြောင်းနှင့်ပတ်သက်၍၊ သင့်တော်သောအခြေအနေများကို ကြေအေးရန် ဆောင်ရွက်ခြင်းများကိုအသိပေးမည်၊ စုံစမ်းစစ်ဆေးခြင်းမှအရေးယူခြင်းများသည်အခြေအနေကြေအေးဂုန်လိုအပ်သည်ဟု တောင်းဆိုသော်- အောက်ပါအချက်များ (ကန့်သတ်ချက်မရှိ)ပါဝင်မည် (၁) အနိုင်ကျင့်မှုတွင် ပါဝင်သူ၏ ပညာရေးအတွက်နှင့် ခံရသူအတွက် ကာကွယ်ရေးနှင့် ပံ့ပိုးမှုများ၊ (၂) အနိုင်ကျင့်သူအစည်းကမ်းများ (၃) အနိုင်ကျင့်သူနှင့်အကျင့်ခံရသူတို့၏ မိဘများအား အသိပေးခြင်း။

ဖြစ်ပွါးမှုနှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများ၊ မည်သည့်ဆုံးမသွန်သင်မှု (သို့) ပြေအေးခြင်း အရေးယူမှုအတွက်ဆောင်ရွက်ခြင်းမှလွဲ၍၊ ကျောင်းသားပညာရေးမှတ်တမ်းများ (သို့) ဝန်ထမ်းကိုယ်ရေးကိုယ်တာ အမှုတွဲ မှတ်တမ်းထဲမှ၊ သီးသန့်ထိန်းသိမ်းထားပါလိမ့်မည်။

ကျောင်းအုပ်ကြီးများကို အနိုင်ကျင့်ခြင်း အဖြစ်အပျက်များနှင့် မမှန်ကန်သော တိုင်ကြားမှုများအားလုံးအတွက် တုံ့ပြန်ရန်အခွင့်အာဏ ပေးထားပါသည်။ (P.L 285-2013) ၏ခွင့်ပြုချက်အတစုံတဦးကအခြားသူတဦးကိုအနိုင်ကျင့်သည့်အနေဖြင့်မမှန်ကန်သည့် စွပ်စွဲချက်ကို ကျောင်းအုပ်ကြီးမှ အကျိုးဆက်များနှင့်ကြေအေးရန်ဆောင်ရွက်ချက်များတုံ့ပြန်ပေးရန်မျှော်လင့်သည်

၁။ ကျောင်းသားများ - ကျောင်းသားအတွက်၊ နောက်ဆက်တွဲများနှင့် သင့်တော်သောကြေအေးမှုအတွက်ကောင်းသောအပြုအမူဆိုင်ရာ ဝင်ရောက်ဖြေရှင်းခြင်းနှင့် ဆိုင်းငံ့ထားခြင်း (သို့) ကျောင်းမှထုတ်ပယ်လိုက်ခြင်းများ အထိ ပါဝင်သည်။

၂။ ကျောင်းဝန်ထမ်းများ - ကျောင်းဝန်ထမ်းတစ်ယောက်အတွက် (သို့)ကျောင်းသားနှင်ဆက်သွယ် ထိတွေ့မှုရှိသည့် ကန်ထရိုက်ဝန်ဆောင်မှု ပံ့ပိုးသူအတွက် နောက်ဆက်တွဲနှင့်သင့်တော်ပြီးကြေအေးမှုများ၊ အဖွဲ့အစည်း၏စည်းမျဉ်းစည်းကမ်း ၊လုပ်ထုံးလုပ်နည်းများနှင့် သဘောတူညီချက်များအတိုင်း အပြစ်ပေးနိုင်သည်

၃။ ဧည့်သည်များ(သို့)လုပ်အားပေးများ-ဧည့်သည်နှင့်လုပ်အားပေးမျာအတွ က်၊ နောက်ဆက်တွဲများနှင့်သင့်တော်သောကြေအေးသည့် လုပ်ဆောင်ချက်ကို၊ ဖြစ်ရပ်သဘောအနေအထား ဆင်ခြင်သုံ့သပ်မှု၊ ဆိုးရွားပြင်းထန်မှုနှင့် အပြုအမူ၏ အနေအထား၊ (သို့)ပုလိပ်တို့မှ မှတ်ထမ်းများပါဝင်ပြီး၊ (သို့) အခြားဥပဒေအရ အရေးယူမှုများအဖြစ်၊ အဆောက်အဦး (သို့) ပရဝုဏ်အခွင့်ထူးများမှ ထုတ်ပယ်လိုက်ခြင်း၊ (သို့) ကျောင်းသားနှင့်ဆက်သွယ်မှု (သို့) ကျောင်းသားဝန်ဆောင်မှုများ ပံ့ပိုးခြင်းတို့မှ ကန့်ကွက်တားဆီးခြင်း တို့အပါအဝင်၊ ကျောင်းအုပ်ချုပ်ရေးမှူး မှ စဉ်းစားဆုံးဖြတ်ပေးနိုင်သည်

**တိုင်ကြားရန်၊ စုံစမ်းစစ်ဆေးရန် ပျက်ကွက်ခြင်း**

သံသယရှိသောအနိုင်ကျင့်မှုအတွက် တိုင်ကြားရန်ပျက်ကွက်သောဝန်ထမ်းများ (သို့)လုပ်အားပေးများ(သို့)ကန်ထရိုက်တာများ နှင့် ဤညွှန်ကြားမှုအောက်တွင်၊ တာဝန်ရှိသူများ အဖြစ်၊ စုံစမ်း စစ်ဆေးရန်၊ ပျက်ကွက်လျှင်၊စည်းကမ်းမလိုက်နာခြင်းအတွက်အပစ်ဒဏ်အရေးယူခြင်းများ ခံရနိုင်သည်။

**သင်တန်းနှင့် ဖွံ့ဖြိုးရေး**

အနိုင်ကျင့်ခြင်းကို ကာကွယ်ရေးအစီအစဉ်အဖြစ်၊ အသက်အရွယ်၊အကြောင်းအရာပေါ် မူတည်ပြီး ထိုက်သင့်သော သုတေသနပြုစုခြင်းကိုပြုလုပ်သည်။ နှစ်စဉ်အောက်တိုဘလ (၁၅) ရက်မတိုင်မီ၊ အရှေ့အယ်လန်ကောင်တီကျောင်းများမှ၊ (၁-၁၂) တန်းအထိကျောင်းသားများအတွက်အနိုင်ကျင့်ခြင်းကာကွယ်ရေးကို ဦးတည်မှုပြုသည့် အသက်အရွယ်အလိုက် သင့်လျော်သောအကြောင်းအရာအချက်အလက်ကို မှီငြမ်းသည့် သုတေသနပြုစုခြင်းကိုပြုလုပ်သည်၊ အရှေ့အယ်လန်ကောင်တီ ကျောင်းများမှ၊ ကျောင်းအဖွဲ့အစည်းအတွင်း အလုပ်သမားများ၊ ကျောင်းသားနှင့် တိုက်ရိုက်အဆက်မပြတ်ဆက်သွယ်မှုရှိသောလုပ်အားပေးဝန်ထမ်းများ၊ ကျောင်း၏ အနိုင်ကျင့်မှုကာကွယ်ရေး/တိုင်ကြားရေး ဖေါ်လစီအတွက် သင်တန်းများ ပံ့ပိုးပေးမည်

| **လိင်ပိုင်းဆိုင်ရာနှောက်ယှက်ခြင်းနှင့်လိင်ခွဲခြားဆက်ဆံခြင်း** |
|---|

**စာပိုဒ် (၁)- __အထွေထွေ__**-ဥပဒေ၏တောင်းဆိုချက်အ၇(၁၉၇၂) ခုနှစ် ပညာရေးပြုပြင်ပြောင်းလဲခြင်းခေါင်းစဉ်(၉)(Title IX) နှင့်အင်ဒီးယားနား ပြည်သူ့ဥပဒေအရ ကျား/မ လိင်သတ်မှတ်ချက်ကြောင့်ကျောင်းသားများပူးပေါင်းပါဝင်ခြင်းကိုထုတ်ပယ်ခြင်း၊ အကျိုးခံစားခွင့်များမှငြင်းပယ်ခံရခြင်း(သို့) မည်သည့် ပညာရေးအစီအစဉ်(သို့) လှေ့ကျင့်မှုတွင်မဆိုခွဲခြားဆက်ဆံခြင်းများမပြုရန်အရှေ့အယ်လန်ကောင်တီကျောင်းများတွင်ကျင့်သုံးသည်။ ကျောင်းသားတဦးကိုလိင်သတ်မှတ်ချက်ကြောင့်ပျော်ရွှင်မှုအခွင့်အရေးများ၊ အခွင့်ထူးများ၊ အကျိုး ခံစားခွင့်များ (သို့)ဘာသာရပ်များ၊ အတန်းများ၊ အချိန်ပိုလေ့ကျင့်မှုများနှင့်နေရာထိုင်ခင်းသတ်မှတ်ချက်များကန့်သတ်ထား ခြင်းမရှိပါ။

**စာပိုဒ် (၂)- __လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုတားမြစ်ချက်ကိုထောက်ခံခြင်း__** - လိင်ခွဲခြားဆက်ဆံမှုကန့်ကွက်ခြင်းအုပ်ချုပ်ရေးစည်းကမ်းများ၌ ကျောင်းတွင်း/ပြင်၌၄င်း၊ အကယ်၍ အပြစ်အပျက်သည် ကျောင်းနယ်နမိတ်အဝေးတွင်ဖြစ်စေ
သာ်လဲအီးအေစီ အက်စ်၏ပတ်ဝန်းကျင်ကိုသက်ရောက်မှုရှိသည်၊
ဤတားမြစ်မှုထဲတွင် ကျောင်းအဆောက်အဦးများနှင့်ကျောင်း ဘတ်စ်ကား
စောင့်သည့်နေရာများ၌၄င်း၊ကျောင်းဘတ်စ်ကားပေါ်၌၄င်း၊
အချိန်ပိုလေ့ကျင့်မှုများ၌၄င်း၊
မည့်သည့်နေရာ၌မဆိုဖြစ်ပျက်မှု တွင်အကန့်အသတ်မရှိအကြုံးဝင်သည်၊ တားမြစ်ချက်များတွင်လိင်ဖြင့် ချဉ်းကပ်မှုမများ၊
လိင်ပိုင်းဆိုင်ရာအခွင့်အရေးယူခြင်းများ
လိင်အကြမ်းဖက်မှုများ၊ လိင်ဆိုင်ရာနူတ်ဖြင့် (သို့) ကိုယ်ခန္ဓာဆိုင်ရာ အပြုအမူများကြောင့် ကျောင်းသားတဦးကို EACS အစီအစဉ်နှင့်လေ့ကျင့်မှုများတွင်ပါဝင်ရန်ကန့်သတ်ခြင်း(သို့) ငြင်းဆိုခြင်းများလဲ(ကန့်သတ်ချက်မရှိ)အကြုံးဝင်သည်၊ ထိုအုပ်ချုပ်ရေးဂိုက်လိုင်း/ညွှန်ကြားချက်များ၌ ဝန်ထမ်း (သို့) EACS ကိုယ်စားလှယ်ဖြစ်စေ၊ အခြား ကျောင်းသားတစ်ဦးဖြစ်စေ ကျောင်း၌ (သို့) ကျောင်းနှင့်ပတ်သက်သောလေ့ကျင့်မှုများသို့လာရောက်သောတတိယအဖွဲ့အစည်း/အုပ်စု/အေဂျင်စီတို့ကို လိင်ပိုင်းဆိုင်ရာ နှောက်ယှက်ခြင်း မပြုကြရန် ပိတ်ပင် တားမြစ်သည်

**စာပိုဒ် (၃)-__ခေါင်းစဉ်(၉) (Title IX) စီစဉ်ညွှန်ကြားရေးတာဝန်ခံ__**- အီးအေစီအက်စ် (EACS -Title IX) တိုက်တယ်(၉)ညှိနှိုင်းဆောင်ရွက်ရေးမှူး၏တာဝန်မှာ အီးအေစီအက်စ်၏တိုက်တယ်(၉)နှင့်အတူလိင်ခွဲခြားဆက်ဆံရေးမှု စုံစမ်းစစ်ဆေးရေးနှင့် လိင်နှောက်ယှက်မှု တိုင်ကြားချက်များကိုအလျှင်အမြန်နှင့်ထိရောက်မှန်ကန်သော အရေးယူမှုကိုပြုလုပ်ရသည်
အီးအေစီအကစ်၊တိုက်တယ်(၉)(EACS Title IX)တာဝန်ခံဝန်ထမ်းမှာ-

Mrs. Tina Grady (မစ္စ တီနာဂရက်ဒီ)
1240 State Road 930 East
New Haven, Indiana 46744
tgrady@eacs.k12.in.us

**စာပိုဒ် (၄)- <u>တိုင်ကြားခြင်းပြုလုပ်ခြင်း</u>-** မိဘများနှင့် ကျောင်းသားတို့သည် သံသယရှိသော နောက်ယှက်မှု (သို့) ခွဲခြားဆက်ဆံရေးများကို အီးအေစီအက်စ် (EACS) မှ ချက်ချင်း စုံစမ်းစစ်ဆေးမှုပြုလုပ်ဆောင်ရွက်နိုင်ရန်တိုင်ကြားချက်များ(သို့) အကြောင်းကြားအသိပေးမှုများပြုလုပ်ရန် တိုက်တွန်းအားပေးသည်။ တိုင်ကြားချက်များကို နှုတ်ဖြင့်၄င်း (သို့) စာဖြင့်၄င်း ကျောင်းအုပ်ချုပ်ရေးမှူး (သို့) ညွှန်ကြားရေး အကြံပေးပုဂ္ဂိုလ် (သို့) တိုက်တယ်(၉) (Title IX)ညှိနှိုင်းဆောင်ရွက်ရေးမှူးရေးမှူး ထံသို့ တိုက်ရိုက် ပေးပို့နိုင်သည်။ အဖြစ်အပျက်ဖြစ်ပွားပြီး (၁၀) ရက်အတွင်းတိုင်ကြားခြင်းပြုလုပ်သင့်သည်

EACS ဂန်ထမ်းများထံသို့ သံသယရှိသော လိင်ပိုင်းဆိုင်ရာ ခွဲခြားဆက်ဆံရေးနှင့် လိင်နောက်ယှက်ခြင်းများကို စာဖြင့်တိုက်တယ်(၉)ညှိနှိုင်းဆောင်ရွက်ရေးမှူးထံသို့ တိုင်ကြားခြင်းသည် EACS ဂန် ထမ်းကိုယ်တိုင်သိမြင်သည့်သက်သေအစ ထောက်အထားအရ၄င်း (သို့) ကျောင်းသားတဦးထံမှ၄င်း၊မိဘထံမှ၄င်း(သို့)အခြားသူထံမှ၄င်း၊သိလျှင်သိချင်း ချက်ချင်းအကြောင်းကြားရန်တောင်းဆိုသည်၊ အကယ်၍ ကျောင်းအုပ်ချုပ်ရေးတာဂန်ခံသည် တိုင်ကြားမှုကို ပထမဦးဆုံး လက်ခံရရှိသူဖြစ်ပါက သူ/သူမထံသို့ရောက်ရှိလာသည့် ၄င်းတိုင်ကြားချက်ကို တိုင်တယ်(၉)ညှိနှိုင်းဆောင်ရွက်ရေးမှူးထံသို့ ချက်ချင်းဆက်လက်တင်ပြရမည်။ ညှိနှိုင်းဆောင်ရွက်ရေးမှူးသည် တိုင်ကြားမှုမှတ်တမ်းအားလုံးကိုသိမ်းဆည်းထားမည်၊ EACS ဂန်ထမ်းများသည် အန္တရာယ်ဖြစ်ပွါးစေနိုင်မည့် ပတ်ဂန်းကျင်အခြေအနေများမှလွဲ၍ စုံစမ်းတွေ့ရှိသောလိင်ခွဲခြား ဆက်ဆံမှု(သို့) လိင်ပိုင်းနောက်ယှက်မှုများ ရပ်တန့်သွား စေရန်ကြားဂင်ဖြေရှင်းခြင်း ပြုလုပ်မည်၊ အကယ်၍ထိုအတွင်းတစုံတခုဖြစ်ပျက်ပါက EACS ဂန်ထမ်းများသည် ညှိနှိုင်းဆောင်ရွက်ရေးမှူးထံသို့ မှတ်တမ်းတင်ထားသောအချက်များကိုချက်ချင်းတင်ပြရမည်။

တိုင်ကြားချက်များကို တိုင်တမ်းခြင်းဖောင်ပုံစံ(စာမျက်နှာ-၅၅) ဖြင့် ရေးဖြည့်တိုင်တမ်းပါ၊ သံသယရှိသောလိင်ခွဲခြားဆက်ဆံခြင်းနှင့် လိင်နောက်ယှက်ခြင်းကိုတိုင်တမ်းသောအခါစာဖြင့်ရေးပြီးတိုင်တယ်(၉) ညှိနှိုင်းဆောင်ရွက်ရေးမှူးထံတင်ပြပြီး၄င်းက မှတ်တမ်းတင်ထားမည်။ တိုင်ကြားချက်အားလုံးကို "တရားဂင်" တိုင်ကြားများအဖြစ် စီစဉ် ဆောင်ရွက်မည်ဖြစ်သည်။ တိုင်ကြားချက်နှင့် နောက်ဆက်တွဲ စုံစမ်းစစ် ဆေးမှုများအားလုံးကို လျှို့ဂှက်စွာ သိမ်းဆည်းထားပြီးမိဘ (သို့) အုပ်ထိန်း (သို့) အသက်(၁၈)နှစ်ပြည့်သော ကျောင်းသား တို့ကိုအကြံပေးရန် တိုင်တယ်(၉)ညှိနှိုင်းဆောင်ရွက်ရေးမှူးကကျူးလွန်သောအမှားနှင့် ပတ်သက်သည့်စုံစမ်းစစ်ဆေးချက်များနှင့် လုပ်ဆောင်ချက်များကို ရှင်းပြရန်ဆက်သွယ်မည်။

တိုင်ကြားချက်ကိုရရှိသည်နှင့်တိုက်တယ်(၉) ညှိနှိုင်းဆောင်ရွက်ရေးမှူးသည် ကျောင်းအုပ်ချုပ်ရေးမှူးနှင့်အတူစုံစမ်းစစ်ဆေးမှုပြုစဉ်အတွင်း အရေးယူရန်(သို့) ဥပဒေ အာဏာပိုင်မှ ကလေးများကာကွယ် စောင့်ရှောက်ရေး၌နသို့ ၄င်းတိုင်ကြားချက်အကြောင်းအရာကို EACS မှတင်ပြမည်၊ လောလောဆယ်အရေးယူမှုမှာတိုင်ကြားချက်တွင်ပါဂင်သူများကိုသီးသန့်ခွဲထားခြင်း၊ ကျောင်းတွင်ဆိုင်းငံ့ထားခြင်း (သို့) အခြားကျောင်းစည်းကမ်းတို့ဖြင့်အရေးယူခြင်းများ ပါဂင်သည်။

လိင်ခွဲခြားဆက်ဆံမှုနှင့် လိင် နောက်ယှက်ခြင်း၏ တိုင်ကြားချက်များကို ဖြေရှင်းရန် "တရားဂင်မဟုတ်သော" အစီအစဉ်အဆင့်များမရှိပါ။ လိင်ခွဲခြားဆက်ဆံမှုနှင့် လိင်နောက်ယှက်မှုကိုတိုင်ကြားလာသော မည်သည့် ကျောင်းသားမဆို ဘယ်အခါမှ ထိုစွပ်စွဲခံရသူနှင့် ထိုဖြစ်ပွားမှုကို တိုက်ရိုက်ဖြေရှင်းသည့်နည်းကိုအသုံးမပြုပါ၊

သံသယရှိသော လိင်စော်ကားခြင်း တိုင်ကြားမှုကို ဖြေရှင်းရန် ကြားဂင်စေ့စပ်ခြင်းနှင့်ညှိနှိုင်းဖြေရှင်းခြင်းကိုအသုံးမပြုပါ၊ EACS သည်လိင်နောက်ယှက်မှုအားလုံးရပ်တန့်ရန် အရေးယူလိမ့်မည်ဖြစ်ပြီးလိင်နောက်ယှက်မှု၏နောက်ဆက်တွဲ ဆိုးကျိုးများကို ကုသဖြေရှင်းပေးပြီးနောင်တွင်မဖြစ်စေရန် ကာကွယ် သွားမည်။

**စာပိုဒ် (၅)- <u>တိုင်ကြားချက်တရပ်ကိုစုံစမ်းစစ်ဆေးခြင်း။</u>** တိုက်တယ်(၉)ညှိနှိုင်းဆောင်ရွက်ရေးမှူး (သို့)တာဂန်ပေးအပ်ထားသူသည် တိုင်ကြားချက်ကိုအချိန်မီချက်ချင်းစုံစမ်းစစ်ဆေးခြင်းပြည့်စုံစွာဆောင်ရွက်မည်။ အဖြစ်ပျက်ပုံအခြေအနေနှင့် ရှုပ်ထွေးမှုအပေါ် မူတည်ပြီးဆောင်ရွက်ရန် ခန့်မှန်းရက်ပေါင်း(၃၀)ထက်ပို၍အချိန်မကြာသင့်ရပါ။စုံစမ်းစစ်ဆေးမှုကိုတိုင်ကြား သူ၊ ခွဲခြားဆက်ဆံသူ (သို့) စွပ်စွဲခံရသူနှင့်၄င်း၊ မျက်မြင်သက်သေများကိုမေးမြန်းခြင်းများ ပါဂင်သည်

မေးမြန်းခြင်းခံရသူတို့သည် ခိုင်လုံသောသက်သေရှိလျှင် ထိုသက်သေကို တင်ပြရန်အခွင့်အရေးပေးမည်၊ ယခင်ကကျောင်းသားနှင့် တတိယလူ တို့၏ ဆက်ဆံရေးနှင့်ပတ်သက်သောအထောက်အထားများကိုတောင်းခံခြင်း(သို့) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ တိုင်ကြားသူ (သို့) စွပ်စွဲခံရသူတို့ကို စုံစမ်းစစ်ဆေးမှု စဉ်အတွင်း၊ အခြေအနေအဖြစ်အပျက်များ၏နောက်ဆုံးအခြေအနေများကိုဆက်သွယ်အသိပေးမည်၊ စုံစမ်းစစ်ဆေးမှုအဆုံးတွင်တိုက်တယ်(၉)ညှိနှိုင်းဆောင်ရွက်ရေးမှူးက လျှို့ဝှက်သော အစီရင်ခံစာမှတ်တမ်းကို သံသယရှိသော လိင်ခွဲခြားဆက်ဆံရေး(သို့)လိင်နောက်ယှက်မှုများအတွက်ခိုင်လုံလျှင်၄င်း၊အမှန်ပြင်ဆင်ပေးရန်တင်ပြခြင်း၊အရေးယူခြင်းများအတွက်ကမ်းလှမ်းခြင်းတို့ဖြင့်ပြီးစီးအောင်ဆောင်ရွက်မည်။

ဆုံးဖြတ်ချက်ချမှတ်ရာတွင်တိုက်တယ်(၉)ညှိနှိုင်းဆောင်ရွက်ရေးမှူးမှ သက်သေများအထောက်အထားများစွာကို ပြန်လည်ကြည့်ရှုသုံ့သပ်မည် (ဥပမာ- လိင်ခွဲခြားဆက်ဆံရေးနှင့် လိင်နောက်ယှက်ခြင်းနှင့်ပတ်သက်၍မဖြစ်နိုင်သေးပါ ဟု) ဆုံးဖြတ်ချက်ချမှတ်ပြီးနောက်ညှိနှိုင်းဆောင်ရွက်ရေးမှူးကတိုင်ကြားသူနှင့်စွပ်စွဲခံရသူ တို့ထံသို့ စာဖြင့်၊ စွဲချက်တစ်ခုချင်းတို့ မှသက်သေခိုင်လုံသည် မခိုင်လုံသည်ကို အကြောင်းကြား ဆက်သွယ်မည်။ ဤအကြောင်းကြားချက်တွင်လက်စာခြေခြင်းနှင့် ရန်ငြိုးထားခြင်းတို့ကိုတားမြစ်ကြောင်း သတိပေးချက်ကိုလည်း ထည့်သွင်း ဖော်ပြထားမည်။

စာပိုဒ် (၆)- တိုင်တယ်(၉)ညှိနှိုင်းဆောင်ရွက်ရေးမှူး ဆုံးဖြတ်ချက်ကိုအယူခံဝင်ခြင်း- အကယ်၍ တိုင်ကြားသူ (သို့) စွပ်စွဲခံရသူက တိုင်တယ်(၉)ညှိနှိုင်းဆောင်ရွက်ရေးမှူး ဆုံးဖြတ်ချက်ကိုအယူခံဝင်လိုပါကသူ/သူမ သည် ဆုံးဖြတ်ချက်ကိုရရှိပြီး(၁၀)ရက်အတွင်း၄င်းကို ဆက်သွယ်ရမည်။ အချိန်မှီအယူခံဝင်သည့်စာကိုလက်ခံရရှိပြီးနောက် ကျောင်းအုပ်ချုပ်ရေးမှူးကြီး/စူပါအင်တန်ဒန့်သည် တိုင်တယ်(၉)ညှိနှိုင်းဆောင်ရွက်ရေးမှူး ဆုံးဖြတ်ချက်နှင့် အထောက်အထား စာရွက် စာတမ်း များကိုပြန်လည်ကြည့်ရှုပြီးနောက်(၁) တိုင်တယ်(၉)ညှိနှိုင်းဆောင်ရွက်ရေးမှူး ဆုံးဖြတ်ချက်ကိုအတည်ပြုနိုင်သည်(၂) တိုင်တယ်(၉)ညှိနှိုင်းဆောင်ရွက်ရေးမှူး ဆုံးဖြတ်ချက်ကိုငြင်းဆိုနိုင်သည်၊ (၃)တိုင်တယ်(၉)ညှိနှိုင်းဆောင်ရွက်ရေးမှူးအားနောက်ထပ် စုံစမ်းစစ်ဆေးမှု ဆောင်ရွက်ရန် ညွှန်ကြား နိုင်သည်။ အကယ်၍ နောက်ထပ်စုံစမ်း စစ်ဆေးမှု ပြုလုပ်ရန် ညွှန်ကြားလျှင်၊ တိုင်ကြားချက်ကို စုံစမ်းစစ်ဆေးမှုသည် အသစ်ပြန်လည်စတင်မည်၊ ထပ်မံစုံစမ်းစစ်ဆေးမှုအဆုံးတွင် တိုင်တယ်(၉)ညှိ နှိုင်းဆောင်ရွက်ရေးမှူးက တိုင်ကြားသူနှင့် စွပ်စွဲခံသူတို့ထံသို့ စာဖြင့်စွပ်စွဲချက် တစ်ခုချင်းကိုသက်သေ အထောက်အထားများဖြင့်အကြောင်းကြားဆက်သွယ်မည်။ တိုင်ကြားသူ နှင့်စွပ်စွဲခံရသူတို့အတွက် ဆုံးဖြတ်ချက်အသစ်နှင့် ပတ်သက်ပြီး(၁၀)ရက်အချိန်ပေးမည်၊ ဆုံးဖြတ်ချက်တွင်ပါသောအချက်အလက်များနှင့်ပတ်သက်ပြီးဝန်ထမ်းတွင်အခွင့်အရေးရှိခြင်းနှင့်ကျောင်းသား၏တရားဝင်အခွင့်အရေးတို့မှလွဲလျှင် ကျောင်းအုပ်ချုပ်ရေးမှူးကြီး/စူပါအင်တန်ဒင့်၏ဆုံးဖြတ်ချက်မှာနောက်ဆုံးအဆင့်ဖြစ်သည်

စာပိုဒ် (၇) - **<u>ပြင်ဆင်သော အရေးယူခြင်း-</u>** အကယ်၍ တိုင်တယ်(၉)ညှိနှိုင်းဆောင်ရွက်ရေးမှူးကကျောင်းသား တစ်ဦးကို တိုက်တယ်(၉) ဖေါ်လစီဖောက်ဖျက်ကျူးလွန်သည်ဟု ဆုံးဖြတ်ပါက (သို့) မှားယွင်းသော အပြုအမူများ တွင် ပါဝင်ခဲ့ပြီး၊ ပြုပြင်ရေးဆိုင်ရာ အရေးယူခြင်း လိုအပ်သော်၊ EACS ကျောင်းသားလက်စွဲစာအုပ်ထဲမှ*တရား ဥပဒေအရ ဆောင်ရွက်ခြင်း အဆင့်ဆင့်များနှင့် ကန့်သတ်ချက်များထဲတွင်* ဖော်ပြထားသောစည်းကမ်းများအတိုင်းဆောင်ရွ က်မည်၊ ဤနေရာတွင် မိဘနှင့်တွေ့ဆုံဆွေးနွေးခြင်းမှ၊ ကျောင်းမှထုတ်ပယ်ခြင်းအဆင့်အထိပါဝင်သည်၊

အကယ်၍ ဝန်ထမ်းတစ်ဦးသည်တိုက်တယ်(၉)ဖေါ်လစီကို ဖောက်ဖျက်ကျူးလွန်သည် (သို့) ပြုပြင်ရေးဆိုင်ရာ အရေးယူမှု လိုအပ်သည်ဟု ဆုံးဖြတ်လျှင်တိုင်တယ်(၉)ညှိနှိုင်းဆောင်ရွက်ရေးမှူးသည် ပြုပြင်ရေးဆိုင်ရာ အရေးယူခြင်းကိုပြုလုပ်ရန် (သို့) ကျောင်းအုပ်ချုပ်ရေးမှူးကြီး/စူပါအင်တန်ဒင့်ထံသို့ ပြုပြင်ရေးဆိုင်ရာ အရေးယူခြင်းအတွက်အတည်ပြုပေးရန်အကြံပြုနိုင်သည်။ ဝန်ထမ်း၏ပြုပြင်ရေး ဆိုင်ရာအရေးယူမှုတွင်စာဖြင့်သတိပေးခြင်းမှ အလုပ်ရပ်ဆိုင်းရန်အဆင့်အထိအကြံပြုနိုင်သည်၊ အကယ်၍ ပြုပြင်မှုဆိုင်ရာ အရေးယူခြင်း အကောင်အထည်ဖေါ်ရာတွင် ကြားနာစစ်ဆေးမှုတစ်ရပ် တောင်းဆိုခဲ့ပါက လိင် ခွဲခြားဆက်ဆံမှု (သို့) နောက်ယှက်မှု ဦးတည်ပြုခြင်းခံရသော ကျောင်းသားသည် ကြားနာစစ်ဆေးခြင်း စွပ်စွဲခံရသူနှင့် တစ်ခန်းတည်းတက်ရောက်ရန်မလိုပါ

စာပိုဒ် (၈)- အမှားများ ပြုပြင်ပေးသော အရေးယူခြင်း- အကယ်၍ တိုင်တယ်(၉)ညှိနှိုင်းဆောင်ရွက်ရေးမှူး ကသံသယရှိ သော လိင်ခွဲခြားဆက်ဆံခြင်း (သို့) လိင်နှောက်ယှက်ခြင်း၏ စွဲချက်များသည်ဖြစ်ပွားခဲ့သည်ဟု ဆုံးဖြတ်ပါက၊ ထို့နောက်သူ /သူမ အနေဖြင့် အမှားများ ပြုပြင်ပေးသော အရေးယူခြင်းကိုပြုလုပ်သင့်မသင့်ကို စဉ်းစားပေးမည် ၊ အမှားများပြုပြင်ပေးစေသောအရေးယူမှုထဲ၌ ကျောင်းသားနှင့်အကြံပြုဆွေးနွေးတိုင်ပင်ခြင်းနှင့် ဘာသာရပ်ဆိုင်ရာ ပံ့ပိုးမှုများထဲတွင်လည်း သင့်လျော်သည့် အတန်း/ဘာသာရပ်တို့၏ ရမှတ်များ/ဂရိတ်များပြန်လည်ရေတွက်ခြင်းများ ပါဝင်သည်။

စာပိုဒ် (၉)- ရန်ငြိုးထားခြင်းအား ကန့်ကွက်ထားသော တားမြစ်ချက်- လိင်ခွဲခြားဆက်ဆံရေး နှင့် လိင်နှောက်ယှက်ခြင်းကိုတိုင်ကြားသော မည်သူမဆို နည်းလမ်းအမျိုးမျိုးဖြင့် ရန်ငြိုး ထားခြင်းကို EACS မှတားမြစ်ထားပါသည်၊ကျောင်းသား၏လုံခြုံရေးကိုဖြစ်စေ၊ လိင်ခွဲခြားဆက်ဆံရေး နှင့် လိင်နှောက်ယှက်ခြင်းကင်းသော သင်ယူမှု ပတ်ဝန်းကျင်တစ်ရပ်အား ပံ့ပိုးပေးရန်မှာ EACS ၏အ ခြေခံမူလစိုးရိမ်ခြင်းများဖြစ်ပါသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွင်ကောင်းစွာ ယုံကြည်နိုင်လောက် သော အစီရင်ခံစာကို တင်ပြလာသည့် ကျောင်းသားတစ်ဦးကို EACS မှ စုံစမ်းစစ်ဆေးခြင်းနေစဉ်အတွင်း၊ ကျောင်းနယ်မြေ၌ (သို့) ကျောင်းနှင့်ဆက်နွယ်ပတ်သက်သော လေ့ကျင့်မှုများ၌ မည်သည့်လိင်ဆိုင်ရာလုပ်ဆောင်ချက်တွင်သူ/သူမ ပါဝင်ပတ်သက်ခြင်းတွေ့ရလျှင် ထိုသူကိုစည်းကမ်းအရအရေးမယူပါ။ သံသယရှိသောလိင်ခွဲခြားဆက်ဆံမှုနှင့် လိင်နှောက်ယှက်ခြင်းကို တိုင်ကြားသူအား ရန်ငြိုးထားသောစကားများ (သို့) အပြုအမူများဖြင့် ဆန့်ကျင်ခြင်းကိုစည်းကမ်းဖြင့်ဆောင်ရွက်မည်ဖြစ်ပြီး၊ ကျောင်းသူ /သားအား ကျောင်းမှ ထုတ်ပယ်နိုင်သည် (သို့) ဝန်ထမ်းအားအလုပ်မှရပ်ဆဲသည်အထိဆောင်ရွက်နိုင်သည်။

စာပိုဒ် (၁၀)- တပြိုင်တည်းတိုင်ကြားမှုများ- တပြိုင်တည်းတိုင်ကြားချက်ကို အမှုဖွင့်ရန်နှင့်ဆောင်ရွက်ရန်တိုင်ကြားသူတဦးကိုစီမံအုပ်ချုပ်ရေးစည်းမျဉ်းစည်းကမ်းများဖြင့် ကန့်သတ်ထားခြင်းမရှိပါ။ တိုင်ကြားသူ တစ်ဦးမှ၊ ရာဇဝတ်မှုကို သင့်လျော်သောဥပဒေအာဏာပိုင်ဌာနနှင့်၄င်း၊အီးအေစီအက်စ်တိုက်တယ်(၉)ဖေါ်လစီအရ လိင်ခွဲခြားဆက်ဆံခြင်း (သို့)လိင်နှောက်ယှက်မှု အတွက်တိုင်ကြားနိုင်ပြီး(သို့) နှစ်ခုစလုံးကို တဆက်တည်း အမှုဖွင့်တိုင်ကြားနိုင်သည်။

---

## တိုက်တယ်(၉) အမှုဖွင့်တိုင်ကြားရန်ဖောင်ပုံစံ

**၁။ ဆက်သွယ်ရန်သတင်းအကြောင်းအရာအချက်အလက်**

ဖုံးနံပါတ် ______________________________________________________________

**၂။ အမှုဖွင့်တိုင်ကြားသူ**

သင်သည်ဤတိုင်ကြားချက်ကို ____________________________________ကိုယ်စားအဖြစ်တိုင်ကြားသည်

□ ကိုယ်တိုင် □ သင့်ကလေး (သို့) ကျောင်းသား □ အခြားကျောင်းသူ/သား

**၃။ ကျောင်းအချက်အလက်**

ကျောင်းအမည် ______________________________________________________________

ကျောင်းအုပ်ကြီးအမည် ________________________________________________________

တိုင်ကြားချက်၏အခြေအနေ

အောက်ပါမေးခွန်းများကိုသင်သိသမျှဖြေပါ၊

ထပ်မံရေးဖြည့်ရန်နေရာလိုအပ်ပါက စာရွက်အလွတ်တွ င်ရေးသားပြီးပူးတွဲ

ဖော်ပြပါ၊ ဤအဖြစ်အပျက်နှင့်ပတ်သက်သောသင်၏အတွေ့အကြုံများကိုတတ်နိုင်သမျှအသေးစိတ်ဖေါ်ပြပါ

______________________________________________________________________________

______________________________________________________________________________

______________________________________________________________________________

______________________________________________________________________________

ဤအဖြစ်အပျက်၌ပါဝင်ပတ်သက်သော မျက်မြင်သက်သေများကိုဖော်ပြပါ

______________________________________________________________________________

______________________________________________________________________________

______________________________________________________________________________

______________________________________________________________________________

ဤစာရွက်ကို ကျောင်းအုပ်ချုပ်မှုစီမံရေးမှူး (သို့) အီးအေစီအက်စ်တိုက်တယ်(၉)ညှိနှိုင်းဆောင်ရွက်ရေးမှူး (Mrs. Tina Grady) ထံသို့(1240 State Road 930 E., New Haven, Indiana 46744, (260)446-0100, tgrady@eacs.k12.in.us )ပေးပို့ပါ

## ကျောင်းသားအပြုအမူ စည်းကမ်းများ

ကျောင်းမှထောက်ပံ့ပြုလုပ်သောလှုပ်ရှားဆောင်ရွက်မှုများတွင်ပါဝင်ခြင်းတွင်ကျောင်းတကျောင်း၏စည်းမျဉ်းများ အရငှင်း၊ အီးအေစီအက်စ်(EACS)စည်းကမ်းဖေါ်လစီဖြင့်၄င်း၊ IHSAA ၏ ဂိုက်လိုင်း/ညွှန်ကြားချက်များနှင့် အင်ဒီးယားနား ကုဒ်အရငှင်းကျောင်းသားများ၏အပြုအမူမှာငှင်းတို့၏ကျောင်း (သို့) အရှေ့အယ်လန်ကောင်တီကျောင်းများကော်ပိုရေးရှင်းကို မထိခိုက် သောပြုမူဆောင် ရွက်ခြင်းများအပေါ်မူတည်သည်၊ ထိုသို့ပါဝင်ခြင်းသည်ဘာသာရပ်ဆိုင်ရာအခွင့်အရေးခံစားချက် များနှင့်ကျောင်းတွင်း/ကျောင်းပြင် ၌လက်ခံနိုင်သော အပြုအမူအကျင့်စာရိတ္တများပေါ်တွင်မူတည်သည်

ကျောင်းသူသားနှင့် မိဘများအတွက် (EACS )လမ်းညွှန်စာအုပ်ထဲတွင်ဖေါ်ပြသည့်အဓိကအပြုအမူဆိုင်ရာရည်မှန်း ချက်များသည် ကျောင်းတွင်း/ကျောင်းပြင်တို့ ၌ ကျောင်းသားများ၏အပြုအမူများကိုတနှစ်အတွင်းရက်ပေါင်း(၃၆၅)၌ လိုက်နာ ရန်ဖြစ်သည်။ **ပါဝင်သော ကျောင်းသားနှင့် မိဘတို့သည်လမ်းညွှန်စာအုပ်လက်ခံရရှိကြောင်းနှင့် ပါဝင်ကစားခွင့်ရှိသောကျောင်း သားဖြစ်ကြောင်းလက်ခံဖြတ်ပိုင်းပေါ်တွင် လက်မှတ်ထိုးရမည်။** ကျောင်းအုပ်ချုပ်ရေးဌာန နှင့်(သို့)နည်းပြများ၊ထောက်ပံ့သူတို့ ကEACS ကျောင်းသားအပြုအမူအကျင့်စာရိတ္တဆိုင်ရာစည်းကမ်းများ(EACS' Student Activity Code of Conduct) နှင့်မကိုက်ညီ သောစည်းကမ်းများအတွက်ပါဝင်ကစားဆိုင်ရာသီးခြားစည်းမျဉ်း/စည်းကမ်းများကိုပြုလုပ်သည်၊ ပါဝင်ကစားသောလှုပ်ရှားမှု အမျိုးမျိုးတို့နှင့်ပတ်သက်သောစည်းကမ်းပဖောက်ဖျက်မှုများ၏ အကျိုးဆက်များကိုဆောင်ရွက်ရန်တာဝန်ရှိသည်၊ ကျောင်းပြင်ပ ဆိုင်းငံ့ပြစ်ဒဏ်ကိုရရှိသည့်အချိန်အတွင်းကျောင်းသားများသည် လေ့ကျင့်မှုတို့တွင်ပါဝင်လေ့ကျင့်ခွင့်နှင့် ပါဝင်ယှဉ်ပြိုင်ခွင့်မပြု လုပ်နိုင်ပေ၊ ပြိုင်ပွဲတွင်မပါဝင်ရခြင်းကိုလဲပြစ်ဒဏ်ခံယူခြင်းအဖြစ်သတ်မှတ်ထဲ့သွင်းမည်

လှုပ်ရှားဆောင်ရွက်မှုအမျိုးမျိုးတွင်ပါဝင်သောကျောင်းသားအတွက် သူ/သူမ ချိုးဖောက်မှုနှင့်သက်ဆိုင်သည့်လှုပ်ရှားဆောင် ရွက်မှုတိုင်းအတွက် ပြစ်ဒဏ်၏အကျိုးဆက်ကိုရရှိမည်၊ ထိုဆိုင်းငံ့ပြစ်ဒဏ်ရရှိသူအတွက် အမှတ်/ဂရိတ်များ၊ နှင့်စပွန်ဆာများကို တူညီသောအခြားအဆိုင်းမင့်များပြုလုပ်ရမည်

ကျောင်းမှပြုလုပ်သော/စပွန်ဆာနှင့်လှုပ်ရှားမှုများဆိုင်ရာအပြုအမူတို့အတွက်အီးအေစီအက်စ်ကျောင်းသားနှင့်မိဘလက်စွဲ တို့တွင်အတိအကျဖော်ပြထားသည်၊ အဓိကကျူးလွန်ဖောက်ဖျက်ခြင်းတွင်စည်းကမ်းများမှာမည်သည့်ကျောင်းမှမဆိုမည်သည့် ကျောင်းသားမဆို တသမတ်တည်း ဖြစ်သည်၊

### အောက်ဖော်ပြပါ အပြစ်ဒဏ်များသည် IHSAA မှထောက်ပံ့သည့်လေ့ကျင့်မှုများတွင်ပါဝင်ကစားကြသော ကျောင်းသားများအတွက် EACS ၏အဓိကအပြုအမူအကျင့်စာရိတ္တဆိုင်ရာမျှော်မှန်းချက်များအား ချိုးဖေါက်ကျူးလွန်မှုများအတွက်ဖြစ်သည် (ကျောင်းများအချင်းချင်းပညာရေးဆိုင်ရာအားကစားယှဉ်ပြိုင်မှုများ၊ ပန်းပွားအကများ)

**ပထမအကြိမ်ကျူးလွန်မှု** - အတွက်ကျူးလွန်မှုပေးတွင်မူတည်ပြီးကျောင်းသားပါဝင်သောအားကစား၏ သုံးပုံတပုံကိုဆိုင်း ငံ့ထားရန်ဆုံးဖြတ်သည်၊ အကယ်၍ လေ့ကျင့်မှုမှာ သုံးပုံတပုံထက်နည်းပြီး ကျန်ရှိနေလျှင်(သို့)ကျူးလွန်မှုသည် လှုပ်ရှားမှု များအတွင်းဖြစ်လျှင် အပြစ်ပေးခြင်းကိုလာမည့်လှုပ်ရှားမှုအတွင်းပေးဆပ်ရမည်

**ဒုတိယအကြိမ်ကျူးလွန်မှု** - အကယ်၍ ကျောင်းသားကစားနေသော အချိန်အတွင်းကျူးလွန်ခဲ့လျှင်ထိုကစားနေသော လေ့ကျင့်မှုနှင့် နောက်ထပ်လေ့ကျင့်မှု ထဲမှလည်း ထုတ်ပယ်ပြီး ဆိုင်းငံ့ထားခြင်းခံရမည်။ ကျောင်းသားကစားနေသော လေ့ကျင့်မှုပြင်ပ၌ကျူးလွန်ခဲ့ပါက၊၄င်းပါဝင်ကစားနေသော နောက်ပိုင်းလေ့ကျင့်မှုထဲမှ၄င်းကိုထုတ်ပယ်ဆိုင်းငံ့မည်

**တတိယအကြိမ်ကျူးလွန်မှု** - ပါဂင်ကစားခြင်းကို ပြက္ခဒိန်ရက်များအရ (၃၆၅)ရက်ကျောင်းသား၏ ပါဂင်ကစားခြင်းကို ထုတ်ပယ်ဆိုင်းငံ့ထားမည်။

**စတုတ္ထကြိမ်ကျူးလွန်မှု** - ကျောင်းသား၏ ပါဂင်ကစားခြင်းအားလုံးတို့မှ ဆိုင်းငံ့ထားလိမ့်မည်။ ဆိုင်းငံ့ခြင်းကိုနောက်တကြိမ် လုပ်ရှားဆောင်ရွက်မှုများစတင်သည့်အချိန်မှစတင်မည်။

**အောက်ဖော်ပြပါပြစ်ဒဏ်များသည် ကျောင်းမှ ထောက်ပံ့သည့် လေ့ကျင့်မှုများထဲ၌ပါဂင်ကစားကြသောကျောင်းသား များအတွက် EACS မှအဓိက ပြုမူခြင်းဆိုင်ရာမျှော်မှန်းချက်များကိုချိုးဖောက်ကျူးလွန်မှုများ အတွက်ဖြစ်သည်**

**ပထမအကြိမ်းကျူးလွန်မှု** - လေ့ကျင့်မှုထဲတွင် ပါဂင်ကစားခြင်းမှ ရက်ပေါင်း (၃၀) ဆိုင်းငံ့ထားခြင်း။
**ဒုတိယအကြိမ်ကျူးလွန်မှု** - လေ့ကျင့်မှုထဲတွင် ပါဂင်ကစားခြင်းမှ ရက်ပေါင်း (၆၀) ဆိုင်းငံ့ထားခြင်း။
**တတိယအကြိမ်ကျူးလွန်မှု** - လေ့ကျင့်မှုထဲတွင် ပါဂင်ကစားခြင်းမှ ရက်ပေါင်း (၃၆၅) ဆိုင်းငံ့ထားခြင်း။
**စတုတ္ထအကြိမ်ကျူးလွန်မှု** - အသက်မွေးဂမ်းကျောင်းပညာရပ် လေ့ကျင့်မှုထဲမှ ဆိုင်းငံ့ထားခြင်း။
**ဆိုင်းငံ့ထားပြစ်ဒဏ်ကိုကျူးလွန်သည့်အပြစ်ကိုဆုံးဖြတ်ချက်ချသည့်နောက်ပိုင်းပြုလုပ်သည့် ယှဉ်ပြိုင်မှုများ၌ စတင်သည်**

ကျူးလွန်ခြင်း၏သဘာဂအခြေအနေ (သို့) အဓိကအပြုအမူအကျင့်စာရိတ္တစည်းကမ်းများကိုအကြိမ်ကြိမ်ကျူးလွန်ခြင်းအတွက် သင့်တော်သည့် တသမတ်တည်းသောအပြစ်ဒဏ်ကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့ /နည်းပြနှင့် ပံ့ပိုးသူတို့ကစဉ်းစားသတ်မှတ်ပေးမည်။ ထိုကျောင်းသားအတွက်သင့်လျော်သောစည်းကမ်းများကိုကျောင်းအုပ်ကြီးမှ ကြားဂင် ဖြေရှင်းပေးမည်မဟုတ်သော်လည်း အကဲဖြတ်စီစစ်မှုအပေါ်ပြစ်ဒဏ်တိုးမြင့်ရန်လျှော့ပေးရန်၄င်းတွင်လုပ်ပိုင်ခွင့်ရှိသည်။ အပြစ်ဒဏ်များကို (၉)တန်း မှ(၁၂)တန်းအထိ သဘာဂအတိုင်းတိုးမြင့်သွားမည်

## အယူခံဂင်ခြင်း (အသနားခံခြင်း) လုပ်ထုံးလုပ်နည်းအဆင့်ဆင့်

သင့်တော်သော အားကစားလေ့ကျင့်မှုကောင်စီထံသို့ ချမှတ်သည့်ပြစ်ဒဏ်အတွက် ကျောင်းသားတစ်ဦးသည် အယူခံ(အသနားခံ)လျှောက်နိုင်သည်။ အယူခံတင်ခြင်းကိုစီရင်ချက်ချပြီး (၇၂) နာရီအတွင်းစတင်ဆောင်ရွက်ရမည်၊ သင့်တော်သော အားကစားလေ့ကျင့်မှုကောင်စီ၏ လုပ်ပိုင်ခွင့်အာဏာဖြင့်အပြောင်းအလဲပြုလုပ်ပေးရန်အကြံပြုနိုင်သည်။ ကျောင်းအုပ်ကြီးမှအတည်ပြုခဲ့သော စီရင်ဆုံးဖြတ်ချက်သည် နောက်ဆုံးအဆင့်ဖြစ်ပြီး၊ မည်သည့်ကျောင်း/အဖွဲ့အစည်းမှဖြစ်စေ တင်ပြလာသောအသနားခံ (အယူခံခြင်း) ကိုလက်ခံပေးလိမ့်မည် မဟုတ်ပါ။

## ကျောင်းဘတ်စ်ကားသယ်ယူပို့ဆောင်ရေးပေါ်လစီ

အင်ဒီးယားနားကျောင်းဥပဒေအရဘတ်စ်ကားသယ်ယူပို့ဆောင်ရေးကို ကျောင်းအဖွဲ့အစည်းမှကူညီမည်၊သို့သော်၊ ဘတ်စ်ကားစီးခြင်းသည်အခွင့်ထူးဖြစ်ပြီး၊ အခွင့်အရေးတစ်ခုမဟုတ်ပါ။ ကျောင်းအသွားအပြန် ခရီးစဉ်၌ ကျောင်းသားတို့၏လုံခြုံရေးကို မြင့်တင်ရန်အောက်ပါအစီအစဉ်များနှင့် မျှော်မှန်းချက်များကို တည်ဆောက်ပေးခဲ့ပါသည်။

### က။ ဘတ်စ်ကားသယ်ယူပို့ဆောင်ရေး လုပ်ငန်းစဉ်များ

၁။ ဘတ်စ်ကားစီးခွင့်ရှိသည့်ကျောင်းသားများသည် မနက်နှင့်ညနေ ကျောင်းကားစောင့်သည့်နေရာတူသောကျောင်းသားနှင့်မတူသော ကျောင်းသားများကိုကြို/ပို့ပေးသည်၊ သို့သော်တရက်ခြားနေရာပြောင်းလဲစီးရန်မဖြစ်နိုင်ပါ
၂။ မိဘ/အုပ်ထိန်းသူတို့ကကျောင်းကားပို့ဆောင်ရေးဌာနသို့ လိပ်စာပြောင်းလဲကြောင်း အွန်လိုင်းမှတဆင့် အသိပေးရန်တောင်းဆိုသူများမှလွဲ၍ ကျန်သောကျောင်းသားများကိုမူလအိမ်လိပ်စာဖြင့် သတ်မှတ်ထားသော ကားမှတ်တိုင်သို့ ထိုကျောင်းသားများကိုဆက်လက်ကြိုပို့ပေးမည်

၃။ ကျောင်းသားသည်၄င်းတို့ကိုသတ်မှတ်ပေးသောဘတ်စ်ကားကိုသာ စီးရမည်။ အကယ်၍ အရေးပေါ် အခြေအနေအရ လိုအပ်၍ ဘတ်စ်ကားပြောင်းစီးရန်လိုအပ်လာလျှင်ထိုအပြောင်းအလဲအတွက်ကျောင်းအုပ်ကြီး(သို့) သယ်ယူပို့ဆောင်ရေးညွှန်ကြားရေးမှူးထံမှအတည်ပြုချက်ရရှိရမည်။ကျောင်းလေ့ကျင့်မှုအတွက်မဟုတ်သောကင်းထောက်လေ့လာရေး၊ သူငယ်ချင်းထံလည်ပတ်ခြင်း၊ ဈေးဂယ်ထွက်ခြင်းများသည်၊ အရေးပေါ် အခြေအနေများအဖြစ် မသတ်မှတ်ပါ။

၄။ ထိုင်ခုံတစ်ခုတွင်သတ်မှတ်ထားပေးသည့်အတိုင်းကျောင်းသား(၃)ဦးထိုင်ရမည်။

၅။ ကားမောင်းသူသည် ကျောင်းသားများကို သီးခြားထိုင်ခုံတစ်ခုစီတွင်ထိုင်ရန်စီစဉ်ညွှန်ကြားနိုင်သည်

၆။ ကားပေါ် သို့ရောက်လျှင်ရောက်ချင်း၊ ကျောင်းသားတဦးသည်၄င်း၏ထိုင်ခုံ၌ချက်ချင်းထိုင်ရမည်၊ ထိုင်ခုံခါးပတ်ကိုမှန်ကန်စွာတပ်ဆင်ပြီးနေရာတကျထိုင်ရမည်ကျောင်းသားများထိုင်ပြီးနောက်ကားတံခါးပိတ်ပြီးသည့်နောက်ကားမောင်းသူက ဘတ်စ်ကားကို စတင်မောင်းနှင်းမည်။

၇။ အခြားကျောင်းသားများ၏ကျန်းမာရေးနှင့် လုံခြုံရေးအားကာကွယ်ရန်၊ အဖျားရှိသောကျောင်းသားများ၊ ပျို့အန်ခြင်းလက္ခဏာရှိသူများ၊ ဝမ်းလျှောခြင်း၊တက်ခြင်း (သို့) ကလေးဖျားနာကြောင်းအခြားရောဂါလက္ခဏာများဖော်ပြလျှင် ကလေးကိုကျောင်းသို့မပို့သင့်ပါ။ ကျောင်း၌သင့်ကလေး ဖျားနာလျှင်သင်(သို့) အရေးပေါ် ဆက်သွယ်နိုင်သူကို ကလေးအားလာကြိုရန်၊ ကျွန်ုပ်တို့ဆက်သွယ်မည်။ ဖျားနေသည့်ကလေးကို ဘတ်စ်ကားဖြင့် အိမ်သို့ပြန်မပို့ပါ

## ခ။ ကျောင်းဘတ်စ်ကားရပ်သည့်နေရာများ

၁။ ကျောင်းသားတိုင်း၄င်းတို့ကိုကြိုရန်သတ်မှတ်ပေးသည့်ကျောင်းဘတ်စ်ကားရပ်မည့်နေရာသို့ သင့်တင့်သောအကွာအဝေးဖြင့်သတ်မှတ်သည့်လမ်းလျှောက်ရမည့်နေရာမှလျှောက်ရမည်

၂။ ဘတ်စ်ကားစောင့်နေသည့် အချိန်တွင် ယာဉ်သွားလမ်း၏လမ်းအစွန်မှအနည်းဆုံး (၁၀) ပေနောက်ဆုတ်ပြီး ရပ်စောင့်ရမည်၊ ထိုသို့စောင့်သည့်အချိန်အတွင်းရန်ဖြစ်ခြင်း၊လုံးထွေးသတ်ပုတ်ခြင်း၊ ရှုန်းရင်းဆန်ခတ်ရှုတ်ထွေးစေသည့်အပြုအမူများမလုပ်ရ။

၃။ ဘတ်စ်ကားရောက်မည့်အချိန်မတိုင်မီ(၅) မိနစ်စောပြီး၊ ဘတ်စ်ကား ရပ်မည့်နေရာသို့ရောက်ရမည်၊သတ်မှတ်သောနေရာတွင်ကားမောင်းသူသည် ကားရှိန်လျှော့၍ရပ်မည်ဖြစ်သော်လဲမည်သည့် ကျောင်းသားမျှရပ်စောင့်ခြင်းကိုမတွေ့လျှင် ကားရပ်မည်မဟုတ်ပါ

၄။ ကျောင်းကားစောင့်သည့်နေရာသို့ သင့်ကျောင်းသားကို ခေါ်လာရန် နောက်ကျလျှင်ကျောင်းသားကိုကျောင်းကားအနောက်မှအမှီလိုက်ရန်မလွှတ်လိုက်ပါနှင့်။ ဘတ်စ်ကားပတ်လည်တွင်/အနောက်တွင်ကားမောင်းသူအနေဖြင့်မမြင်နိုင်သည့်/မြင်ကွင်းကိုကွယ်နေသည်အရာများစွာရှိသည့်အတွက်ကျောင်းသားကိုကားမောင်းသူသည် မမြင်နိုင်ပါ

## ဂ။ လမ်းမများ၊ လမ်းကျဉ်း/လမ်းတို များကို ဖြတ်ကူးခြင်း

**၁။** ဘတ်စ်ကားရောက်လာသည့်အခါ ကျောင်းကားလုံးဝရပ်တန့်သည်အထိစောင့်ရမည်၊ ကျောင်းကားဆီမှအခြားကားများကိုရပ်ရန်သင်္ကေတဖြင့် "ရပ်"(STOP) တွေ့ရပြီး ကျောင်းကားဆီမှ အချက်ပြမီးအနီရောင်များကိုမြင်ရသည့်အခါမှသာ ကျောင်းသားသည်လမ်းဖြတ်ကူးပြီးကျောင်းကားပေါ် သို့တက်ရမည်

**၂။** လမ်းမဖြတ်ကူးမှီ(သို့) ဘတ်စ်ကားပေါ် သို့မတက်မီ အခြားကားများကို ကြည့်၍ ခန့်မှန်းခြေ(၁၀) ပေအကွာကျောင်းကား၏အရှေ့မှဖြတ်ကူးပြီးကားပေါ် တက်ရမည်

## ဃ။ ဘတ်စ်ကားပေါ် တွင်

ကျောင်းသားအပြုအမူအကျင့်စာရိတ္တများသည်ကျောင်းအဆောက်အဦးအတွင်း၌သာမကကျောင်းကားပေါ် တွင်လဲလိုက်နာရန် မျှော်လင့်သည်၊ ကျောင်းကားစီးနေစဉ်အတွင်း ကျောင်းဘတ်စ်ကား၏ ယာဉ်မောင်းသူသည်ကျောင်းသားများ၏ကြီးကြပ်အုပ်ချုပ်သူ အချိန်ပြည့်တာဝန်ခံဖြစ်သည်။ အောက်ဖော်ပြပါအချက်များကိုလိုက်နာရန်မျှော်လင့်ပြီးမလိုက်နာသည့်အချက်များအအတွက်အကျိုးဆက်အပြစ်ဒဏ်များကိုသတ်မှတ်ထားသည်၊ EACS ကျောင်းဘတ်စ်ကားများအတွက်စည်းကမ်းလိုက်နာရန် အောက်ပါအချက်များကိုမျှော်လင့်သည်

၁။ ခရီးစဉ်အတွင်းကျောင်းသားများသည် တနေရာမှတနေရာသို့ပြောင်းရွေ့ခြင်း၊ မတ်တပ်ရပ်ခြင်း၊ တခုံမှတခုံသို့ ခုန်ခြင်း(သို့) ကျော်တက်ခြင်းများမလုပ်ရ။

၂။ ကျောင်းသားများသည် ကားမောင်းသူအားလေးစားသည်ကိုပြသရမည်၊ ကျယ်လောင်သော (သို့) ရိုင်းစိုင်းဆဲဆိုသည့် အသုံးအနှုံးများ၊အလွန်အမင်းတက်ကြွသောအပြုအမူများ(သို့)မသင့်တော်သောအပြုအမူများပြုလုပ်ခြင်းကိုသီးမခံပါ

၃။ ကျောင်းသားအချင်းချင်းလေးစားရမည်၊တဦးနှင့်တဦးနောက်ပြောင်ခြင်း၊ အပျော်သဘောရိုက်နက်ခြင်း(သို့)ချော်လဲရန် ခြေထိုးခြင်းကိုမပြုလုပ်ရ။

၄။ ကားမောင်းသူခွင့်ပြုမှသာကားတံခါးများ၊ ပြတင်းပေါက်များ ဖွင့်ခြင်း ပိတ်ခြင်းပြုလုပ်နိုင်သည်။

၅။ ထိုင်ခုံခါးပတ်များကိုမှန်ကန်စွာတပ်ဆင်ထားရမည်

၆။ ဘတ်စ်ကားပေါ်တွင်ကျောင်းသားများ အစာစားခြင်း/သောက်ခြင်း ခွင့်မပြုပါ။

၇။ ကျောင်းသားများ ဘတ်စ်ကားကို သန့်ရှင်းစွာ ထားရမည်။ (ထိုင်ခုံပေါ် (သို့)လမ်းလျှောက်သည့်ထိုင်ခုံများအတွင်း အမှိုက်များမထားခဲ့ရ)။

၈။ ကျောင်းသားများ၏တက်ကြွမှု/ အလွန်အမင်း(အစွန်းရောက်မှု)များကို ဘတ်စ်ကားပေါ်၌ထားခဲ့ရမည်

၉။ ဆေးရွက်ကြီး(သို့)အခြားအလားတူပစ္စည်းများကိုကျောင်းကားပေါ်တွင်အသုံးမပြုရ။

၁၀။ ဂက်စ်မီးခြစ်များ၊ ယမ်းမီးခြစ်များကိုကျောင်းကားပေါ်တွင်အသုံးမပြုရ။

၁၁။ ကျောင်းသားများကျောင်းကားအတွင်းထိုင်ခုံများ/ကျောမှီများ၊ ကားနံရံများနှင့်အခြားနေရာ/ပစ္စည်းများကိုမဖျက်စီးဂ။

၁၂။ EACS ဖုံးပေါ်လစီသည် EACS ကျောင်းသားအပြုအမူတွင်ဖော်ပြသည့်အတိုင်းကျောင်းဘတ်စ်ကား အတွင်း နှင့် ကျောင်းနယ်နမိတ်အတွင်းကိုပါအကျုံးဝင်သည်။

၁၃။ ကျောင်းကားပေါ်တွင်လိုက်နာရမည့်စည်းကမ်းများကိုဖောက်ဖျက်ကျူးလွန်သည့်အတွက်ပြစ်ဒဏ်သတ်မှတ်ချက်ကို လိုက်နာရန်ငြင်းဆိုပါက ၄င်းကိုပြစ်မှုအဆင့်(၆) a Level 6 felony (I.C. 35-43-2-2)အဖြစ်အရေးယူမည်

## စည်းကမ်းချိုးဖောက်မှုအတွက်ဆောင်ရွက်သည့်အစီအစဉ်အဆင့်ဆင့်

ကျောင်းဘတ်စ်ကားပေါ်တွင်မျှော်လင့်ထားသည့်စည်းကမ်းလိုက်နာမှုများကိုချိုးဖောက်ခြင်း(သို့)ကျောင်းသားများ၏မသင့်လျော် သောအပြုအမူများကိုအောက်ပါအဆင့်များဖြင့်အရေးယူမည်

**အဆင့် ၁** မိဘ၏အကူအညီအတွက်စာပို့ခြင်း

**အဆင့် ၂** ကျူးလွန်သည့်အပြစ်ဆိုင်ရာ (TR25) ကိုအိမ်သို့ပို့ပြီး၊ ဘတ်စ်ကားစီးခြင်း (၁) ရက်ဆိုင်းငံ့ထားပြီးမိဘများ အခြေအနေကိုရှင်းပြရန်ကားမောင်းသူမှ ဆက်သွယ်ပါလိမ့်မည်။

**အဆင့် ၃** ကျူးလွန်သည့်အပြစ်ဆိုင်ရာ (TR25) ကိုအိမ်သို့ပို့ပြီး၊ ကျောင်းကားဌာနဒါရိုက်တာက(၃ရက် မှ ၅ရက်) အထိ ဘတ်စ်ကားစီးခြင်းကို ဆိုင်းငံ့ထားမည်။

**အဆင့် ၄** ကျောင်းကားဌာနဒါရိုက်တာ၏ (TR25) ကိုအိမ်သို့ပို့ပြီး(၁၀-၂၀) ရက်အထိကျောင်းဘတ်စ်ကားစီးခြင်းကို ဆိုင်းငံ့ထားမည်

**အဆင့် ၅** ကျောင်းတက်ရန်ကျန်ရှိသော စင်မက်စတာ/သုံးလပတ်ကျောင်းတက်ရက်များအထိ၊ဘတ်စ်ကားစီးရန်ဆိုင်းငံ့ ထားခြင်းကိုအကြံပြုပြီး မိဘနှင့်ကွန်ဖရင်ပြုလုပ်တွေ့ဆုံဆွေးနွေးမည်

**အဆင့် ၆** ကျောင်းတက်ရန်ကျန်ရှိသောတနစ်တာကာလပြီးဆုံးသည်အထိ၊ ဘတ်စ်ကားစီးရန်ဆိုင်းငံ့ထားခြင်းကို အကြံပြုမည်ဖြစ်ပြီး၊ မိဘတွေ့ဆုံ ဆွေးနွေးမည်။

**မှတ်ချက်။** ကျောင်းသားများ၏မသင့်တော်သည့်အပြုအမူ(သို့) ဘတ်စ်ကားပေါ်လစီအား ချိုးဖေါက်ခြင်း(သို့) အလွန်ပြင်းထန် သောကျူးလွန်မှုများကိုအထက်ဖော်ပြပါစည်းကမ်းအဆင့်များအရလုံလောက်စွာအရေးမယူနိုင်ပါက ၄င်းထက်ပိုမိုလေးနက်သည့် နောက်ဆက်တွဲအကျိုးဆက်များကို ပြုလုပ်ပေးအပ်ရန်ပြဋ္ဌာန်းချက်များ EACS တွင်ရည်ရွယ်ချက်များရှိသည်

## ကျောင်းမှစာဖြင့်ရေးသားပေးပို့လိုက်သောအသိပေး/သတိပေးစာများကို မိဘ/အုပ်ထိန်းသူများကိုပေးရန်မှာကျောင်းသားတို့၏တာဝန်ဖြစ်သည်

### င။ ကျောင်းဘတ်စ်ကားပေါ်မှ ဗီဒီယို

အီးအေစီအက်စ် (EACS) ကျောင်းများ၏ကျောင်းကားများတွင် ဗီဒီယိုရုပ်ပုံ နှင့် အော်ဒီယို အသံဖမ်းကရိယာများကိုတပ်ဆင်ထားသည်၊ မိသားစုပညာရေးဆိုင်ရာအခွင့်အရေးနှင့်လျှို့ဝှက်ချက်အက်ဥပဒေအရ (Family Educational Rights and Privacy Act) ဗီဒီယိုရုပ်ပုံများသည်ကျောင်းသား၏အန္တရာယ်ကိုကာကွယ်ရန်ဖြစ်ပြီး စည်းကမ်းချိုးဖောက်မှုနှင့်ပတ်သက်၍ ဖြစ်ပွားမှုအကြောင်းအရာကိုတုန့်ပြန်ရန် ထိုဗီဒီယိုကိုကြည့်ရှုရန် အသက်(၁၈)နှစ်ပြည့်ပြီးသောကျောင်းသား(သို့)မိဘကတောင်းဆိုနိုင်သည် အားလုံးသောတောင်းဆိုချက်များသည်စာဖြင့်ရေးသားတောင်းဆိုရန်လိုအပ်ပြီး အတိအကျဖော်ပြရန်လိုသည်

### အိုးအိမ်မဲ့ကျောင်းသားများအတွက် သယ်ယူပို့ဆောင်ရေး

အိုးအိမ်မဲ့ (သို့) အတူနေသူမရှိသည့်လူငယ်များအဖြစ်၊ သတ်မှတ်ချက်ဖြင့်ပြည့်စုံသည့် ကျောင်းသားများကို EACS ၏ကျောင်းဘတ်စ်ကားအကြို/အပို့ ဝန်ဆောင်မှုကိုရရှိနိုင်သည်၊ အိုးအိမ်မဲ့ ကျောင်းသားဆက်ဆံရေးတာဝန်ခံနှင့် (သို့)ကျောင်းသားရေးရာဌာန၊ ညွှန်ကြားရေးမှူးတို့က ကျောင်းဘတ်စ်ကားဝန်ဆောင်မှုအခွင့်အရေးရနိုင်သည့်ကျောင်းသားများအတွက်ကျောင်းကားဌာန၊ ဒါရိုက်တာနှင့် ပူးပေါင်းဆောင်ရွက်မည်၊ မက်ကင်နီဗင်တို(McKinney-Vento) အိုးအိမ်မဲ့ဆက်ဆံရေးလမ်းညွှန်(ခေါင်းစဉ်-၇)တွင်ဖေါ်ပြချက်များကို (EACS) မှလိုက်နာမည်၊ EACS ၏ကျောင်းသားများဝန်ဆောင်မှုရရှိရန်အိုးအိမ်မဲ့ကျောင်းသားများဆက်ဆံရေးတာဝန်ခံဝန်ထမ်း၊ ကျောင်းသားရေးရာဌာန၊ ဒါရိုက်တာနှင့် ကျောင်းကားဌာန၊ညွှန်ကြားရေးမှူးတို့သည်အတူပူးပေါင်းဆောင်ရွက်မည်

| ကျောင်းခေါ်ချိန်ပေါ်လစီ |
|---|

ကျောင်းတွင်အောင်မြင်တိုးတက်စေရန်နှင့် ကျောင်းမှန်မှန်တက်ခြင်းသည်တိုက်ရိုက်ဆက်နွယ်မှုရှိသည်၊အင်ဒီးယားနားကျောင်းဥပဒေနှင့် အရှေ့အယ်လန်ကောင်တီကျောင်းများဘုတ်အဖွဲ့ဖေါ်လစီအရ ကျောင်းသားများသည် တရားဝင်ခွင့်ပြုချက်မှလွဲ၍ နေ့စဉ်ကျောင်းမှန်မှန်တက်ရမည်။ ကျောင်းခေါ်ချိန်ကောင်းရန်ကျောင်းသားများ၊ မိဘများနှင့် ကျောင်းအမှုထမ်းများ၏တာဝန်ဖြစ်ပါသည်။ မျှော်မှန်းချက်များမှာ-

### က။ ကျောင်းသားတာဝန်

ကျောင်းတက်ပြီး သူ/သူမကိုနေရာချထားသောနေရာတွင်ရှိနေရမည်မှာကျောင်းသား၏ တာဝန်ဖြစ်သည်၊ ဆရာဝန်ချိန်းဆိုချက်များနှင့် အခြား တာဝန်များကို ကျောင်းချိန်ပြင်ပတွင်ပြုလုပ်ပါ

### ခ။ မိဘတာဝန် မိဘ၏ တာဝန်များမှာ-

၁။ ကလေးကျောင်းမတက်နိုင်လျှင် နံနက်(၈း၃၀)မတိုင်မီ ကျောင်းသို့ အကြောင်းကြားရမည်၊ သင့်ကလေးကျောင်းပျက်ကွက်ခြင်းကိုကြိုတင်အကြောင်းကြားပြီး ကျောင်းဝန်ထမ်းများ၏ ခွင့်ပြုချက်ရရှိပြီးဖြစ်ပါကမိဘများကျောင်းသို့ဖုံးထပ်ဆက်ရန်မလိုပါ။

၂။ ကျောင်းခေါ်ကြိမ်တွင်မှတ်တမ်းပြုလုပ်ရန်ကလေးကျောင်းပျက်ပြီး နောက်တစ်နေ့တွင်ထိုပျက်ကွက်ခြင်းနှင့်သက်ဆိုင်သောဆရာဝန်ထောက်ခံစာ(သို့) မိဘ၏မှတ်ချက်တိုများကို ကလေးကျောင်းပြန်တက်သည့်နေ့တွင်ကျောင်းသို့ပေးအပ်ရန်လိုသည်

**ဂ။ ကျောင်း၏တာဝန်များ-မိဘအား အသိပေးအကြောင်းကြားခြင်း**

အကယ်၍ ကျောင်းသားကျောင်းပျက်သည့်နေ့တွင် နံနက် (၈း၃၀)မတိုင်မီ မိဘကကျောင်းသို့အကြောင်းမကြားလျှင် အရှေ့အယ်လန်ကောင်တီကျောင်းတာဝန်ခံမှ ပျက်ကွက်သည့် စာရင်း၌မှတ်သားရန်နှင့် ကလေးလုံခြုံမှုအတွက်မိဘထံသို့ ဆက်သွယ်မည်(ထိုသို့ဆက်သွယ်သည့်အခါ အချိန်ကာလပေါ်တွင်မူတည်ပြီး နောက်ဆုံးအသုံးပြုသည့်ဖုံးနံပါတ်များမရှိခြင်း /မိဘများ၏ဖုံးသို့ခေါ်မရခြင်းစသည့်အခက်အခဲများရှိနိုင်သည်) မိဘထံမှအဆက်အသွယ်မရလျှင် (သို့) အကြောင်းကြားစာ မရရှိလျှင် ကျောင်းသား၏ ပျက်ကွက်သည့် အချိန်အတွင်း ကျောင်းစာများကို ပြန်လုပ်ခွင့်ရှိ/မရှိ ကျောင်းမှဆုံးဖြတ်မည်၊

ကျောင်းခေါ်ချိန်နှင့် ပတ်သက်၍ အောက်ပါအချက်များကို မိဘထံသို့ အကြောင်းကြားရန်မှာကျောင်း၏တာဝန်ဖြစ်သည်

**၁။** ခွင့်တိုင်၍ငှင်း/ခွင့်မဲ့သော်ငှင်း စုစုပေါင်း (၅) ရက် နှင့်  (၈) ရက်ကျောင်းပျက်လျှင် မိဘထံသို့ စာပို့ခြင်း။

**၂။** ခွင့်တိုင်၍ငှင်း/ခွင့်မဲ့သော်ငှင်း စုစုပေါင်း (၁၀) ရက် ကျောင်းပျက်လျှင် မိဘနှင့်တွေ့ဆုံရန်စီစဉ်မည်။

**၃။** ခွင့်တိုင်၍ငှင်း/ခွင့်မဲ့သော်ငှင်း စုစုပေါင်း (၁၀) ရက်ထက်ပိုပြီးကျောင်းဆက်ပျက်လျှင့်အကျိုးဆက်ဖြစ်သောပြည်နယ် တရားရုံးသို့ လွှဲပြောင်းမည်အကြောင်း မိဘအား အကြောင်းကြားစာပို့ခြင်း။

**ဃ။ ကျောင်းပျက်ကွက်မှုကြောင့်မပြီးသေးသောသင်ခန်းစာများကို ပြန်လည်လုပ်ဆောင်ခြင်း**

ခွင့်ပြုချက်အရ (ကျောင်းတက်သည်ဟုသတ်မှတ်ထားခြင်း (သို့) ကျောင်းစည်းကမ်းအကျိုးကျေးဇူးဖြင့်) ကျောင်းပျက်ပြီးလျှင် အမှတ်ပြန်လည်ရရှိရန် အတွက် စာမေးပွဲများနှင့် လုပ်ဆောင်ချက်များကို ပြန်လည်ပြုလုပ်နိုင်သည်၊ (၆)တန်းမှ (၁၂)တန်း ကျောင်းသားများသည်ကျောင်းပြန်တက်သည့်အခါ ၎င်းတို့ပျက်ကွက်သည့် သင်ခန်းစာများကိုပြန်လုပ်ရန်တောင်းဆိုနိုင်သည် ပြန်လုပ်ရမည့်သင်ခန်းစာများသည် ကျောင်းပျက်ရက်များနှင့် ညီမျှသောအချိန်အတိုင်းအတာနှင့်ညီမျှပြီးတရက်ပို၍ ၎င်းသင် ခန်းစာများကိုပြီးဆုံးရန်ပြုလုပ်ရမည်၊ ကျောင်းမပျက်မီအချိန် အတွင်းသတ်မှတ်ပေးသည့် အချိန်အတိုင်းပြုလုပ်ရမည်

ခွင့်မဲ့ကျောင်းပျက်ရက်များအတွက် ခရက်ဒစ်/အမှတ်များရရန် စာမေးပွဲများနှင့် ပြန်လည်လုပ်ဆောင်မှုများ ကိုကျောင်းအုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်ရမှသာလျှင်ပြန်လည်လုပ်ခွင့်ရှိသည်၊ကျောင်းပျက်သည့်ကျောင်းသား၏ အမှတ်များကိုလျှော့ချရာ ကျောင်းအုပ်ချုပ်ရေးမင်းကြီး/စူပါအင်တန်ဒင့်၏ ခွင့်ပြုချက်ရှိမှသာပြုလုပ်ခွင့်ရှိသည်။

**င။ တစ်ရက်လုံးလုံး ကျောင်းပျက်ကွက်ခြင်း**

ကျောင်းတက်ရမည့်နေ့တွင် တရက်လုံး အတန်းတက်ရောက်ရန် ပျက်ကွက်ခြင်း။

**စ။ နေ့တစ်ဝက် ကျောင်းပျက်ကွက်ခြင်း**

ကျောင်းတက်ရမည့်နေ့တွင် နေ့ဝက် ပျက်ကွက်ခြင်း။

**ဆ။ ကျောင်းတက်သည်ဟုထဲ့သွင်းရေတွက်နိုင်သည့်ကျောင်းပျက်ကွက်ခြင်း**

၁။ အင်ဒီးယားနားပြည်နယ် အထွေထွေညီလာခံ (Indiana General Assembly) သို့တက်ရောက်ခြင်း။

၂။ ကျောင်းအုပ်ကြီး၏ခွင့်ပြုချက်အရ (၇)တန်း မှ (၁၂)တန်းကျောင်းသားများမဲရွေးကောက်ပွဲနေ့တွင်ပါဝင်ဆောင်ရွက်ခြင်း။

၃။ တရားရုံးမှခန့်အပ်ထားသူ (သို့) ခံဝန်ချုပ်ဖြင့်လွှတ်ထားသူများကိုကြီးကြပ်သည့်အရာရှိ၏စာဖြင့်တရားရုံးတက်ခြင်း။

၄။ (၁၀)ထက်မပိုသောအမျိုးသားလုံခြုံရေးတာဝန်ကိုဆောင်ရွက်ခြင်း။

၅။ အငြိမ်းစားအထွေထွေဆေးရုံ/အသက်ကြီးသူ စောင့်ရှောက်ရေးဌာန နှင့် ဆေးရုံများတွင်နေထိုင်သင်ကြားရခြင်း။

၆။ အိမ်တွင်နေထိုင်ပြီးသင်ကြားရခြင်း။

၇။ ကျောင်းအုပ်ကြီး၏ခွင့်ပြုချက်ဖြင့်လေ့လာရေးခရီးသွားခြင်း။

၈။ ကျောင်းအုပ်ကြီးနှင့်တက္ကသိုလ်များမှ ခွင့်ပြုချက်အရ ဂျူနီယာနှင့် စီနီယာကျောင်းသားများကိုတနှစ်လျှင်နှစ်ကြိမ် တက္ကသိုလ်နှင့်ကောလိပ်သို့  သွားရောက်လေ့လာခြင်း

၉။ ဘာသာရေး လေ့လာချက်များ (သို့) သင်ကြားခြင်း။
၁၀။ ကျောင်းသို့လာရာလမ်းခရီးတွင်အန္တ ရယ်ဖြစ်နိုင်သည့်အခြေအနေများကြောင့်ကျောင်းကားဌာန နှင့်ကျောင်းသားရေး ရာဌာန၊ဒါရိုက်တာတို့၏ထောက်ခံ ချက်အရ ပျက်ကွက်ခြင်း။

## ဇ။ ခွင့်ပြုချက်ဖြင့်ကျောင်းပျက်ကွက်ခြင်း (ကျောင်းအုပ်ကြီး၏ခွင့်ပြုချက်ရှိခြင်း)

၁ ။ ကျောင်းသားနေမကောင်း/ဖျားနာကြောင်းမိဘကိုယ်တိုင်အကြောင်းကြားခြင်း။
၂ ။ ဆရာဝန်နှင့်တွေ့ဆုံရန်ဆေးခန်းချိန်းဆိုချက်ရှိခြင်း။
၃။ မိသားစုအတွင်း အသည်းအသန်နေထိုင်မကောင်းဖြစ်ခြင်း။
၄။ မိသားစုတွင်းတစုံတဦးသေဆုံးခြင်း။
၅။ ကျောင်းအုပ်ကြီး၏ခွင့်ပြုချက်ကြိုတင်ယူပြီး မိသားစု(များ)ခရီးထွက်ခြင်း။(တစ်နှစ်လျှင်(၅) ရက်ကန့်သတ်ချက်ရှိသည်)
၆။ ကျောင်းအုပ်ခွင့်ပြုချက်ရသည့်အခြားကျောင်းပျက်ခြင်းများ။

## ဈ။ ကျောင်းစည်းကမ်းပျက်ကွက်မှုကြောင့်အပြစ်ပေးထားသည့်ကျောင်းသား၏ပျက်ကွက်ခြင်း

ကျောင်းပြင်ပဆိုင်းငံ့ပြစ်ဒဏ်ရရှိသောကျောင်းသား၏ပျက်ကွက်မှုများ-
၁။ ကျောင်းမှဆိုင်းငံ့ပြစ်ဒဏ်ပေးထားခြင်း
၂။ အခြားအစီအစဉ်ပရိုဂရမ်ဖြင့် ကျောင်းတက်ရန်စီစဉ်ထားသောကျောင်းသား၏ပျက်ကွက်ခြင်း

## ည။ ခွင့်မတိုင်ဘဲကျောင်းပျက်ခြင်း

၁။ ကျောင်းပြေး/ကျောင်းသို့မလာခြင်း။
၂။ ခေါင်းတွင်သန်းရှိခြင်း (သို့) ပထမနေ့တွင် ကာကွယ်ဆေး(ထိုးရန်) မပြည့်စုံခြင်း။
၃။ ကျောင်းဘတ်စ်ကား မမှီခြင်း နှင့် ဘတ်စ်ကားစီးခွင့် ဆုံးရှုံးခြင်း။
၄။ ပညာသင်နှစ် အတွင်း လက်ခံနိုင်သည့် ခွင့်ပြုချက်မရှိသော စုစုပေါင်း (၁၀) ရက်ပျက်ကွက်ခြင်း။
၅။ အရှေ့အယ်လန်ကောင်တီကျောင်းများ ကျောင်းခေါ်ချိန်ဖေါ်လစီ နှင့် မကိုက်ညီသည့်ပျက်ကွက်ခြင်း။

## ဋ။ ကျောင်းအလွန်အကျွံပျက်ခြင်း

ကျောင်းစာသင်နှစ်အတွင်းစုစုပေါင်း(၁၀)ရက်ပျက်ကွက်ပါကအောက်ပါခိုင်လုံသောအထောက်အထားများပေးရမည်
၁။ အင်ဒီးယားနားပြည်နယ်လိုင်စင်ရကျန်းမာရေးဝန်ထမ်းကိုယ်တိုင်ကျောင်းသားအားစစ်ဆေးသည့်အထောက်အထားနှင့် ပျက်ကွက်သည့်ဘာသာရပ်ဆိုင်ရာအတန်း။
၂။ နာတာရှည်ရောဂါရှိကြောင်းရေးဖြည့်ထားသောEACS ဖောင်ပုံစံ(ကျောင်းဆေးခန်း(သို့) ရုံးခန်းတွင်ရနိုင်သည်)
၃။ အလွန်အရေးကြီးသည့် အရေးပေါ် အခြေအနေကြောင့်ကျောင်းအုပ်ကြီးထံမှကြိုတင်ရရှိထားသည့် အထောက်အထား။

## ဌ။ ကျောင်းမလာခြင်း (ကျောင်းပြေးခြင်း)

အရှေ့အယ်လန်ကောင်တီကျောင်းများသည်ကျောင်းမလာခြင်းကို အောက်ပါအတိုင်း သတ်မှတ်သည်
၁။ ကျောင်းမလာခြင်း- ကျောင်းမှတာဝန်ရှိသူ(သို့) မိဘခွင့်ပြုချက်မရှိဘဲကျောင်းတရက်ပျက်ကွက်ခြင်းကိုဆိုလိုသည်
၂။ ကျောင်းသို့ပုံမှန်/အလေ့အကျင့်သဖွယ်မလာခြင်း- ကျောင်းစာသင်နှစ်အတွင်း (၄)ကြိမ်နှင့်အထက်ကျောင်းမလာခြင်း။

ကျောင်းမလာခြင်း/ကျောင်းပြေးခြင်းကို ကျောင်းစည်းကမ်းဖောက်ဖျက်ခြင်းအဖြစ်သတ်မှတ်အရေးယူသည်

၁။ ကျောင်းမလာခြင်းအတွက်တရားရုံးမှ အရေးယူရန် SOCAP အစီအစဉ်သို့ တိုင်ကြားခြင်း။
၂။ ကျောင်းသားအားယာဉ်မောင်းလိုင်စင်ပိတ်ထားရန်၊ မော်တော်ယဉ်ဌာနသို့ တိုင်ကြားမည်ဖြစ်သည်။

အိုင်စီ( ၉-၂၄)အရ အနဲဆုံးအသက်(၁၃)နှစ်၊ သို့သော်အသက်(၁၅)နှစ်အောက်ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်ခြင်း(၁၁)ရက်ဖြစ်လျှင် အသက်(၁၈)နှစ်မပြည့်မချင်း ယာဉ်မောင်းလိုင်စင် မရနိုင်ခြင်း၊ (သို့) အမောင်းသင်လိုင်စင်ခွင့်ပြုချက် (Learner Permit)ကို ထုတ်မပေးပါ၊ ကျောင်းအုပ်ကြီးတဦးသည် ကျောင်းသားတဦး၏ကျောင်းခေါ်ချိန်ကို ဖေဖော်ဝါရီ(၁)ရက်နှင့် အောက်တိုဘာ (၁)ရက်နေ့တို့တွင်ကြည့်ရှုစစ်ဆေးပြီး ထုတ်ပေးရန်ငြင်းဆိုမှုကိုပယ်ဖျက်နိုင်သည်

**ဉ။ ကျောင်းနောက်ကျခြင်း**

ကျောင်းတက်ချိန် ကျောင်းသားသည်အတန်းတွင်၌မရှိပါက နောက်ကျသည်ဟု သတ်မှတ်မည်။ ကျောင်းဘတ်စ်ကား နောက်ကျပြီးရောက်လာခြင်းကို ကျောင်းသား၏နောက်ကျခြင်းအဖြစ် မသတ်မှတ်ပါ။ နောက်ကျခြင်း ကိုကျောင်းစည်းကမ်း မလိုက်နာခြင်းအဖြဟ်သတ်မှတ်မည်၊ ကျောင်းနောက်ကျမှု (၆)ကြိမ်ဖြစ်လျှင်ကျောင်းသားအား ကျောင်းပျက်ခြင်း (၁)ရက် ရက်အဖြစ် သတ်မှတ်မည်။

**ပ။ အတန်းမတင်ခြင်း/အတန်းလစ်ခြင်း။**

ခွင့်ပြုချက်မရှိဘဲစာသင်ခန်းထဲသို့မသွားခြင်း(သို့) သတ်မှတ်ထားသည့်နေရာ/ဘာသာရပ်ဆိုင်ရာအတန်းသို့တက်ရန် ပျက်ကွက်ခြင်းကိုအတန်းမတက်ခြင်း/အတန်းလစ်ခြင်းဟု သတ်မှတ်သည်။ ခွင့်ပြုချက်မရှိလျှင်ကျောင်းသားသည်၎င်းကို သတ်မှတ်ပေးထားသည့်နေရာ/ဘာသာရပ်ဆိုင်ရာအတန်းတွင်ရှိနေရမည်၊ ထိုသို့အတန်းမတက်ခြင်းကိုကျောင်းစည်းကမ်း ချိုးဖောက်မှုအဖြစ်သတ်မှတ်သည်

**ဏ။ ခွင့်ပြုချက်မပါပဲ ကျောင်းနယ်နမိတ်မှထွက်ခွာခြင်း**

ကျောင်းအုပ်ချုပ်ရေးတာဝန်ခံ၏ခွင့်ပြုချက်မရှိလျှင် ကျောင်းနယ်နမိတ်မှမထွက်ရပါ၊ ခွင့်ပြုချက်မရှိလျှင်ကျောင်းသား များသည်ကျောင်းထဲ၌သာနေရမည်၊ ခွင့်ပြုချက်မရှိပဲ ကျောင်းနယ်နမိတ်မှထွက်ခွါခြင်းကို၊ စည်းကမ်းဖေါက်ဖျက်သည်ဟု သတ်မှတ်မည်

## အသုံးအနှုန်း အဓိပ္ပါယ်သတ်မှတ်ချက်များ

**ပညာရေးဆိုင်ရာ မရိုးသားခြင်း** - မေးခွန်းများ (သို့) စာမေးပွဲအရာပစ္စည်းများ (သို့) လွတ်လပ်သော ပေးထားသည့် စာများဖြစ်သော၊ ကျောင်းစာအုပ်ထုတ်ခြင်း (သို့) အသုံးပြုခြင်း၊ မှတ်ချက်များ (သို့) မှတ်စုစာ အုပ်ကို ဝန်ထမ်းမှခွင့်ပြုချက် မရှိပဲ အဖြေများ ပံ့ပိုးခြင်း၊ ရယူခြင်း (သို့) ပြန်လည်ကြည့်ရှုခြင်း။

**ထိရောက်သော ထုတ်ပြန်ကြေငြာချက်များ** - အခြားသူတို့၏ ထူးထူးခြားခြား ကောင်းသော၊ ဆိုးသောအပြု အမူတို့အား တုံ့ပြန်ရာတွင် ပုဂ္ဂိုလ် အမူအရာကို ဖေါ်ပြသော ခံစားချက်များနှင့်" ကျွန်ုပ်ဆိုသော ထုတ်ပြန် ချက်များ" ဆောင်ရွက်သူကို လူသားဆန်စေခြင်း၊ ကျောင်းပတ်ဝန်းကျင်တွင် ဆက်ဆံရေးများ ကောင်းမွန် တိုးတက်လာစေရန်၊ ပါဝင်ဆောင်ရွက်သူတို့ စပ်ကြား၌ အင်အားများ ချက်ချင်း ပြောင်းလဲစေရန်နှင့် မဖြစ် ဖြစ်အောင်ပြုလုပ်ခြင်းတို့ဖြစ်သည်။

**အခြားသောနည်းဖြင့် ကျောင်းတက်ရန် နေရာချထားခြင်း** - ကျောင်းသားအတွက် နေရာချထားရေးအစီအ စဉ်အဖြစ်၊ ပုံမှန်အတန်း၊ သီးသန့်အတန်းများ၊ အိမ်ညွှန်ကြားချက်များနှင့် သာမာန်ရိုးကျမဟုတ်သည့် ကျောင်းများပါဝင်သည်။ နေရာချထားရေးကို လူတစ်ဦးချင်းအပေါ်တွင် မူတည်ပြီး၊ ဆုံးဖြတ်ပေးမည်။

**ခိုက်ရန်ဖြစ်ပွါးမှု** - အခြားသူအား ရည်ရွယ်ချက်ဖြင့် ကိုယ်ခန္ဓာအား ထိခိုက်အနာတရဖြစ်စေခြင်း။

**အပြုအမူဆိုင်ရာ ကြားဝင်ဖြေရှင်းခြင်းအစီအစဉ်(BIP)** - အပြုအမူပြသနာများကို အောင်မြင်စွာ ကိုင်တွယ် ဆောင်ရွက်ရန်၊ ကျောင်းသား၊ ဝန်ထမ်းများအား ကူညီပံ့ပိုးမည့် နည်းလမ်းများ ပါဝင်သော အစီအစဉ်။

**ဖုံးခြိမ်းခြောက်မှု** - လူကိုယ်တိုင် (သို့) ဖုန်းအားဖြင့်၊ အချက်အလက်ရိုက်ပြီး ပို့ခြင်းအပါအဝင်၊ ကျိုးကြောင်းမ စီလျော်သော ကျောင်းပိုင်နက်ထဲ၌ ပေါက်ကွဲသည့်အရာများ၊ ပစ္စည်းများရှိသည်ဟု ခြိမ်းခြောက်မှုများ(သို့) မမှန်သော သတင်းများ ပြုလုပ်ဆောင်ရွက်ခြင်း။

**အနိုင်ကျင့်ခြင်းအပြုအမူ** - နိုင်လိုမင်းထက်ဆိုသည်မှာ၊ ပေါ်တင်သော၊ ထပ်တလဲလဲအပြုအမူများ (သို့) အမူအရာများ၊ (1)နှုတ်အားဖြင့်၊ (သို့) စာအားဖြင့်ဆက်သွယ်မှုများပေးပို့ခြင်း၊ (2) ကာယကျူးလွန်မှု၊ (သို့) (3) မည်သည့်အပြုအမူမဆိုကျူးလွန်မှု၊ ကျောင်းသားတစ်ဦးအား အခြားကျောင်းသားတစ်ဦး (သို့) အဖွဲ့ လိုက်ဖြင့် စော်ကားရန် ရည်ရွယ်ချက်နှင့် တော်လှန်ပုံကန်ခြင်း၊ လှောင်ပြောင်သရော်ခြင်း၊ အရှက်ခွဲခြင်း၊ ခြိမ်းခြောက်ခြင်း၊ (သို့) အခြားကျောင်းသားကို ထိခိုက်နာကျင်ခြင်း တို့ဖြစ်သည်။

**လူထုအကျိုးပြု ဝန်ဆောင်မှု** - လူထုအကျိုးပြုရန် လုပ်အားခမရှိသည့်ဝန်ဆောင်မှုဖြစ်သော စည်းကမ်းဖေါက် ဖျက်ကျူးလွန်မှုအတွက်၊ တစ်စိတ်တစ်ပိုင်း (သို့) အားလုံးသော အကျိုးဆက်များတို့ကို ဆောင်ရွက်ပေးခြင်း။

**ကွန်ပျူတာကိုအလွဲသုံးခြင်း** - အင်တာနက်၊ သီးသန့်အစီအစဉ် (သို့) ဝင်ရောက်နှောက်ယှက်ခိုးခြင်း အပါအဝင်၊ မည်သည့်ခွင့်ပြုချက်မျှ မရရှိသည်ဖြစ်စေ (သို့) မသင့်တော်သည်ဖြစ်စေ ကွန်ပျူတာကိုအသုံးပြုခြင်း။

**စည်းဝေးပွဲ** - မျက်နှာချင်းဆိုင် (သို့) ဖုန်းအားဖြင့်ဆက်သွယ်ရေး

**ပြသနာပဋိပက္ခဖြေရှင်းခြင်း** - သဘောတူညီမှုနှင့် အခြားသူများ အချင်းချင်းကြားတွင်၊ ခိုက်ရန်ဒေါသ လျော့ နည်းသွားအောင်၊ ကြားနေအဖွဲ့မှ ပြသနာများ ဖြေရှင်းရန်၊ အသုံးပြုသည့် နည်းလမ်း။

**နောက်ဆက်တွဲအကျိုးဆက်များ** - အပြုအမူ (သို့) အခြေအနေတစ်ခုမှ ထွက်လာသည့် အဖြေ၊ ရလဒ်။

**ပြုပြင်ရေးဆိုင်ရာ တုံ့ပြန်မှုများ** - သင့်လျော်သည့်၊ ပြန်လည်ပြုပြင်ပြောင်းလဲခြင်း အပြုအမူဖြစ်နိုင်ချေအား သင်ပေးရန်နှင့် တိုးတက်စေရန် ရည်ရွယ်ထားပြီး၊ မသင့်လျော်သည့် အပြုအမူအတွက် တုံ့ပြန်မှုများ။

**တရားရုံးသို့ရည်ညွှန်းပေးခြင်း** - အင်ဒီးယားနားကျောင်းဥပဒေနှင့် စည်းမျဉ်းများလိုက်နာရန် ပျက်ကွက်သည့် ကျောင်းသားကို၊ ကျောင်း (သို့) ခရိုင်စီမံခန့်ခွဲရေး တာဝန်ခံမှ၊ အယ်လန်ခရိုင်တရားရုံးသို့ ရည်ညွှန်းပေးခြင်း။

**ရာဇဝတ်အပြုအမူ** - မည်သည့်အပြုအမူမဆို၊ ဥပဒေကိုဆန့်ကျင်သော စည်းကမ်းဖေါက်ဖျက်မှုဟူ၍ သတ်မှတ်ခြင်း။

**အတန်းပြေးခြင်း(အတန်းခိုးခြင်း)** - ကျောင်းပိုင်နက်ထဲသို့ရောက်ရောက်ချင်း၊ ကျောင်းသားသည် မိမိအား သတ်မှတ်ထားသည့် အတန်းများနှင့် လုပ်ဆောင်မှုများ တက်ရောက်ပြုလုပ်ရန် မျှော်လင့်ပါသည်။ ကြိုတင်ခွင့်ပြုချက်မရပဲ၊ ပြုလုပ်ရန် ပျက်ကွက်ပါက၊ အတန်းပြေးသည်ဟု သတ်မှတ်လိမ့်မည်။

**ဆိုင်ဗာနိုင်လိုမင်းထက်မှု** -  တစ်စုံတစ်ဦး (သို့) အဖွဲ့လိုက်ဖြင့်၊ အခြားသူအား၊ ရုပ်ပိုင်းဆိုင်ရာသော်လည်း ကောင်း၊ စိတ်ပိုင်းအရသော်လည်းကောင်း ခြိမ်းခြောက်မှုပြုရန် ဆန္ဒဖြင့်၊ ထပ်တလဲလဲနှင့် ရန်လိုသောအပြု အမူများအတွက်၊ အချက်အလက်နှင့် ဆက်သွယ်ရေးကိရိယာများ အသုံးပြုခြင်း။

**ပိုင်ဆိုင်မှုများဖျက်ဆီးခြင်း (သို့) အများပိုင်ပစ္စည်းများ ဖျက်စီးခြင်း** - ကျောင်းပိုင် (သို့) အခြားသူများ၏ ပိုင်ဆိုင်မှုပစ္စည်းများကို၊ ဖျက်စီးခြင်း၊ ရိုက်ခွဲထုချေခြင်း။

**အခြားသူများအား မရိုသေလေးစားခြင်း** - အခြားသူများအား မလျောက်ပတ်သည့် ဝေဖန်ချက်များ၊ (သို့) ရုပ်ပိုင်းဆိုင်ရာ အမူအရာများ။

**လက်တွေ့ကျသော အပြုအမူ အကဲဖြတ်စစ်ဆေးခြင်း (FBA)** - အပြုအမူစီမံကိန်းချမှတ်ရန်၊ လိုအပ်သည့် အချက်အလက်များကို စုဆောင်းရန်၊ လုပ်ဆောင်မှုအတွက် အကဲဖြတ်စစ်ဆေးခြင်း။

**တစ်ဦးချင်း ပညာရေးစီမံကိန်း (IEP)**  - ကျောင်းသားများ သီးသန့်ပညာရေးအတွက်၊ ဦးတည်ချက်များ၊ ကူညီထောက်ပံ့မှုများ၊ ဝန်ဆောင်မှုများနှင့် ပန်းတိုင်၏ အတိုင်းအတာ ပမာဏအတွက်၊ စစ်ဆေးမှုဖြစ်စေ၊ အောင်မြင်ခြင်းပန်းတိုင်များသို့ လှမ်းနေသည့် တိုးတက်မှုအတွက် ဝေဖန်ချက်ဖြစ်စေ၊ တောင်းဆိုထားသော စီမံကိန်း။

**မနာခံခြင်း**- တစ်စုံတစ်ဦး၏ ဩဇာအာဏာအောက်မှ၊ ညွှန်ကြားချက်များကို လိုက်နာရန် ငြင်းဆိုခြင်း။

**ကြားဝင်ဖြေရှင်းခြင်း** -   ပုံမှန်ညွှန်ကြားချက်များမအောင်မြင်သည့်အခါတွင်၊ ကျောင်းသားတစ်ဦးအား ရည်ရွယ်ချက်အတွက် သင်ပေးရန် အသုံးပြုသော နည်းဗျူဟာ (သို့) ဖြည့်စွက်မှု။

**ဥပဒေကျူးလွန်မှုများ** - ဥပဒေများ မလိုက်နာသည့်အခါ ဖြစ်ပေါ်လာသော အဖြစ်အပျက်များ။

**အခွင့်ထူးများ ရုံးဆုံးခြင်း** - EACS အပြုအမူစည်းကမ်းကျူးလွန်ခြင်း နောက်ဆက်တွဲအဖြစ်၊ ကျောင်းသား တစ်ယောက်သည်၊ ကျောင်းအစီအစဉ်နှင့်လုပ်ဆောင်မှုများ၌ ဝင်ရောက်ရန် အခွင့်ထူးများ ရုံးဆုံးနိုင်သည်။

**လမ်းညွှန်အကြံပြုပေးခြင်း** - အချိန်ကာလတစ်ခုတွင်၊
အခြားတစ်စုံတစ်ယောက်ကို၊ ကောင်းသောပုံ ဆောင်သူတစ်ဦးအဖြစ်၊ လမ်းပြညွှန်ကြားခြင်း၊ အကြံပြုခြင်း၊ နားထောင်ပေးခြင်းတို့၏လုပ်ရပ်။

**ကောင်းသောအပြုအမူအတွက်ဝင်ရောက်ဖြေရှင်းခြင်းနှင့် ထောက်ပံ့မှုများ (PBIS)** - ကျောင်းနယ်ပယ်တစ်ခု လုံးအပြုအမူအတွက် စီမံခန့်ခွဲမှု ဘောင်အတွင်း၌ ကာကွယ်ရေးနှင့် ကြားဝင်ဖြေရှင်းခြင်း၏ သတ်မှတ်ချက် သုံးမျိုးဖြင့် ပြုလုပ်ထားသည့် ပုံစံနမူနာ။

**လူထုဝန်ဆောင်မှုများသို့ရည်ညွှန်းပေးခြင်း** - ကျောင်းသားနှင့် မိသားစုများအတွက်၊ ဝန်ဆောင်မှုများပံ့ပိုးပေး သည့် လူထုအတွက်အဖွဲ့အစည်းများသို့ ရည်ညွှန်းခြင်း။

**အရာရှိ-ပုလိပ်သို့ တိုင်ကြားနိုင်သော** - တရားမဝင် ကျူးလွန်မှု (သို့) အခြားသူအား ထိခိုက်ဒဏ်ရာရစေလျှင်၊ ပုလိပ်ကို တိုင်ကြားရန် တောင်းဆိုထားပါသည်။

**တုံ့ပြန်ပေးသည့် ပိုင်းတော်သားများ** - စီးပွါးရှင်အားလုံး၊ မတရားပြုမူခြင်း ခံစားရသည့်အခါ၊ မတရားမှု အတွက်၊ မည်သို့အကျိုးသက်ရောက်စေသည့်အကြောင်းနှင့် ထိခိုက်နစ်နာမှုကိုပြုပြင်ရန် မည်သို့ဆောင်ရွက် သင့်သည်ဆိုသည့် အခွင့်အရေးရရှိသော နည်းလမ်း။

**ပြန်လည်သင့်မြတ်ရေး မေးခွန်းများ** - ခက်ခဲသော အပြုအမူပြသနာများအတွက် ရှင်းပြရန်နှင့် ဖြေရှင်းရန်အ တွက်ဖြစ်စေ၊ တစ်စုံတစ်ဦးမှ အခြားသူတစ်ဦး၏ အပြုအမူများကြောင့် ထိခိုက်နစ်နာမှုများကို ဖြေရှင်းရန် ပြင်ဆင်ပြုလုပ်ထားသော သီးသန့်မေးခွန်းတစ်စု။

**လျော်ကြေး** - အခိုးခံရသည့် (သို့) ပျက်စီးသွားသည့်ပစ္စည်းအား အစားထိုးခြင်း(သို့)လျော်ပေးခြင်း (သို့) ဝန်ဆောင်ပေး ခြင်းနည်းလမ်းဖြင့်၊ သင့်တော်သည့် ဈေးကွက်တန်ဖိုးအတိုင်း ပေးခြင်း။

**ချိန်းဆိုချက်ပြုပြင်ရေး** - ကျောင်းသားနေ့စဉ် အချိန်ဇယား၌ ပြုပြင်ပြောင်းလဲမှု

**လိင်ပိုင်းဆိုင်ရာခံယူမှု နှောက်ယှက်ခြင်း** - တစ်စုံတစ်ယောက် (သို့) လူစုတစ်စုအား၊ မိမိတို့၏လိင်ပိုင်းဆိုင် ရာဆွဲဆောင်မှု (သို့) ဆန့်ကျင်ဘက်လိင် (သို့) လိင်တူအဖွဲ့ဝင်အား၊ တုံ့ပြန်မှုများအပေါ်တွင်၊ မကောင်းသော အတွေးအခေါ် (သို့) စိတ်နေသဘောထား။

**ခိုးခြင်း** - ပိုင်ရှင်ခွင့်ပြုချက်မရှိသော (သို့) မသိသော်လည်းကောင်း၊ ပစ္စည်းကို ပိုင်ရှင်အသုံးမပြုနိုင်အောင် ပိတ်ပင်ထား ဆီးရန် ဆန္ဒနှင့်၊ အခြားသူ၏ပိုင်ဆိုင်မှု (သို့) ငွေများကို ရယူခြင်း (သို့) ကြိုးပမ်းအားထုတ်ခြင်း။

**နှောက်ကျမှုများ** - ကျောင်းသို့အတန်းသို့နောက်ကျပြီးရောက်လာခြင်း။

**ဆေးရွက်ကြီးပါသော ကုန်ပစ္စည်းများ** - အကန့်အသတ်မရှိ၊ ဆေးရွက်ကြီးများပါဝင်သည့် ကုန်ပစ္စည်းတို့မှာ၊ စီးဂရက်များ၊ စီးကားဆေးရွက်ကြီးပါသည့်ဆေးတံ၊ ရှူခြင်း၊ ဆေးရွက်ကြီးဝါးခြင်း (သို့) အငွေ့မဲ့ဆေးရွက်ကြီး။

**ကျူးကျော်ဝင်ရောက်မှု** - ဆိုင်းငံ့ထားခြင်း (သို့) ကျောင်းမှထုတ်လိုက်ခြင်းခံရသည့်အချိန်အတွင်း၊ ခွင့်ပြု ချက်မရှိပဲ ကျောင်းနယ်မြေအတွင်းသို့ ဖျက်ဆီးခြင်းနှင့် ဝင်ရောက်ခြင်း။

**ကျောင်းပြေးခြင်း** - ကျောင်းမှ ခွင့်မပြုထားသော ပျက်ကွက်မှု။

## EACS – မိဘများ၏ အပြုအမူများ

အရှေ့အယ်လန်ခရိုင်ကျောင်းအဖွဲ့အစည်းနှင့်ကျောင်းနာယကများအဖွဲ့ချုပ်တို့မှ၊ ပညာရေးအစီအစဉ်ထဲတွင်၊ အချိန်ပို ဆောင်ရွက်မှုများ တန်ဖိုးကိုလည်းကောင်း၊ ထုံးစံအတိုင်းဖြစ်သော စာသင်ခန်းပြင်ပမှ၊ လှုပ်ရှားမှုများတွင်ပါဝင်ဆောင်ရွက် ရန်အခွင့်အရေးရရှိသည့်အခါ၊ လူငယ်များတိုးတက်ဖွံ့ဖြိုးမှု၏ တန်ဖိုးကိုလည်းအသိအမှတ်ပြုသည်၊ အားကစားသမားများ နှင့် နည်းပြတို့သည် အတန်းထဲ၌၎င်း၊ အားကစားကွင်း ၌၎င်း၊ မိမိကိုယ့်ကိုယ် တူညီသည့် စိတ်သဘောထား အတိုင်းပြုရန် တောင်းဆိုထားပါသည်။ ရည်မှန်းထားသည့်အပြုအမူအရ၊ အားကစားသမားများနှင့် နည်းပြများလိုက်နာရမည့်နည်းတူ၊ လူကြီးမိဘအပြုအမူများအတွက်၊ အောက်ပါ သတ်မှတ်ချက်များ ထားရှိရန်မြို့နယ်တွင်တာဝန်ရှိသည်။

၁။ အားကစားပွဲတွင်၊ ရိုင်းစိုင်းသော ဝေဖန်ချက်များကို အရာရှိများ၊ နည်းပြများ၊ အားကစားသမားများ (သို့) မည်သည့် အဖွဲ့မဆို (သို့) မိဘနှင့် ပရိသတ်တို့အား ပြောဆိုပြုလုပ်ခြင်းကို လက်မခံပါ။
၂။ အားကစားပွဲတွင်၊ လူထုထဲမှ ဆဲရေးတိုင်းထွားခြင်းကို လက်မခံပါ။
၃။ အားကစားပွဲသို့ အရက်မူးပြီးလာရောက်ခြင်းကို လက်မခံပါ။
၄။ အခြားသောမည်သည့်ပုံစံမဆို ရန်မူလိုသော အဖြစ်ကို လက်မခံပါ။
၅။ မိဘများသတိထားရမည်မှာ၊ ဝင်ရောက်ပါဝင်ခြင်းသည် အခွင့်ထူးတစ်ရပ်ဖြစ်ပြီး၊ အခွင့်အရေးတစ် ရပ်မဟုတ်ပါ။ မည်သူသည် အဖွဲ့တွင်ထားမည်၊ မည်သူပါဝင်ရန်နှင့် ပါဝင်သူလူဦးရေတို့အတွက်၊ နောက်ဆုံး ဆုံးဖြတ်ချက်ကို နည်းပြမှပြုလုပ်ရမည်။ ဤအချက်များနှင့်ပတ်သက်ပြီး မည်သည့်အား ကစားပွဲ (သို့) လေ့ကျင့်ရေးပြုသည့်အချိန်တွင်၊ နည်းပြအား ရင်ဆိုင်ခြင်းကို လက်မခံပါ။ အထက် သတ်မှတ်ချက်များအား မည်သည့်မိဘများမဆို ကျူးလွန်ပါက၊ အရှေ့အယ်လန်ကောင်တီကျောင်းများကအောက်ပါတားမြစ်ချက်များသတ်မှတ်သည်
၆။ နှုတ်အားဖြင့် (သို့) စာရေးပြီး သတိပေးခြင်း
၇။ ပြိုင်ပွဲထဲမှ (သို့) ကျောင်းနယ်နမိတ်အတွင်းမှ ထုတ်ပယ်ခြင်း။
၈။ EACS ကိုယ်စား **ဝင်ရောက်ဖြတ်သန်းခွင့်မပြုရ** ဆိုသည့်အကြောင်းကြားစာပေးပို့မည်။

## EACS ပိုးမွှားကာကွယ်ထိန်းချုပ်ရေး စာရင်းမှတ်ပုံတင်ခြင်းလျှောက်လွှာဖောင်ပုံစံ

မိဘများနှင့် ဂန်ထမ်းများသည် ကျောင်းချိန်အတွင်း ပိုးသတ်ဆေးအသုံးပြုခြင်းအသိပေးကြေငြာချက်များကို ကြိုတင်ရရှိလိုပါက၊ EACS Pest Control Registry ဟုခေါ်သော ပိုးမွှား ကာကွယ်ထိန်းချုပ်ရေး မှတ်ပုံတင်ခြင်းစာရွက်ကို ဖြည့်စွက်ရမည်။

*အောက်တွင်ဖော်ပြချက်များကိုပြည့်စုံစွာရေးဖြည့်ပြီး EACS ပိုးမွှားကာကွယ်ထိန်း ချုပ်ရေး မှတ်ပုံတင်စာရင်းသွင်းရန် လက်ရေးဖြင့်ရေးသားဖော်ပြပေးပါ*

**ကျောင်း** ______________________________________________

**တောင်းဆိုမှုပြုသည့်တဦးချင်းအမည်** ______________________________________________

**အိမ်လိပ်စာ**______________________________________________

**အီးမေးလ်** ______________________________________________

**တဦးချင်းလက်မှတ်** ______________________________________________

**နေ့စွဲ** ______________________________________________

**EACS အဆောက်အဦး/ထိန်းသိမ်းရေးဌါနသို့ ပေးပို့ရန် ဤဖောင်ပုံစံကို ကျောင်းရုံးခန်းသို့ ပေးအပ်ပါ**

## လမ်းညွှန်စာအုပ်အကြောင်းအရာအချက်အလက်
## ဖော်ပြချက်ကို ကန့်ကွက်ခြင်း

ကျောင်းသားအမည် ____________________________________________

ကျောင်းသား၏ကျောင်းအမည် ______________________________________

သီးသန့်ကြိုတင်ခွင့်ပြုချက်မရှိဘဲအောက်ပါခေါင်းစဉ်များအတွင်းမှ မဖော်ပြလိုသောအချက်များရှိအမှတ်စဉ်များကိုဝိုင်းပြီး ကျောင်းရုံးခန်းသို့ ဤဖောင်ပုံစံကိုပေးပို့ပါ။

၁။ ကျောင်းသူ၊သားအမည်
၂။ နေရပ်လိပ်စာ
၃။ ဖုန်းနံပါတ်
၄။ မွေးဖွားရာနေရာနှင့် မွေးနေ့
၅။ ထူးချွန်မှုနှင့် ဆုများ
၆။ တက်ရောက်သည့်နေ့စွဲ
၇။ ကိုယ်အလေးချိန်နှင့်အရပ်အမြင့် (အားကစားအစီအစဉ်များနှင့် ထုတ်ဝေရေးသားခြင်းအတွက်)
၈။ ဓါတ်ပုံများ (အားကစားနှင့်၊ အချိန်ပိုသင်ရိုးညွှန်းအစီအစဉ်များနှင့် ထုတ်ဝေရေးသားရန်အတွက်)
၉။ ရရှိခဲ့သေ အောင်လက်မှတ်များ (ဒီပလိုမာ)

မိဘလက်မှတ် ______________________________________________

နေ့စွဲ ___________________________________________________

ခံစားခွင့်ရှိသောကျောင်းသူ/သားလက်မှတ် ____________________________

လက်ရှိအတန်း______________________ မွေးနေ့_________________

# စစ်သားစုဆောင်းခန့်ထားရေးမှူးများအားကျောင်းသား၏ကိုယ်ရေးအချက်အလက်များပေးအပ်ရန် ငြင်းဆိုသည့်အသိပေးအကြောင်းကြားစာ

ကလေးများအောင်မြင်မှုရရှိရေးဥပဒေအရဒေသတွင်းပညာရေးအေဂျင်စီများအားလုံးသည်ဖက်ဒရယ်၏ရံပုံငွေထောက်ပံ့မှုဖြင့် စစ်သားစုဆောင်းခန့်ထားရေးမှူးများကတောင်းဆိုလာလျှင်ဂျူနီယာ၊စီနီယာကျောင်းသားများ၏အမည်၊လိပ်စာ၊ဖုံးနံပါတ်များပေး ရမည်၊စစ်သားစုဆောင်းခန့်ထားရေးမှူးများတွင်ထိုအချက်အလက်များကိုတောင်းဆိုခွင့်ရှိသည်၊သို့သော် ကျောင်းသား(သို့)မိဘ ကထိုအကြောင်းအရာများကိုမဖော်ပြလို၍အမည်စာရင်းထဲမှပယ်ဖျက်ပေးရန်တောင်းဆိုနိုင်သည်၊ထိုအချက်ကို "သတင်းစု ဆောင်းသည့်စာရင်းစာအုပ်"ထဲတွင် ဖော်ပြထားသည်

အောက်တွင်ဖေါ်ပြပါ ကျောင်းသား၏အမည်၊ နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်များကို တပ်သားစုဆောင်းရေးဌါနသို့ **မဖေါ်ပြရန်** ကျွန်ုပ်အနေဖြင့် တောင်းဆိုပါသည်။

*ကျေးဇူးပြု၍ ထင်ရှားစွာ ရေးပါ*

ကျောင်းသားအမည် ______________________________________________

ကျောင်းသား၏ကျောင်းအမည် ______________________________________________

ကျောင်းသားအိုင်ဒီနံပါတ် ____________________________________________

မွေးနေ့ ________/________/_________
လ၊ ရက်၊ ခုနှစ်

လက်မှတ် ______________________________________________________

သင်သည်အထက်ဖော်ပြပါ ကျောင်းသားဖြစ်ပါသလား။ ဟုတ်ပါသည် ☐ မဟုတ်ပါ ☐

သင်သည်အထက်ဖော်ပြပါ ကျောင်းသား၏မိဘ၊ အုပ်ထိန်းသူဖြစ်ပါသလား။ ဟုတ်ပါသည် ☐ မဟုတ်ပါ ☐

*ကျေးဇူးပြုပြီး၊ ဤစာရွက်ကို သင့်ကျောင်း ညွှန်ကြားရေးရုံး၌ါနသို့ ပြန်ပို့ပေးပါ။*

## **သတင်းပြန်ကြားရေးမှဗီဒီယိုရိုက်ခြင်း၊ ဓာတ်ပုံရိုက်ခြင်းနှင့်တွေ့ဆုံမေးမြန်းခြင်းအတွက်ခွင့်ပြုချက်**

ပညာရေး(သို့) ပြင်ပလုပ်ဆောင်မှုများအတွက် သတင်းပေးပို့ရန် မြို့အတွင်းရှိ အသံလွှင့်ဌာန နှင့် ပုံနှိပ်ဌာန မှလူထုဆက်သွယ်ရေးများအား အရှေ့အယ်လန်ကောင်တီကျောင်းများမှ မကြာခဏ ဖိတ်ကြားပါသည်။ အများ ပြည်သူ သိရှိနိုင်ရန်မြို့နယ်မှ ထုတ်ပြန်ကြေငြာချက်များကို အရှေ့အယ်လန်ကောင်တီမှ လူထုဆက်သွယ်ရေးမှုး အနေဖြင့် လုပ်ဆောင်ပါသည်။

ဤသတင်းထုတ်ပြန်ချက်များမှာ ဗီဒီယို ရိုက်ခြင်း၊ ဓာတ်ပုံနှင့်၊ သို့မဟုတ် ကျောင်းသားများအား လူတွေ့ဆုံမေးမြန်းခြင်းများ ဖြစ်သည်။ ကျောင်းသားများ၏ပထမ အမည်နှင့်နောက်ဆုံးအမည်များဖြင့် ဖော်ပြမည် ဆောင်ရွက်လုပ်ရှားမှု သတင် းအချက်အလက်များ ကို စာဖြင့်ကြိုတင်ခွင့်ပြုချက်မရှိပဲ သင်သည် သင့်ကလေးကို**မပါဝင်လိုလျှင်** အောက်ပါ ပုံစံကိုရေးဖြည့်ပြီး သင့်ကလေး၏ဂိုက်ဒင့်စ်/ညွှန်ကြားရေးဌာနသို့ **ဩဂုတ်လ (၃၁) ရက် ၂၀၂၀** နေ့ ကိုနောက်ဆုံးထားပြီးပြန်ပို့ပါ

အကယ်၍ ဤပုံစံကို **ပြန်မပို့လျှင်** သင့်ကလေး၏ ကောင်းသော ပညာရေး ပြင်ပဆောင်ရွက်သည့် သတင်း ဖော်ပြချက်များကို ခွင့်ပြုသည်ဟု ယူဆမည်

---

စာဖြင့်ကြိုတင်ခွင့်ပြုချက်မရှိပဲ ဆောင်ရွက်လုပ်ရှားမှု သတင်းအချက်အလက်များတွင် ကျွန်ုပ်ကလေးကို ကျေးဇူး ပြုပြီး **မထည့်ပါနှင့်။**

*ကျေးဇူးပြု၍ ထင်ရှားစွာ ရေးပါ။*

ကျောင်းသားအမည် ____________________________________________

ကျောင်းသား/သူ၏ကျောင်းအမည် ____________________________________

မိဘလက်မှတ် ____________________________________________

ရက်စွဲ ____________________________________________

## အရှေ့အယ်လန်ကောင်တီကျောင်းများ
## ကျောင်းသား/မိဘ အသိအမှတ်ပြု ဖောင်ပုံစံ

အရှေ့အယ်လန်ကောင်တီကျောင်းများ၏ကျောင်းပြန်တက်သည့်လမ်းညွှန်စာအုပ်၏ သတင်းအချက်အလက် ညွှန်ကြားချက်၊ မြို့နယ်ပြက္ခဒိန်နှင့် (စွန့်လွှတ်) ငြင်းပယ်သည့် ပုံစံမိတ္တူများကိုရရှိပြီး ဖြစ်ကြောင်း အောက်တွင်လက်မှတ်ထိုးခြင်းဖြင့်ကျွန်ုပ်တို့သိရှိပါသည်

____________________ __________ __________________________

ကျောင်းသားလက်မှတ် အတန်း ကျောင်းအမည်

____________________ __________________________

ရက်စွဲ မိဘလက်မှတ်

*အောက်ပါဖောင်ပုံစံဖြတ်ပိုင်းကို ကျောင်းသား၏ဂိုက်ဒင့်စ်ဌာနသို့ ပြန်ပို့ပါ*

---

## အရှေ့အယ်လန်ကောင်တီကျောင်းများ
## ကျောင်းသား/မိဘ အသိအမှတ်ပြု ဖောင်ပုံစံ

အရှေ့အယ်လန်ခရိုင်ကျောင်းများမှ ကျောင်းပြန်တက်သည့် သတင်းအချက်အလက် ညွှန်ကြားချက်၊ ခရိုင်ပြက္ခ ဒိန်နှင့် (စွန့်လွှတ်) ငြင်းပယ်သည့် ပုံစံမိတ္တူများကို ရရှိပြီး ဖြစ်သည့်အကြောင်း အောက်ပါလက်မှတ် ထိုးခြင်းဖြင့် ကျွန်ုပ် အသိအမှတ်ပြုပါသည်။

____________________ __________ __________________________

ကျောင်းသားလက်မှတ် အတန်း ကျောင်း

____________________ __________________________

ရက်စွဲ မိဘလက်မှတ်

# မိဘများနှင့်ကျောင်းသားအားကစားသမားများခေါင်းထိခိုက်မှုကြောင့်သတိမေ့ခြင်းအကြောင်းအရာ သိမှတ်ခြင်းနှင့် လက်မှတ်ထိုးသည့်ဖောင်ပုံစံ

ကျောင်းသားအားကစားသမား၏ အမည် (ကျေးဇူးပြု၍ ထင်ရှားစွာရေးပါ)____________________________________________

ပါဝင်သောအားကစား (အကယ်၍ သိလျှင်) ____________________________________________________

နေ့စွဲ __________________________

ကျောင်းသားအားကစားသမားများ-ခေါင်းထိခိုက်၍သတိမေ့ခြင်းနှင့်ဦးခေါင်းထိခိုက်ဒဏ်ရာများ (အိုင်စီ ၂၀-၂၄-၇) ဥပဒေအသစ်အရ ကျောင်းသားအားကစားသမားများနှင့်၎င်း၏မိဘများအား ခေါင်းထိခိုက်၍ သတိမေ့ခြင်းနှင့် ဦးခေါင်းထိခိုက်ဒဏ်ရာများရရှိခြင်း၏ သဘောသဘာဝ နှင့်ဘေးအန္တရာယ်များဖြစ်သည့် သတိမေ့ခြင်း(သို့) ခေါင်းတွင် ဒဏ်ရာရပြီး ဆက်လက်ကစားခြင်း အကြောင်းကို ကျောင်းအနေဖြင့် ပညာပေးရန် နှင့် သတင်းပေးရန် လိုအပ်ပါသည်။ ဥပဒေများအရ နှစ်စဉ်နှစ်တိုင်း-ပညာရေးအတွက် (သို့) အသင်းအဖွဲ့ အချင်း ချင်း ယှဉ်ပြိုင်မှုများအတွက် လေ့ကျင့်ခြင်းများ မစတင်ပ်မီ အထက်တန်းကျောင်းသား အားကစားသမားများနှင့် ကျောင်းသား အားကစား သမား မိဘများအား သတင်းအချက်အလက် ပေးရမည်ဖြစ်ပြီး နှစ်ဦးစလုံးလက်မှတ်ထိုး၍ အသိအမှတ်ပြုသည့်ပုံ စံ သတင်းအချက်အ လက်ကို ကျောင်းသားနည်းပြထံသို့ ပို့ပေးရမည်။ ပြီးလျှင် ဥပဒေ ပြဌာန်းချက်များ ထပ်မံထုတ်ပြန်ချက်အရ ကစားပွဲ (သို့) လေ့ကျင့်သည့် အချိန် အတွင်း ဦးခေါင်းထိခိုက်ဒဏ်ရာရခြင်း (သို့) သတိမေ့သည့်အခြေအနေကို သံသယရှိလျှင် ဒဏ်ဖြစ်သည့်အချိန်မှစပြီး ကစားခြင်းမှ နုတ်ပယ်ခြင်း ခံရမည်ဖြစ်၍ ခေါင်းထိခိုက်၍သတိမေ့ခြင်းနှင့် ဦးခေါင်းထိခိုက်ဒဏ်ရာများကို ပိုင်နိုင်ကျွမ်းကျင်စွာ လေ့ကျင့်ထားသည့်ဆေး ကုသမှုဌာနမှလိုင် စင်ရသည့် သူများထံမှ စာရေးသည့်ခွင့်ပြုချက်ရမှသာလျှင် အားကစားပြန်လည်ပြုလုပ်နိုင်ပါသည်။

မိဘ-ကျေးဇူးပြု၍ပူးတွဲပါသည့်အကြောင်းအရာများကိုဖတ်ပါ။ “Heads Up – Concussion in High School Sports – A Fact Sheet for Parents” အထက်တန်းကျောင်းအားကစားများတွင်ဖြစ်သည့်ခေါင်းထိခိုက်၍သတိမေ့ခြင်းနှင့် မိဘများအတွက် အကြောင်းအရာအချက်အလက်များနှင့် “Heads Up – Concussion in High School Sports – A Fact Sheet for Athletes” အထက်တန်းကျောင်းအားကစားများ တွင်ဖြစ်သည့် ခေါင်း ထိခိုက်၍သတိမေ့ခြင်းနှင့် အားကစားသမားများအတွက် အကြောင်းအရာအချက်အလက်များကိုဖတ်ပါ။ ဤအကြောင်းအရာ အချက်အလက် များကိုဖတ်ပြီးလျှင် အောက်ဖော်ပြပါအပိုင်းကို လက်မှတ်ထိုး၍ သင့်ကလေးအနေဖြင့် မိတ္တူကို လက်မှတ်ထိုးရန် သေချာစွာကြည့်ရှု ပေး ပါ။ လက်မှတ်ထိုးပြီးလျှင် သင့်ကျောင်းသားအားကစားသမားအား ဤပုံစံကို သူ၊သူမ၏နည်းပြထံသို့ ပြန်ပေးရမည်

ကျွန်ုပ်သည်အထက်ဖော်ပြပါ အားကစား၌ ပါဝင်မည့်ကျောင်းသားအားကစားသမား ဖြစ်ပါသည်။ကျွန်ုပ်သည် ကျောင်းသားအားကစားသမား သတင်းအချက်အလက်များကို လက်ခံရရှိပြီး အကြောင်းအရာများကို ဖတ်ပြီးပါပြီ။ ခေါင်းထိခိုက်၍ သတိမေ့ခြင်းနှင့် ဦးခေါင်းထိခိုက်ဒဏ်ရာ များရရှိခြင်း၏ သဘောသဘာဝနှင့် ဘေးအန္တရာယ်များ ဖြစ်သည့် သတိမေ့ပြီး သို့မဟုတ် ခေါင်းတွင်ဒဏ်ရာရပြီးလျှင် ဆက်လက် ကစားခြင်းမှ ရရှိသည့် အန္တရာယ်များကို ကျွန်ုပ်နားလည်သည်။

________________________________________ __________________

**(ကျောင်းသားအားကစားသမား၏လက်မှတ်)** **(ရက်စွဲ)**

အထက်ဖော်ပြပါကျောင်းသား၏မိဘသို့မဟုတ်အုပ်ထိန်းသူဖြစ်သည့် ကျွန်ုပ်သည် ကျောင်းသားအားကစားသမားသတင်းအချက်အလက်များ ကိုလက်ခံရရှိပြီး အကြောင်းအရာများကို ဖတ်ပြီးပါပြီ။ ခေါင်းထိခိုက်၍ သတိမေ့ခြင်းနှင့် ဦးခေါင်းထိခိုက်ဒဏ်ရာများ ရရှိခြင်းအကြောင်း နှင့် ဘေးအန္တရာယ်များဖြစ်သည့် သတိမေ့ခြင်း(သို့) ခေါင်းတွင်ဒဏ်ရာရပြီးလျှင် ဆက်လက်ကစားခြင်းမှ ရရှိသည့် အန္တရာယ်များကို ကျွန်ုပ်နားလည်သည်။

________________________________________ __________________

**(မိဘ (သို့)အုပ်ထိန်းသူ၏ လက်မှတ်)** **(ရက်စွဲ)**